
www.burmeseclassic.com



www.burmeseclassic.com

## နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဂန္ဓာရီဝိဇ္ဇာ

# သချိုင်းကုန်းမှအပင်ခြောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၂၀၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၁၀၀၁၁၀
၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓဝေါ်မြိုင်စာပေ၊ (မြ-၀၉၄၈)၊
အမှတ်(၁၁၃)၊ ရွှေပြည်သာလမ်း၊ (၆)ရပ်ကွက်၊ သာကေတ။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးမြင့်ဝေ (၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊
အမှတ်(၁၈၂)၊ (၃၁)လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ်(၅၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ရ၉၅ • ၈၃
ဂန္ဓာရီဝိဇ္ဇာ
သချိုင်းကုန်းမှအပင်ခြောက်ကြီး / ဂန္ဓာရီဝိဇ္ဇာ။ - ရန်ကုန်၊
ဂန္ဓဝေါ်မြိုင်စာပေ၊ ၂၀၀၉ ။
၁၃၄ - စာ ၊ ၁၃ ၈ X ၂၀၇ စင်တီ။
(၁) သချိုင်းကုန်းမှ အပင်ခြောက်ကြီး

# ပါဝင်သည့်အခန်းဆဉ်များ

၁။ သုသာန်ကုန်းမှသစ်ပင်ကြီး
၂။ တစ္ဆေသရဲမှကြောက်သူ
၃။ တစ္ဆေသစ်ပင်ကြီးက ဝိညာဉ်များ
၄။ ချစ်သူချိန်းဆိုရာ
၅။ သုသာန်ကုန်းက ညတစ်ည
၆။ အနူလက်နဲ့ရွှေခွက်
၇။ ဆံပင်ဖားလျားကြီး
၈။ သရဲမကုပ်ချိုး၍သေသူ
၉။ သုသာန်ကုန်းက မိန်းကလေး
၁၀။ ဝိညာဉ်တာဝ

www.burmeseclassic.com


၁၁။ သုသာန်ထဲက အလောင်း

၁၂။ အလောင်းခြောက်လှန့်ခြင်း

၁၃။ ထူးဆန်းသောလူကြီး

၁၄။ မဋ္ဌိပကွာရန်မီး

၁၅။ လျှို့ဝှက်သော ညတစ်ည

၁၆။ သုသာန်ထဲက ဆံပင်ဖားလျားကြီး

၁၇။ အဖြစ်အပျက်တို့ နိဒါန်း

၁၈။ အစသို့ ပြန်လည်


## သုသာန်တန်းမှ သစ်ပင်ကြီး

ညနေခင်း၏ လင်းရှက်တောက်ပနေသော ပုစွန်ဆီရောင်နေလုံးကြီးသည် တဖြည်းဖြည်းဖျော့မှိန်စပြုလာလေပြီဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် တိမ်တောက်ချိန်ပမာ အလင်းလက်ကျန်တို့ဖြင့် ကြွင်းကျန်နေဆဲပင် ရှိသေးသည်။

လုံးဝအမှောင်ကျူးသန်းလာသည်တော့ မဟုတ်ချေ။

သို့သော်လည်း ဘုရားကျွန်ရွာလေးတစ်ပိုက်မှာတော့ ညနေခင်းအိပ်တန်းတက် ကျေးငှက်သာရကာတို့၏ ပျော်မြူးသံ ကျီစယ်နှုတ်ဆွန်းဆက်သံတို့က ထုံးစံကျ ဂီတသံစဉ်တစ်ခုနှယ် ဆူညံလျှက်ရှိ၏။ တချို့ရွာသားတို့လည်း ထန်းတောမှာ လူစုံနေကြပြီ။

ရွာ၏အနောက်ဘက်ကွင်းစပ် ထန်းတောကနေလှမ်းကြည့်လျှင် ရွာအနောက်စူးစူးရှိ သစ်ပင်အုပ်များအလယ်ကနေ ကြီးမားမြင့်မားစွာ ကိုင်းရွက်များအုပ်လျှက် ထိုးထွက်နေသည့် သစ်စေးပင်ကြီးအား တွေ့မြင်နေရလေသည်။ သစ်ပင်ကြီး၏သက်တမ်းမှာ မည်မျှရှေးမည်မျှပင် ကြာမြင့်လေပြီမသိပေ။

---

ခိုရင့်အောင်စာပေ

www.burmeseclassic.com



ခတ်ထုရော်ကြမ်းရှသော အဖုအထစ်များ အကြောအပြိုင်များ ရုထစ်ကြွလျှက် ကိုင်းအခက်အချို့နေရာများ၌လည်း ပင်စည်ဂလိုဏ်ကြီးများ အခေါင်းပေါက်ငယ်တချို့လည်းရှိကြသည်။ ထိုကြားထဲ သန်မာကြီးမားသည့် နွယ်အိန်းကြီးများ ထပ်ပါးပင်ငယ်များကလည်း ပင်စည်ကိုင်းခက်များတွင် တွဲရရွဲ တွယ်ကပ်ပေါက်ရောက်နေကြလေသည်။

ထူးခြားမှုတစ်ခုမှာ သစ်ပင်ကြီး၏အောက်ခြေ အမြစ်ပြိုင်းများနှင့် ပင်စည်လုံးပတ်၌ လူတစ်ရပ်ခန့်ကြီးမားကျယ်ဝန်းသည့် သစ်ခေါက်ပေါက်ကြီးတစ်ခု တည်ရှိနေခြင်းပင်။ ယင်းမြင့်မားအုပ်ဆိုင်းနေသည့် သစ်စေးပင်ကြီး၏သက်တမ်းကိုမူ ဘုရားကျွန်ရွာတွင်းရှိ ရှေးမိနောက်မီသက်ကြီးရွယ်အိုများပင် ရေရာတိကျစွာ မပြောဆိုနိုင်ပါသော်လည်း အချို့ကမူ သူတို့ငယ်စဉ်ကလေးရွယ်ကပင် ယင်းသစ်စေးပင်ကြီးသည် တည်ရှိနေခဲ့သည်ဟု ဆိုလေသည်။

အချို့ကလည်း မြင်နေရသည့် ယင်းသစ်စေးပင်အိုကြီးသည် တောစိုးသစ်ပင်ကြီးဖြစ်ပြီး မမြင်အပ်သည့် အစောင့်အရှောက်နာနာဘာဝ ပရလောကသားများရှိသည်ဟု ယုံကြည်ကြသည်။ လက်တွေ့မယုံ၍ ကြုံဖူးသူတွေလည်းရှိကြ၏။

ထိုသစ်စေးပင်ကြီးတည်ရှိရာသည် ဘုရားကျွန်ရွာဟုခေါ်သည့် ရွာစွန်းအနောက်ဘက် သုသာန်ကုန်း၏ ဗဟိုအလယ်တည့်တည့်၌ တည်ရှိနေသောကြောင့်ပင်ဖြစ်လေသတည်း။ ပွင့်လင်းစွာပြောရလျှင် ယင်းသစ်ပင်အိုကြီးသည် အစောင့်အရှောက်ကြီးသည် နက်ကြမ်းသည်ဟု ရွာကအသိအမှတ်ပြုထားသလို တစ်ခုတည်းသော ရွာ၏သုသာန်သချိုင်းကုန်းအလယ်တည့်တည့်၌ တည်ရှိနေ၍ပင်တည်း။

ယင်းထက် ပို၍ထူးခြားသည့်မှာ ယင်းသစ်စေးပင်ကြီး၏ ပင်စည်ကိုင်းဖျားများသစ်ခေါင်းပေါက်များထဲ၌ ကျေးငှက်သာရကာအမျိုးစုံသာမက





တွေ့မြင်ရခဲ့သော လင်းတငှက်ကြီးများပါနေထိုင်လျှက်ရှိ၍ အချို့ကလည်း အမင်္ဂလာသစ်ပင်ကြီးဟု ကင်းပွန်းတပ်ကြလေသည်။

သချိုင်းကုန်းမြေမှာ ရွာစပ်ဖြင့် တစ်ပြခန့်ကွာဝေးပြီး တစ်ဆက်တည်းရှိမခြေဖြင့်လည်း ဆက်စပ်လျှက်တည်ရှိနေ၏။ ဒါ့အပြင် အချို့သောလူများသေဆုံးပါလျှင်သော်လည်းကောင်း၊ အနီးဝန်းကျင်ရွာများမှ အခြေမဲ့အနေမဲ့များ သေဆုံးပါလျှင်သော်လည်းကောင်း၊ သုသာန်ကုန်းအလယ်တည့်တည့်ရှိ ယင်းသစ်စေးပင်ကြီး၏အောက်ခြေ၌ လာရောက်ပစ်ထားလေ့ရှိ၏။

ထိုအခါ ယင်းပုပ်ပွန်းစော်နေသည့် လူသေအလောင်းများကို သစ်စေးပင်ကြီးတွင်းနေထိုင်ကြသည့် လင်းတငှက်များက အစာအဖြစ် ထိုးဆွတိုက်ဖွဲ့စားသောက်ကြလေသည်။ သုသာန်မြေတစ်ခုလုံးလည်း လင်းတများချေးများတစီစီဖြင့် နံဟောင်လျှက်ရှိ၏။

ထို့ကြောင့်လည်း ယင်းသုသာန်ကုန်းကြီးနှင့် သစ်စေးပင်ကြီးအား ဘုရားကျွန်ရွာအပါအဝင် အနီးဝန်းကျင်ရှိ ရွာများကပါ ကြောက်လန့်စွာရှောင်ရှားကြလေသည်။ နေ့ခင်းကြောင်တောင်ပင် ဖြတ်သန်းသွားလာမဝံ့ကြချေ။

◆၀◆



www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေအရဲ့ ကြောက်သူ

သောက်လိုက်ရင်ချို xx မျိုလိုက်ရင်ခါး xx ထန်းပင်ကျရေ ထန်းပင်ကျရေ xx ချိုတမြမြ xx ခါးသလေလေ xx အော့ xx xx သောက်သောက်စားစား xx လူမင်းသား မသောက်မစား လူငနွား ဟားဟား xx အော့အီ xx ငပိန်တို့ကာ မင်းသားပဲ ဖြစ်ချင်တာကွ xx နွားတော့ မဖြစ်ချင်ဘူး xx အရက်ဆိုတာ လူ့ပြည်မှာပဲရှိတယ် ဟီးဟီး xxx

နေ့လယ်ခင်းမွန်းတည့်နေက ခေါင်းပေါ်သို့ပင် ရောက်ရှိနေလေပြီ။ စူးရှသော မွန်းတည့်နေရောင်သည် သစ်ပင်ကြီးငယ်များ ဝါးရုံတောကြီးများအုပ်ဆိုင်းနေသည့် ဘုရားကုန်းသုသာန်မြေတစ်ဝိုက် အရိပ်မထိုးတောက်နိုင်ရှာ။

သုသာန်ကုန်းကြီးသည် နေခြင်းကြောင်တောင်ပင်ဖြစ်နေပါသော်လည်း လူသားတစ်ဦးတစ်ယောက်မျှမရှိဘဲ မြေပုံမို့မို့များ ခွေးများဖော်ယက်စားသောက်ထားသည့် လူသေအလောင်းအချို့ဖြင့် ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေ၏။





ယင်းအချိန်တွင် လူတစ်ယောက်သည် ပုဆိုးစွန်တောင်ဆွဲလျက် ခန်းရေပုလင်းကိုင်ပြီး ပါးစပ်ကလည်း အသံဝါကြီးဖြင့် အော်ချင်ရာအော်ပြီး သုသာန်ကုန်းကြီးတွင်းသို့ ယိုင်ထိုးလျက် လှမ်းလျှောက်ဝင်လာလေသည်။

ထိုသူမှာ ဘုရားကုန်းရွာစွန်၌နေထိုင်သူ အခြေအနေမဲ့ပျံကျ အရက်သမားဖိုးပိန်ပင်ဖြစ်၏။

"ဟော့ ‗ ဘယ်သူလဲကွ ငပိန်တဲ့ သရဲမကြောက်လို့ ဒီသင်္ချိုင်းထဲလာအိပ်တာ … ဘယ်သရဲတစ္ဆေမှမကြောက်ဘူး၊ လာရဲလာကြည့် အရက်နဲ့မြည်းမယ် … "

ငပိန်သည် ဒယီးဒယိုင်ဖြင့် နှုတ်ကလည်းပြောချင်တာပြောလျက် ပါလာသည့် အရက်ပုလင်းအားလည်း တစ်ကျိုက်မော့လိုက်လေသည်။ သူသည် တစ်ဘက်ရွာရှိ ထန်းတောကနေ ကြက်ပွဲသွားပြီး သောက်စားမူးယစ်လျက် ပြန်လာခြင်းဖြစ်ပေသည်။

သူ၏စိတ်ကူးမှာ အရက်ရှိန်ကြောင့်သွေးများကြွလျက် မည်သူမျှ နေ့လယ်နေ့ခင်းပင်ဖြတ်သန်းသွားလာခွင့်မပြုသည့် ဘုရားကုန်းသုသာန်ကြီးတွင်းသို့ သွားရောက်ကာ လူအများပြောဆိုထိတ်လန့်နေသည့် သစ်စေးပင်ကြီးအောက်၌ သေးပေါက်ပြရန်ဖြစ်လေသည်။ ဒါမှ သူ့အားတစ်ရွာလုံးက အံ့ဩသွားကြပေမည်။

ထို့ကြောင့်လည်း မည်သူမျှမလာရဲသည့် ဘုရားကုန်းသုသာန်ကြီးရှိ သစ်စေးပင်ကြီးအောက်သို့ မူးရူးကာရောက်လာခြင်းဖြစ်သည်။

"ဗွီ ‗ ယောက်ျားတွေဖြစ်ပြီး တစ္ဆေသရဲကြောက်သတဲ့၊ အော့ သရဲဆိုတာ လူကနေဖြစ်တာပဲ … ငါက တစ္ဆေသရဲနာနာဘာဝဆိုတာ ကြားဖူးတဲ့ကောင်မဟုတ်ဘူး … ငါ့ကိုခြောက်ရဲခြောက်ကြည့် … အော့"

"မြောင်း … "



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ... "

ရုတ်တရက် တိုက်ဆိုင်သည်ပဲလား ထူးဆန်းသည်ပဲလားမသိပေ။ အရက်မူးနေသည့် ငပိန်၏ပေါက်ကရလေးဆယ်စကားအဆုံး သူ၏အနီးရှိ သစ်ပင်ကြီးတစ်ပင်မှ သစ်ကိုင်းကြီးတစ်ကိုင်းသည် ငပိန်ရှေ့သို့ ဝုန်းခနဲ ကျိုးကျလာ၏။ ရုတ်တရက် ငပိန်ခြေလှမ်းတုန့်သွားသည်။

ထူးဆန်းသည်မှာ အရှိန်ဖြင့်ကျိုးကျလာသော သစ်ကိုင်းကြီးမှာ ခြောက်သွေ့နေသော သစ်ကိုင်းမဟုတ်ဘဲ အစိမ်းရောင်သစ်ကိုင်းလတ်လတ်ကြီးပင်ဖြစ်လေသည်။ ငပိန်သည် သူ့ရှေ့ကျိုးကျလာသည့် သစ်ကိုင်းကြီးကြောင့် ရုတ်တရက်လန့်သွားသလိုဖြစ်ကာ ဇရက်မင်းစည်းစိမ်ခံစားနေရာမှ ပျက်ပြယ်သွား၍ ဒေါသထွက်သွားပြီး ...

"ဟောက် ... ဘယ်သူလဲကွ၊ ငပိန်တဲ့ တစ်ပိန်ပဲရှိတယ်၊ ငါ့ကို ခြောက်မနေနဲ့၊ သတ္တိရှိရင် ကုပ်လာချိုးလှည့် ... "

မူးနေသည့်အရက်သမား ငပိန်၏ပါးစပ်မှ အယုတ္တ အနတ္တစကားတွေ ဒရစပ်ထွက်လာခဲ့လေသည်။ တစ်ခုရှိသည်မှာ ငပိန် အယုတ္တ အနတ္တ အော်ဟစ်ဆဲဆိုနေသောနေရာမှာ ဘုရားကုန်းသုသာန်ကြီး၏ နာမည်ကျော်ကြားသော သစ်စေးပင်ကြီးတစ်ပိုက်၌ ဖြစ်လေသည်။

ထိုစဉ် ...

"အူ ... ဝူ ... ဝူ"

"ဂစ် ... ဂစ်"

ရုတ်တရက် နွေခင်းကြောင်တောင်ကြီး ကျက်သရေမင်္ဂလာမဲ့စွာ အူလိုက်သော ခွေးလေခွေးလွင့်တစ်ကောင်၏အူသံသည် သုသာန်ကုန်းအတွင်း ပျံ့လွင့်သွားသလို ငှက်ဆိုးထိုးသံများကလည်း တဂစ်ဂစ်ဖြင့် ဆူညံသွားကြလေသည်။

ငပိန်ပင် အံမင်္ဂလာငှက်ဆိုးထိုးသံများကြောင့် ကျောထဲ တွန့်ခနဲ





ဖြစ်သွားမိသည်။

သူသည် နာမည်ကျော်သစ်စေးပင်ကြီးအနီးသို့ရောက်လာပြီ ဆိုတာပါလား။ ရုတ်တရက် ငပိန်၏နှာခေါင်းထဲ၌ ဆိုးဝါးနံဟောင်လှသည့် အပုပ်နံ့ကြီးက ထိုးဝင်လာ၏။ ငပိန်ရှေ့သို့ ဆက်လှမ်းစဉ် ...

"ဝေါ"

"အမလေး ... "

ရုတ်တရက် မည်းခနဲ ချုံအကွယ်ကနေ ထိုးထွက်လာသောအရာကြီးကြောင့် ငပိန်ပင် ကြောက်လန့်သွားသလိုဖြစ်သွားသည်။ အကြောင်းမှာ ချုံပုတ်ကွယ်တစ်ခုအနီး မြေပုံမို့မို့နဘေးကနေ ထိုးထွက်လာသည့် ထင်းမာပင်ရိုင်းကြီးများကြောင့်ပင်တည်း။

ငပိန် ဒယီးဒယိုင် လှမ်းသွားကြည့်သောအခါ မြေစာများ ခွေးများ ယက်ဖော်ထား၍ ပြန့်ကျဲနေသည့်အနီးတစ်ဝိုက်တွင်းရှိ ကာလီစာများ ပြန့်ကျဲနေသော ပုပ်ပွနေသည့် အလောင်းတစ်ခု။

"အော့ ... ဝေါ့ ... "

ငပိန်ပင် ထိုးအန်မိသွားချေသည်။

အမှန်တော့ ငပိန်သည် တောစိုးသစ်ပင်ကြီးဟု နာမည်ကြီးနေသည့် သုသာန်ကုန်းကြီးအလယ်က သစ်စေးပင်ကြီးအနီးသို့ရောက်ရှိနေခြင်းဖြစ်သည်။ ငပိန်သည် သူမြင်တွေ့နေရသည့် ပုပ်ပွနေသည့် ရုပ်ဆိုးဝန်းဆိုးအလောင်းကြီးအား လှမ်းကျော့ရှောင်၍ သွားမည်အပြု ...

"အဟင်း ... ဟီးဟီး"

"ဟင် ... "

ရုတ်တရက် မူးနေပါသော်ငြား သူ၏နားတွင်းသို့ အလောင်းကောင်ကြီးထဲကနေ လူမဟုတ်သည်းတွားသံကြီးလိုလို မကောင်းဆိုးဝါးနာနာဘာဝကြီးများ ညည်းညူနေသလိုလို မသဲမကွဲအသံကြီးအား ပီသစွာ ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေသည်။ ငပိန် တွန့်ခနဲဖြစ်သွားသလို အကြည့်ကလည်း သုသာန်ကုန်းအတွင်း ဝေ့ဝဲကြည့်လိုက်မိ၏။

ထိုစဉ် ရုတ်ခြည်းဆိုသလို သုသာန်ကုန်းအတွင်း အမှောင်တိုက်ကြီး ဖုံးလွှမ်းသွားသလို အမှောင်ကဝင်ရောက်လာသလို ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ လွှမ်းခြုံသွား၏။ အရက်သမား ငပိန် ပို၍ထိတ်လန့်ချောက်ချားလာခဲ့သည်။

စောစောကတော့ သူသည်မကြောက်မရွံ့ပေ။ သို့သော် ယခုအချိန်၌ သုသာန်ကုန်းကြီးတစ်ခုလုံး နေ့ခင်းကြောင်တောင်အမှောင်တိုက်ကြီး ဖုံးလွှမ်းသွားပြီး ငပိန်၏ အမြင်အာရုံထဲ၌ ရုတ်တရက် ဝိုးတဝါးအရိပ်များ ဟိုမှဒီမှ ကူးလူးကြသည်ကိုမြင်တွေ့နေရသလို လူမမာညည်းတွားသံကြီးလိုလို အော်ဟစ်သံများလိုလိုကိုလည်း အဆက်မပြတ် ကြားလာနေရသည်။

"အဟင်း ... ဟီးဟီး ... "

"အူ ... ဝူ ... ဝူ"

"ဂစ် ... ဂီး ... ဂစ်ဂစ်"

မူလကတော့ အရက်သမားငပိန်သည် ကြောက်လန့်စိတ်သိပ်မရှိလှပါသော်လည်း သုသာန်ကုန်းကြီးတစ်ခုလုံး မှောင်အတိကျသွားချိန်၌ သူထိတ်လန့်စပြုလာလေပြီ။ သို့သော်လည်း အရက်ကိုတရားလွန်မတရားသောက်ထားသည့်သူမို့ ငပိန်ခေါင်းမဖော်နိုင်အောင် ဖက်ကြီးနေလေသည်။

ထိုစဉ် ငပိန်ရှိရာသို့ အရှေ့ဘက်ရှိ မြေပုံမို့မို့များ မှတ်တိုင်များအကြားကနေ ကြီးမားလှသောအရိပ်သဏ္ဍာန်ကြီးတစ်ခုအား ရိပ်ခနဲမြင်တွေ့လိုက်ရ၏။ အရိပ်သဏ္ဍာန်ကြီးသည် သာမန်ထက်ကြီးမားထွားကျိုင်းပြီး ခြေလှမ်းကျဲကြီးများဖြင့် လှမ်းလာ၏။

ငပိန်သည် သူ့ထံလှမ်းလာနေသော အရိပ်မည်းမည်းမကောင်းဆိုးဝါးကြီးအား မြင်တွေ့လိုက်ရသောကြောင့် ငပိန်အထိတ်တလန့်ဖြစ်သွား





ပြီး ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။ သို့သော် ငပိန်ထွက်ပြေး၍ မဖြစ်ပါ။

သူပြေးရန် မြေပုံမို့မို့လေးတစ်ခုအား ဝင်တိုက်မိပြီး ဝရုန်းသုန်းကားလဲပြီးကျသွားလေသည်။ ငပိန် အလူးအလဲပြန်ထရန်ကြိုးစားစဉ် သူ၏ မျက်နှာရှေ့သို့ ကြီးမားလှပြီး နက်မှောင်နေသော အမွေးအမျှင်များထူထပ်နေသော ခြေထောက်ကြီးနှစ်ဖက်အား ရုတ်တရက်တွေ့လိုက်ရ၏။ သူ့တစ်သက်မှာ တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဘူးသည့်မြင်ကွင်း ...

"ဟာ ... "

အရက်သမားငပိန် ခေါင်းနပန်းကြီးသွားသည်။ ကြောက်လန့်တကြားဖြင့် ငပိန်သည် ခြေကျင်းချိုင့်ခွက်ကြီးထဲကနေ ကမန်းကတန်းလှမ်းမော့ကြည့်လိုက်သည့်အခါ ထိတ်လန့်ကြောက်ဖက်ဖွယ်ရာ ကြောက်စရာမျက်နှာကြီးတစ်ခုအား နီးကပ်စွာမြင်တွေ့လိုက်ရလေသည်။

"အဟီး ... ဟင်းဟင်း ... "

"အား ... "

ငပိန်၏ကြောက်လန့်တကြား အော်ဟစ်လိုက်သည့်အသံနက်ကြီးက သုသာန်ကုန်းကြီးတစ်ဝိုက် ပဲ့လွင့်သွားလေတော့၏။ ယင်းအော်သံနက်ကြီးကြောင့် ကျီးကန်းများအလန့်တကြား ပြိုဆင်းသွားကြလေသည်။

"အ ... အား ... "

"အ ... အား"

◆ ◆



www.burmeseclassic.com

## တစ္ဆေသစ်ပင်ကြီး၏ ဝိညာဉ်များ

သုသာန်တစပြင်ကုန်းကြီးသည် မနက်ခင်းပင်ဖြစ်ပါသော်လည်း လူသူလေးပါးကင်းမဲ့လျက် တိတ်ဆိတ်ညို့ဆိုင်းနေလေသည်။ သို့သော်လည်း ယင်းသို့ လူသူလေးပါးကင်းမဲ့ရာ သုသာန်ကုန်းကြီးအတွင်းမှာမူ လူရိပ် သဏ္ဌာန်နှစ်ခုအား မပီဝိုးတဝါးလှမ်းမြင်ရလေသည်။

သူတို့သည် သုသာန်ဝင်းကြီးအတွင်းရှိ မြေပုံမို့မို့များ အုတ်ဂူ အပြိုအပျက်များကြားကနေ သုသာန်ကုန်းအလယ်ခေါင်ရှိ ကြီးမားအုပ်ဆိုင်း နေသည့် သစ်စေးပင်ကြီးရှိရာသို့ လှမ်းလာနေသည်။ တစ်ခုထူးခြားသည် မှာ ယင်းသုသာန်ကုန်းကြီးပေါ်သို့ မကြောက်မရွံ့တက်လာသူနှစ်ဦးသည် မြန်မာလူမျိုးများမဟုတ်ဘဲ တိုင်းတစ်ပါးသားမျက်နှာဖြူဘိုသွေးပါသော ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးတို့ဖြစ်ပေသည်။ အမျိုးသမီးမှာ ငယ်ရွယ် ချောမောပြီး ခရီးသွားများအား လိုက်လံပို့ဆောင်သူဖြစ်ဟန်တူ၏။ သူတို့ ၏လက်တွင်း၌ ကင်မရာတစ်လုံးပါရှိလေသည်။

မျက်နှာဖြူဘိုမလေးသည် သုသာန်ကုန်းကြီးတစ်ဝိုက် မြင်မြင် သမျှ အရာများအား မှတ်တမ်းသဘောဖြင့် ကင်မရာချိန်လျက် တဖျတ်ဖျတ်





ရိုက်နေ၏။ ထူးခြားသည်မှာ နိုင်ငံခြားသားအသက်လေးဆယ်ရွယ်ရှိ မျက် နှာဖြူဘိုသည် ယင်းသုသာန်ကုန်းကြီးကိုမှ မှတ်တမ်းဓာတ်ပုံများရိုက်ကူး လိုခြင်းဖြစ်သည်။ သူ၏အဆိုအရမူ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက သူ၏ မွေးစားဖခင်သည် စစ်တွင်းက ဤနယ်ပယ်ဒေသ၌ လေယာဉ်ပျက်ကျ သေဆုံးခဲ့၍ အုတ်ဂူသချိုင်းနေရာအား ရှာဖွေမှတ်တမ်းယူလို၍ဟု ဆိုလေ သည်။

ဤသုသာန်တွင်မက ဤနယ်တွင်းရှိ သချိုင်းသုသာန်များစုံကို လည်းရောက်ခဲ့ကြပြီးဖြစ်သည်။ ဤသုသာန်သည် နောက်ဆုံးသုသာန်ပင် ဖြစ်ပေ၏။

မျက်နှာဖြူဘိုလူမျိုးကြီးသည် သူ၏လက်တွင်းရှိကင်မရာအား အဖော်လိုက်ပါလာသူ လမ်းပြအမျိုးသမီးလေးထံ လှမ်းပေးလိုက်ပြီး —

"ငါ ဒီသုသာန်ကြီးရဲ့အလယ်က ဒီကြီးမားတဲ့သစ်ပင်ကြီးကို အရမ်းသဘောကျတယ် … သူ့မှာ နွယ်ဒန်းနွယ်မျှင်တွေရယ် ပြီးတော့ ဟောဟိုက သစ်ခေါင်းကြီးတွေကလည်း သိပ်လှတယ် … ပြီးတော့ တိုင်ကပ်တွေဆိုလည်း ကမ္ဘာပေါ်မှာရှားပါးနေပြီ … ကဲ ငါ့ကို အဲဒီသစ်ပင်ကြီး နောက်ခံထားပြီးရိုက်ပေး … မစ္စ(စ်) ဟုတ်ပလား"

"ဟုတ်ကဲ့ရှင့် … ရိုက်ပေးပါ့မယ်"

"သိုင်းကျူး"

မျက်နှာဖြူလူမျိုးကြီးသည် သုသာန်ကုန်းကြီး၏အလယ်ရှိ ကြီးမား လှသည့် သစ်စေးပင်ကြီး၏ အခေါင်းပေါက်ဝကြီးရှေ့၌ အထိုင်ကျကျ လက်ပိုက်၍ ရပ်လိုက်၏။ သူ၏ရှေ့မလှမ်းမကမ်းမှာမူ လမ်းပြဘိုကပြား မိန်းကလေးသည် ကင်မရာတချိန်ချိန်ဖြင့် ရှိနေလေသည်။

"အဆင်သင့်ဖြစ်ပြီလား မစ္စတာ"

"အိုကေ"

www.burmeseclassic.com



"ဒါဆိုရင် ကျွန်မရိုက်တော့မယ်နော် ... မစ္စတာပြောသလို သစ်ပင်ကြီးက သိပ်လှ ... ဟင်"

ရုတ်တရက် ဘိုကပြားမိန်းကလေး၏ နှုတ်ခမ်းပန်းနုရောင်လေး ဆီမှ ကင်မရာချိန်ရင်းပြောနေသည့်စကားသည် တစ်ပိုင်းတစ်စရပ်တန့် သွားပြီး ဟင်ခနဲ အာမေဍိတ်သံတစ်ခုထွက်ပေါ်၍ လာလေသည်။ သူမ၏ မျက်ဝန်းပြာကြီးတစ်စုံကလည်း ဝိုင်းစက်သွားလေသည်။

ဘာကြောင့်ဆိုသော် သူမသည် မစ္စတာရစ်ချက်အား ဓာတ်ပုံရိုက် ရန်နေရာရွေး၍ ချိန်ရွယ်နေစဉ် သူမ၏ကင်မရာမြင်ကွင်းထဲ၌ မစ္စတာရစ် ချက်၏နောက်ကျောရှိ သစ်ခေါင်းပေါက်ကြီးထဲမှ ပထမအဖြူရောင်အခိုး အငွေ့များလိုလိုထွက်ပေါ်လာပြီး ချက်ချင်းပင် ကြောက်မက်ဖွယ်ရာ အဆင်း သဏ္ဌာန်ကြီးလိုလို သတ္တဝါကြီးတစ်ကောင်လိုလို သဏ္ဌာန်ကြီးတစ်ခုက လှမ်းထွက်လာ၏။

ထို့ကြောင့် မိန်းမပျိုသည် ဟင်ခနဲ အထိတ်တလန့်အော်လိုက် မိသွားခြင်းဖြစ်လေသည်။ သို့သော်လည်း သူမသည် ထိတ်လန့်တကြားဖြင့် ကင်မရာခလုတ်အား သုံးလေးကွက်မျှ ရိုက်လိုက်မိပြီးဖြစ်သည်။

သူမ၏ ထိတ်လန့်တကြားမျက်နှာအမူအရာကြောင့် မစ္စတာရစ် ချက်က ...

"ဘာဖြစ်တာလဲ"

"အိုးဂေါ့ ... တ ... ဆာ့ရွှေ မကောင်းဆိုးဝါးဝိညာဉ်တွေ့လို့"

"မင်း ရူးများနေသလား ဘာမှလည်းမတွေ့ပါလား"

"အမလေး"

မစ္စတာရစ်ချက်သည် တအံ့တသြအမူအရာဖြင့် နောက်သို့လှည့် ကြည့်လိုက်မိသော်လည်း သူ၏အမြင်၌ သစ်ပင်ကြီးမှလွဲ၍ မည်သည့်အရာ ကိုမျှ မမြင်မတွေ့ရပါချေ။





ထိုစဉ် လမ်းပြဘိုကပြားမိန်းကလေးသည် သစ်ပင်အခေါင်းပေါက် ကြီးထဲမှ ထပ်မံထွက်လာသည့်ကြောက်မက်ဖွယ်ရာ အရုပ်ဆိုးအကျည်းတန် လွန်းသော တစ္ဆေသရဲကောင်ကြီးအား ထင်ရှားစွာမြင်တွေ့လိုက်ရသဖြင့်

"အား ... အမလေး ..."

"ခွမ်း ..."

မိန်းကလေး၏လက်တွင်းရှိကင်မရာသည် အနီးရှိမြေပုံတစ်ခုပေါ် သို့ လွတ်ကျသွားသည်။ မိန်းကလေးသည် ကြောက်လန့်တကြားအသံနက် ကြီးဖြင့်အော်လျက် ယင်းနေရာကနေ ကမူးရှူးထိုး ပြေးထွက်သွားလေတော့ သည်။

ရုတ်တရက် မျက်နှာဖြူကြီးသည် ကြောင်ကြည့်နေလျှော်က–

"ဟေ့ မစ္စ(စ်) ... မိန်းကလေး ဘာဖြစ်လို့လဲ ..."

မိန်းကလေး၏အရိပ်မှာ မျက်နှာဖြူဘိုကြီး လှမ်းအော်ဟစ်မေးမြန်း နေဆဲမှာပင် ...

သုသာန်ကုန်းကြီးအတွင်း အုတ်ဂူအပြိုအပျက်များကြား၌ ကွယ် ပျောက်သွားလေပြီ။ မစ္စတာရစ်ချက်သည် သူ၏အဖော်မိန်းမပျို မည်သည့် အကြောင်းကြောင့် ဤသို့ဖြစ်သွားရသလဲဟု နားမလည်ပါ။

နောက်ဆုံး၌ မစ္စတာရစ်ချက်သည် မိန်းမပျိုလွှင့်ကျကျန်ခဲ့သော ကင်မရာအား ရှာဖွေကောက်ယူကာ သုသာန်ကုန်းကြီးတွင်းကနေ ထွက် ခွာရန်ပြင်လိုက်စဉ် ...

"အိုး ... မိုင်ဂေါ့"

ရုတ်တရက် သူ၏နှာခေါင်းထဲသို့ စူးအပ်ပုပ်လှောင်သည့်အပုပ်နံ့ ကြီးက စူးခနဲထွက်ပေါ်လာ၏။ သူ အံ့သြသွားသည်။ ဤနေရာသို့ သူတို့ ရောက်ရှိလာသည့်ကစ၍ ယခုချိန်ထိ မည်သည့်အပုပ်နံ့ဆိုးမှ မရှိ ခဲ့ပါပေ။ ယခုမှသာလျှင် မခံမရပ်နိုင်အောင် နံဟောင်လာခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာရစ်ချက်သည် နောက်ဆုံးခေါင်းကိုခါရမ်းကာ သုသာန်ကုန်းကြီးအတွင်းကနေ စိတ်ပျက်လက်ပျက် လှမ်းထွက်လာခဲ့လေသည်။

◆၉◆



အချိန်က ညနေ နေဝင်ရီတရော နွားရိုင်းသွင်းချိန်ပင်ဖြစ်လေသည်။

ဘုရားကုန်းရွာလေးသည် ထုံးစံအတိုင်းနေဝင်ရီတရောအချိန်ဖြစ်၍ ထယ်ယာချောင်းမြောင်းအလုပ်သိမ်းပြန်လာသူများသည် ကျွဲ၊ နွားများ၏ ချိုးသံပေါက်သံများဖြင့် ဆူညံနေ၏။ အနောက်ဘက်ဆီမှ ကြွင်းကျန်သောလှိုနေ့ဆီရောင်နေလုံးကြီးပင် ရိုးမတောင်ကြောနောက်သို့ မေးတင်စပြုနေပေပြီ။

ဘုရားကုန်းရွာလေး၏ ရွာဦးသောက်ရေကန်ကြီးထက်၌လည်း သောက်သုံးရေခပ်ဆင်းလာကြသည့် ရွာ၏ အပျိုလှပျိုဖြူများပင် ရေအိုးကိုယ်စီသယ်ရွက်လျှက် သောက်ရေကန်ပေါ်ကနေ ရွာလမ်းအတိုင်းတစ်စတစ်စပြန်လာကြလေပြီ။

နေရောင်အကြွင်းအကျန်များက ကန်ပတ်လည်ရှိ နှစ်သက်ရင့်ကျွန်းပင်၊ တမာပင်ကြီးများအပေါ် လွှမ်းခြုံဖြန်းပက်စပြုနေပြီဖြစ်သည်။ ကန်တာရိုးပေါ်၌ ရွာရှိလှပျိုဖြူလေးများပင် ကျဲပါးသွားကြလေပြီ။

သို့သော် မပြန်သေးသူက ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"ဘာလဲ ... မြနှင်းနွယ်"

"မြ ... မြနှင်း ပြန်တော့မယ် တော်ကြာ မြနှင်း ... ဧရစပ်တာကြာလို့ အိမ်ကစိတ်ပူနေဦးမယ်"

မြနှင်းနွယ်သည် သူ၏နဘေးရှိ မြတ်သာ၏မျက်နှာအား မဝံ့မရဲလေးကြည့်ကာ ခပ်တိုးတိုးလေးပြောလိုက်၏။ တစ်ဆက်တည်း မြနှင်းနွယ်၏ကြည့်စင်ဝိုင်းစက်နေသော မျက်ဝန်းအစုံကလည်း သူမတို့ထိုင်နေသည့်တမာပင်ကြီးအရိပ်အောက်ကနေ လှမ်းမြင်နေရသော ရွာလမ်းဘက်ဆီသို့ မသိမသာလေး လှမ်းမျှော်ကြည့်လိုက်ပြန်သည်။

မြတ်သာသည် ချစ်ရသူ မြနှင်းနွယ်၏ စိုးရိမ်ပူပန်ကြောင့်ကြဟန်လေးအားကြည့်ကာ မချင့်မရဲဖြင့် ...

"မြနှင်းရယ် ... အစ်ကိုက မြနှင်းကို အရမ်းတွေ့ချင်လွန်းအားကြီးလို့ အရဲစွန့်သတ္တိမွေးပြီးလာခဲ့ရတာပါ၊ အစ်ကို့ကိုလည်း စာနာပါဦး။ ကိုယ့်ချစ်သူရဲ့မျက်နှာလေးကိုမှ မြင်ချင်တိုင်းမမြင်ရတဲ့ဘဝ"

"အို ... အစ်ကိုရယ် အဲသလိုမပြောပါနဲ့"

"ဟုတ်ကောမဟုတ်လို့လား မြနှင်းရယ် ပြောပါဦး ... "

မြတ်သာသည် ချစ်သူအားမချင့်မရဲပြောလိုက်ရင်းက အနီးကပ်မြနှင်းနွယ်၏ ပါးပြင်ဝင်းမွတ်မွတ်လေးအား ဆတ်ခနဲ နမ်းမွှေးလိုက်မိ၏။ သနပ်ခါးရနံ့လေးက သင်းပျံ့ရီဝေစွာ ...

တဖွတ်ထိုးနိုင်လှသည့် မြတ်သာ၏အနမ်းနွေးနွေးကြောင့် မြနှင်းနွယ်သည် ရှေ့ရင်အစုံ လှိုက်ခနဲခုန်သွားရပြီး အရှက်သည်းသွားဟန်ဖြင့်

"အို ... အစ်ကို"

"ချစ်လို့ပါ မြနှင်းရယ် မြနှင်းနဲ့တွေ့ရဖို့ မြနှင်းရဲ့ပါးပြင်ကလေးကို နမ်းခွင့်ရဖို့ ကိုဘယ်လောက်တောင်ကြာနေပြီလဲ – ခုလည်း မြနှင်းရဲ့





မိဘမောင်ဘွားတွေသိသွားရင် ကိုအသက် ဖက်နဲ့ထုပ်ထားရမှာ"

"အို ... မြနှင်းက အစ်ကို့ဘက်ကရှိပါတယ်နော်"

"မြနှင်း အစ်ကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာလည်း အစ်ကိုသိသားနဲ့ ... ချစ်လို့လည်း မြနှင်းရဲ့မေတ္တာကိုတောင်းခံထားတဲ့အစ်ကို့ကို မြနှင်းအရာရာစွန့်လွှတ်ပြီး ခေါင်းညိတ်ခဲ့တာပေါ့ အစ်ကိုရယ် ... "

"မြနှင်းရဲ့အချစ်ကို အစ်ကိုအကြွင်းမဲ့ယုံပါတယ်၊ ဒါပေမဲ့ အစ်ကိုတို့ရွာနဲ့ အစ်ကိုတို့မျိုးရိုးစဉ်ဆက်က မြနှင်းအတွက် ဂုဏ်သိက္ခာငယ်စရာ"

"အို ... အဲလိုတော့ မပြောပါနဲ့ အစ်ကိုရယ်"

မြနှင်းနွယ်သည် ချစ်သူ၏ရင်ခွင်တွင်းသို့ ကနွဲ့ကလျလေးတိုးခွဲ့ဝင်လိုက်ပြီး မြတ်သာ၏နှုတ်ခမ်းလေးအား သွေးမရဲဖြူနေသော လက်ဖဝါးသွယ်လေးဖြင့် ဖိကာပိတ်လိုက်လေသည်။ မြတ်သာ ဘာမှရှေ့ဆက်မပြောရှာရတော့။

အမှန်တကယ်လည်း ဘုရားကုန်းရွာသူမြနှင်းနွယ်သည် သူ့အပေါ်မြတ်နိုးတွယ်တာလွန်း၍သာ မြတ်သာ လွန်ခဲ့သောခြောက်လခန့်က ချစ်ခွင့်ရခြင်းကို ခေါင်းညိတ်အဖြေပေးခဲ့ခြင်းဖြစ်၏။ မြတ်သာသည် ဘုရားကုန်းရွာသားတစ်ဦး မဟုတ်ပေ။

ဘုရားကုန်းရွာဖြင့်မလှမ်းမကမ်းရှိ ပန်းဆက်ရွာသားဖြစ်၏။

ယင်း ပန်းဆက်ရွာသားဖြစ်ရခြင်းကပင်လျှင် မြတ်သာအဖို့အရာရာအရှုံးပေးရခြင်းဖြစ်လေသည်။ မိဘက ဤရွာသားဖြစ်တော့လည်း မြတ်သာပါ ဤရွာသားဖြစ်ရသည်ပဲပေါ့။ သူတို့ ပန်းဆက်ရွာအား အနီးဝန်းကျင်ရှိရွာများက သိပ်အဆက်အဆံမပြုပေ။ ဖြတ်သန်းသွားလာခြင်းလည်းနည်းသလောက်နည်းပါးလှ၏။ ပန်းဆက်ရွာသည် တစ်သီးတခြားတည်ရှိ၏။

ယင်းသို့ အနီးဝန်းကျင်တစ်ဝိုက်ရှိ ရွာများက သူတို့ရွာအားထိတ်သက်အဆက်ဆံမပြုကြသလို ပန်းဆက်ရွာသူရွာသားများကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရွာနှင့်ကိုယ်သာ သီးခြားဆန်စွာနှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြလေသည်။ မည်သည့်ရွာနှင့်မှလည်း ပတ်သက်ဆက်ဆံခြင်းမပြုပေ။ အနီးဝန်းကျင်ရှိ ဘုရားကုန်းရွာအပါအဝင် ရွာများကလည်း ပန်းတော်ဆက်ရွာသူရွာသားများအား မည်သည့်နေရာ၌တွေ့တွေ့ အဖက်မတန်သည့်နယ်သေးဖော်ကြောဖက်မပြုကြသည်မှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင်ဖြစ်လေသည်။

အရှင်းဆုံးပြောရလျှင် ပန်းဆက်ရွာသည် အပယ်ခံအကျဉ်ခံရွာငယ်လေးပင်ဖြစ်၏။

ဤသည်မှာလည်း ရှေးနှစ်ပေါင်းများစွာထဲက ပန်းဆက်ရွာအားကယ်ပါရွာ ဘုရားကျွန်ရွာဟူ၍ အစဉ်အဆက်သတ်မှတ်ခဲ့ကြပြီး ဝိုင်းဝန်းကြဉ်ဖယ်ထား၍ဖြစ်ပေသည်။ မြတ်သာသည်လည်း ယင်းပန်းဆက်ရွာသားတစ်ဦးဖြစ်၍ မြနှင်းနွယ်ဖြင့် ချစ်သူတွေဖြစ်နေပါသော်လည်း ပွင့်လင်းစွာတွေ့ခွင့်မရှိဘဲ ဤသို့ ခိုးကြောင်ခိုးဝှက် ချိန်းဆိုတွေ့ကြရခြင်းဖြစ်သည်။

မြတ်သာဖြင့်သာ သမီးရည်းစားဖြစ်နေမှန်း ရွာကသော်လည်းကောင်း၊ မိသားစုကသော်လည်းကောင်းသိရှိသွားပါက မြနှင်းနွယ်အားရွာစည်းကမ်းဖောက်ဖျက်သူ မိဘမျိုးရိုးဂုဏ်သိက္ခာအားဖျက်ဆီးသူအဖြစ်ဝိုင်း၍ကြဉ်ဖယ်ခံရမည်ဖြစ်ပေသည်။ ဝိုင်းသတ်ကြပေမည်။

မြနှင်းနွယ်သည် မြတ်သာအား အသက်ထက်ပင်ပိုလွန်မြတ်နိုးတွယ်တာ၍ ဤမျှအရဲစွန့်ကာ ဖြစ်သမျှရင်ဆိုင်မည်ဟူသော မေတ္တာစိတ်ဖြင့် မြတ်သာ၏အချစ်ကို လက်ခံခဲ့ခြင်းဖြစ်သည်။ မြတ်သာကလည်း အသက်စွန့်ကာ လာရောက်တွေ့ရခြင်းဖြစ်၏။

နှစ်ဦးစလုံး သစ္စာကြီးမားပြီး မေတ္တာခိုင်မြဲကြသူတွေဖြစ်ကြသည်။

"အစ်ကို"

"ပြောလေ မြနှင်း။ ဘာပြောမလို့လဲ"





"ဟို ... ဟိုလေ မကြာခင် မှောင်လာတော့မှာမို့ မြနှင်းပြန်ရဖြစ်မယ်၊ အစ်ကို မြနှင်းနဲ့သိပ်တွေ့ချင်ရင် ညကျ ရွာထိပ်က ခရေပင်ကြီးအောက်ကို အစ်ကိုလာခဲ့လေ၊ မြနှင်းအိမ်ကနေ လှည့်ပတ်ပြီးထွက်လာမယ်ဒါပဲ ... မြနှင်း သွားတော့မယ်နော် ... "

မြနှင်းသည် ထိုစကားကိုပြောပြီးသည်နှင့် ရေခပ်ထားသည့်ရေအိုးကို လှစ်ခနဲဆွဲကာ သောက်ရေကန်နဘေးကနေ ရွာလမ်းအတိုင်းဆင်းသွားလေတော့သည်။ မြတ်သာသည် သူ့အား တရွေ့ရွေ့ကျောခိုင်းလျက်ထွက်ခွာသွားသည့် မြနှင်းနွယ်၏ နောက်ကျောအားကြည့်လျက် မချင့်မရဲဖြစ်ကျန်ခဲ့လေသည်။

မြနှင်းနွယ်ပြောသောရွာထိပ်ရှိ ခရေပင်ကြီးအား မြတ်သာသိသည်။ ယင်းသစ်ပင်ကြီးအောက်၌ မြတ်သာသည် တစ်ခါက မြနှင်းနွယ်ချိန်းဆို၍ တစ်ကြိမ်တွေ့ဆုံဖူးသည်။ မြတ်သာသည် လေကလေးချွန်လျက်သောက်ရေကန်ကြီးနဘေးကနေ လှမ်းထွက်ခဲ့လေတော့၏။

♦ဒ♦



www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူ့ရိုးဆိုရာ

ညဥ့်ပိုးမွှားတို့၏ တစီစီအော်မြည်သံများသည် ပတ်ဝန်းကျင်တစ်ခုလုံးအား ဖြိုခွဲနေလေသည့်အချိန် လသည် မနေ့တစ်နေ့ကပင်ကွယ်ခဲ့ပြီး ဆန်းစပင်ရှိသေးလေသည်။ လရောင်မရှိသော်လည်း ကောင်းကင်ထက်၌ လင်းတစ်ဝက် မှိတ်တစ်ဝက် ထွန်းလင်းတောက်ပနေသော ကြယ်ပွင့်ကြယ်စလေးများ၏အလင်းကြောင့် ဝန်းကျင်တစ်ခုလုံး မှိန်ပျပျလေးလင်းရီနေလေသည်။

ရွာလမ်းမပေါ်ရှိ ခြံဝိုင်းအိမ်ဝိုင်းတချို့တလေပင် မြီတံခါးပိတ်မီးခွက်မှိတ်သွားကြလေပြီ။ ကျေးရွာတို့၏ ထုံးစံအတိုင်း ညနေ နေဝင်မီးမြိမ်းလျှင် အိပ်ရာဝင်ဖို့ပြင်ဆင်ကြခြင်းဖြစ်သည်။ ရွာသူရွာသားအများစုသည် ညမှောင်လျှင် အိပ်ရာဝင်လေ့ရှိပြီး မနက်အရုဏ်မတက်ခင် နိုးထလေ့ရှိမြဲပင်ဖြစ်၏။ ဒါသည် ကျေးရွာဓလေ့စရိုက်တစ်ခုပင်ဖြစ်သည်။

ရွာထဲရှိ ကာလသားအချို့သာလျှင် အပျိုကာလသမီးများရှိရာ ခြံဝိုင်းအိမ်ဝိုင်းများသို့ သွားရောက်လည်ပတ်ပြီး ချစ်တေးကြူလေ့ရှိတတ်ကြ၏။ ဒါကိုလည်း ရပ်ဓလေ့ ရွာဓလေ့အရ ခွင့်လွှတ်ပေးကြလေ့ရှိလေသည်။





ရွာထိပ်ဝန်းကျင်တစ်ဝိုက်မှ ခြံဝိုင်းများကျဲပါးလျက်ရှိသောကြောင့် ရွာတွင်းဖြင့်စာလျှင် ပို၍လူသံတိတ်ဆိတ်နေ၏။ ရွာထိပ်ရှိ ခရေပင်အိုကြီးသည် လူကြီးတစ်ဖက်စာမကကြီးမားတုတ်ခိုင်ပြီး အရိပ်များက ဝေဆာအုပ်မိုးလျက်ရှိ၏။ ရွာလမ်းမကျယ်ကြီးနှင့် အနည်းငယ်ဝေးသော်လည်း မကြာခဏ ယင်းခရေပင်အိုကြီးထံက တစ္ဆေသရဲနာနာဘာဝများ ခြောက်လှန့်တတ်သည်ဆို၍ နေဝင်မိုးချုပ်ဆိုလျှင် ခရေပင်ကြီးအောက် မည်သည့်ရွာသားမျှ မဖြတ်သန်းရဲတော့ပေ။

မြတ်သာသည် ခရေပင်ကြီးအောက်သို့ အမှောင်ပျိုးစကပင် စတင်ရောက်ရှိနေခြင်းဖြစ်၏။ သို့သော် သူရောက်ရှိနေကြောင်း ရွာသားတစ်ဦးတစ်ယောက် မမြင်တွေ့သွားရန် တာရိုးစပ်တွင် ပုန်းခိုနေရသေးသည်။ နောက်မှ ခရေပင်ကြီးရှိရာသို့ကူးလာပြီး ကြီးမားလှသည့် အမြစ်ဆုံပုံကြီးများကြား၌ကနေ ကြယ်ရောင်ပျပျလေး လင်းနေသော ရွာလမ်းမဘက်သို့ မကြာခဏ မျှော်ကြည့်နေမိသည်။

သူရှိနေရာကနေ ရွာစပ်ရွာလမ်းမအား မပီပိုးတဝါးမြင်နေရ၏။

"တောက် ... ဒီခြင်တွေကလည်းကွာ"

နဘေးရှိ မြက်ရိုင်းတောတွင်းကနေ ခြင်အချို့က သူ့အားဝိုင်းအုံတိုက်ခဲနေသဖြင့် မြတ်သာ မသက်မသာညည်းတွား၍ အသာအယာပင် ထက်ဖြင့်ပွတ်သပ်နေရ၏။ အချိန်ကား ညနှစ်နာရီပင်မထိုးသေးပေ။ သို့သော်လည်း ရွာထိပ်ရှိ ခြံဝိုင်းအချို့ကမူ မှောင်ဖြင့်မည်းမည်း ...

အိပ်စက်ကုန်ကြပြီထင်သည်။ ထိုစဉ် ...

"ဟင်"

မြတ်သာသည် ရွာလမ်းမတစ်လျှောက် မျှော်ကြည့်နေဆဲမှာပင် ဝိုးတဝါးကြယ်ရောင်အောက်မှ ခရေပင်ကြီးရှိရာဆီသို့ တရွေ့ရွေ့ လှမ်းလာနေသော အရိပ်သဏ္ဍာန်တစ်ခုအား ရုတ်တရက်တွေ့မြင်လိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြတ်သာ၏ ရင်အစုံလှိုက်ခနဲ ထိတ်ခုန်သွားရ၏။

"လာနေတာ မြနှင်းလားမသိဘူး"

အနည်းငယ် အလှမ်းဝေးနေသဖြင့် မည်သူမည်ဝါမှန်းမသိရသေး သောကြောင့် မြတ်သာအသံမပြုပေ။ နီးကပ်လာသောအခါ အဆိုပ်သဏ္ဌာန် ရှင်သည် သွယ်နွဲ့သောကိုယ်ဟန်ကြောင့် မိန်းကလေးတစ်ဦးမှန်း ရိပ်စား မိလိုက်၍ မြနှင်းနွယ်မှန်း သေချာသွားရလေသည်။

"အစ်ကို ကိုမြတ်သာ"

"မြနှင်း ..."

"အမလေး စိုးရိမ်လိုက်ရတာ အစ်ကိုရယ် .... မြနှင်းက အစ်ကို စောင့်မှစောင့်နေပါ့မလားလို့"

မြနှင်းနွယ်သည် အလောတကြီး စိုးရိမ်ကြောင့်ကြသည့် လေသံ လေးဖြင့်လည်းပြော၊ ရွာလမ်းဘက်ဆီသို့လည်း လှည့်ကြည့်နေသဖြင့်–

"မြနှင်း ဘာဖြစ်လာတာလဲ"

"မြ ... မြနှင်းတို့ ဒီနေ့ရာကနေ ထွက်ပြေးမှဖြစ်တော့မယ် အစ်ကို ... မဟုတ်ရင် ဒုက္ခရောက်လိမ့်မယ်၊ ညနေက မြနှင်းကို သောက်ရေကန်မှာ ရွာမတွေ့လို့ဆိုပြီး အဖေရော အစ်ကိုတွေပါ ဒေါသူပုန် ထနေကြတာ ... ဒါနဲ့ မြနှင်းလည်း အစ်ကိုစောင့်နေမှာပဲဆိုပြီး အစ်ကိုတွေ အလစ် တစ်ခါတည်းပြေးလာခဲ့တာ ... မြနှင်းပျောက်သွားမှန်းသိရင် သူတို့ လိုက်ရှာကြမှာ သေချာတယ်"

"ဟင်"

မြနှင်းနွယ်၏စကားကြောင့် မြတ်သာပင် ရင်တွေခုန်သွားရသည်။ ကြယ်ရောင်ပျပျအောက်မှ မြနှင်းနွယ်၏မျက်နှာဝင်းပပလေးသည် ထိတ် လန့်ကြောက်ရွံ့ဟန်တွေ အထင်းသား ...

ထိုစဉ်





"ဟော ... သူ သူတို့ မြနှင်းပျောက်သွားလို့ လိုက် ... လိုက် ရှာကြပြီနဲ့တူတယ်"

ရွာလမ်းမဆီကနေ မာတ်မီးရောင်တဝင်းဝင်း တလက်လက်အား မှန်ဝါးစွာတွေ့မြင်လိုက်ရသဖြင့် မြနှင်းနွယ် အထိတ်တလန့်လေး ပြော လိုက်လေသည်။ မြတ်သာကလည်း ရွာတွင်းဘက်သို့ တစ်ချက်လှမ်းကြည့် ရင်း ...

"မြနှင်း အစ်ကို့ကို တကယ်ချစ်တယ်နော်"

"အို ... အစ်ကိုကလည်း အရေးထဲ"

"ဒါဆို လာ မြနှင်း အစ်ကို့နောက်လိုက်ခဲ့တော့"

မြတ်သာသည် စကားဆုံးသည်နှင့် အေးစက်နေသောမြနှင်းနွယ် ၏ လက်ကလေးကို ကိုင်ဆုပ်လျှက် ခရေပင်ကြီး၏မြောက်ဘက် မြက်ရိုင်း တောတွင်းသို့ အလျင်အမြန် တိုးဝင်လိုက်လေတော့သည်။ ညဉ့်ငှက်ပိုးမွှား ကောင်တို့၏ တစီစီအော်မြည်နေသံက ပို၍ညံဖိန်းလာသည်။

မြတ်သာသည် ချစ်ရသူမြနှင်းနွယ်၏ လက်ဖျားလေးကိုတင်းတင်း ဆုပ်ကိုင်လျှက် မြက်ရိုင်းတောနှင့် တာရိုးကမူများအား အပြေးအလွှား ဖြတ်ကျော်နေမိသည်။ တောချုံရိုင်းအချို့ကိုလည်း ရှောင်ရှားနေရသေး၏။

လရောင်မရှိဟုဆိုသော်လည်း ကြယ်ရောင်မပီမိုးတဝါးအောက်၌ ရွာ၏လှည်းလမ်းအတိုင်းသာ သူတို့နှစ်ယောက်ထွက်ပြေးလျှင် မကြာမီမှာ ပင် ရွာတွင်းမှမြနှင်းနွယ် ပျောက်သွားမှန်းသိ၍ လိုက်လံရှာဖွေသော မိဘမောင်ဘွားများနှင့် ရွာသားများလက်၌ သူတို့နှစ်ဦး ကွဲခနဲမိသွားနိုင် လေသည်။ ထို့ကြောင့်လည်း မြတ်သာသည် သူတို့အတွက် အဆိုးအကော ကောင်းသည့် ဒီရွာမြောက်ဘက်လမ်းအား ရွေးချယ်ထွက်ပြေးခဲ့ခြင်းဖြစ် သည်။

ဒီမြောက်ဘက်လမ်းသည် လယ်ကန်သင်းရိုးများ ပေါ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါက သူတို့ရွာသို့ရောက်ရှိသွားပေမည်။ သူတို့ပြေးလာ၍ မကြာခင်မှာပင် ရွာထိပ်ခရေပင်ကြီးအောက်မှ မီးရောင် မီးတုတ်တဖင်းဖင်းဖြင့် လူသံအချို့အား လေပြည်ဖြင့် လွင့်ပါလာ၍ ကြားနေရသည်။

သို့သော် ယခုမှပင် မြတ်သာသူ့ခြေဖဝါးတွေ တစစ်စစ်နာကျင်၍ သတိရလိုက်မိ၏။ စောစောက ဇောဖြင့်မို့ သတိမရ။

ယင်းမှာ မြတ်သာသည် ရွာထိပ်ခရေပင်ကြီးအောက်၌ သူ၏လွယ်အိတ်ဖြင့် ဖိနပ်အား ကသောကမျောဖြင့် မေ့ကျန်ရစ်ခဲ့ခြင်းပင် ဖြစ်လေတော့သည်။ ယခုချိန်မှ ပြန်လည်ပြေးယူနေ၍မရတော့။

မြတ်သာသည် မြနှင်းနွယ်၏လက်ကို တင်းတင်းဆုပ်ကိုင်လျှက်။

♦ ၃ ♦



## [illegible]တန့်တုန်းက ညတစ်ည

"မြနှင်း … မောနေပြီလားဟင်"

"ရ … ရပါတယ် မြနှင်း မော … မောလို့မဖြစ်ဘူး"

မြတ်သာသည် မြနှင်းနွယ်၏လက်ကိုဆွဲလျှက် မှောင်ကြီးမည်းကြီးအောင် ခလုတ်ကန်သင်းများ ဆူးချုံရှိင်းများအား ထိတိုက်တိုးလျှက် ပြေးသွားရင်းမှ မေးလိုက်ခြင်းဖြစ်သည်။ သူ့အမေးကိုပြန်ဖြေသော မြနှင်းနွယ်၏လေသံမှာ မောဟိုက်နွမ်းနယ်နေလေသည်။ သူတို့နှစ်ယောက်ပြေးလွှားလာခဲ့သည်မှာ အချိန်အတော်ကြာလေပြီ။ မည်သည့်နေရာသို့ပင် ရောက်ရှိနေမှန်းမသိတော့။

မပီပိုးတဝါးကြယ်ပွင့်လေးများ အလင်းအောက်ပြေးမိပြေးရာ လျှောက်ပြေးလာကြခြင်းဖြစ်သည်။ မြတ်သာသည် ပြေးလွှားနေရင်းမှ ရှေ့လှမ်းမကမ်းရှိ ကုန်းမြင့်မို့မို့လေးအား လှမ်းမြင်တွေ့လိုက်ရသည်။ မြတ်သာသည် ယင်းနေရာသို့ မြနှင်းနွယ်အားခေါ်ပြီး ဦးတည်လှမ်းသွားလိုက်သည်။

မှုန်တိမှုန်မွှား ကြယ်ရောင်လေးများအောက်၌ ယင်းကုန်းစင်သို့ရောက်သောအခါ …



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မြတ်သာစိတ်ထဲ ထိတ်လန့်သွားမိသည်။ မည်သည့်အတွ
ကြောင့်ဆိုသော် သူ၏ရှေ့တစ်ခေါ်သာသာ၌ မပိပိုးတဝါးမြင်တွေ့လိုက်
သည့်နေရာသည် သုသာန်တစပြင်ကြီးတစ်ခုပင်ဖြစ်နေလေသည်။ မြတ်သ
၏နှုတ်ဖျားမှအသံကြောင့် မြနှင်းနွယ်သည်လည်း ယင်းသုသာန်တစပြ
ကြီးအား မြင်တွေ့လိုက်ရသောအခါ အံ့သြသွား၏။

"အမလေး"

သူတို့နှစ်ဦး၏ရှေ့မှောက်၌ သစ်ကြီးဝါးကြီးများ ဖုံးလွှမ်းလျှ
မြေပုံမို့မို့များ မှတ်တိုင်အကျိုးအပဲ့များနှင့် အုတ်ဂူအပြိုအပျက်များဖြ
သုသာန်တစပြင်ကြီးမှာ ချောက်ချားသွေးပျက်စရာကောင်းနေလေသည
မည်သည့်ရွာသုသာန်သို့ရောက်ရှိလာမှန်းတော့မသိ။

"ဟင် ... ဒါ ဒါ သင်း ... သင်္ချိုင်းကြီးပဲ အစ် ... အစ်ကို

"ဟုတ်တယ် မြနှင်း ... အစ်ကိုလည်း ပြေးမိပြေးရာပြေးလာ
ဘယ်ကဘယ်လို ဒီနေရာရောက်လာသလဲတောင် မပြောတတ်တော့ဘ
မြနှင်း သရဲကြောက်လို့လားဟင် ... ဒီနေရာက အစ်ကိုတို့အတွက် လုံ
တယ်"

"မ ... မကြောက်ပါဘူး အစ်ကို"

မကြောက်ပါဘူးဟုပြောသော မြနှင်းနွယ်၏လေသံမှာ အဖျား
တုန်ခါလျက်ရှိလေသည်။ မြတ်သာ၏လက်မောင်းကို ဆုပ်တွယ်ထားသ
သူမ၏လက်လေးများက ပို၍တင်းကြပ်သွား၏။ မြတ်သာသည် အခ
အနေနှင့်အချိန်အခါအရ ဆုံးဖြတ်ချက်တစ်ခုအားချလိုက်၏။

"မြနှင်း ... "

"ရှင် ... အစ် ... အစ်ကို"

"ဘာပဲဖြစ်ဖြစ် လောလောဆယ် အစ်ကိုနဲ့မြနှင်းမှောင်ကြီးမ





ထဲလျှောက်ပြေးနေမယ့်အစား ဒီသင်္ချိုင်းကုန်းထဲမှာ တစ်ညတာဝင်ခို
ာက ပိုပြီးအစ်ကိုတို့အတွက် လုံခြုံစိတ်ချရမယ်"

"အစ် ... အစ်ကိုသဘောပဲလေ"

မြနှင်းနွယ်က မြတ်သာ၏လက်အား တင်းတင်းဆုပ်ကိုင်လျက်
ညိတ်ပြလိုက်သည်နှင့် မြတ်သာသည် ခြေလှမ်းကျဲကြီးများဖြင့်
သာန်ကုန်းကြီးတွင်းသို့ လှမ်းဝင်သွားလေတော့သည်။ အမှန်တော့ မြတ်
တို့နှစ်ဦးသားသည် လရောင်မရှိသည့် ရွာပြင် တောလမ်းအတွင်း ပြေး
ရာပြေးလာရင်းမှ အမှောင်ကြောင့်မျက်စိလည်ကာ ဘုရားကုန်းရွာ၏
ာက်ဘက်ရိုးမတောစပ်ရှိ ဘုရားကုန်းသုသာန်ကြီးတွင်းသို့ ရောက်ရှိ
ခြင်းဖြစ်သည်။ ညကြီးမင်းကြီးဖြစ်နေသည့်အပြင် ကြယ်ရောင်လ
ကင်းမဲ့နေသည်မို့ ဘုရားကုန်းသင်္ချိုင်းမှန်း မသိရှိကြချေ။

မြတ်သာနှင့်မြနှင်းနွယ် သုသာန်ကုန်းကြီး၏ မြေပုံမို့မို့များအား
ဖြတ်ကျော်ရင်း အတွင်းသို့လှမ်းဝင်ခဲ့ကြသည်။ ယင်းအခိုက် ...

"အူ ... ဝူ ... ဝူ"

"အမလေး"

ရုတ်တရက် သုသာန်တောင်ဘက် မနီးမဝေးမှ ခွေးလေခွေးလွင့်
ကောင်၏ ဆွဲဆွဲငင်ငင်အူလိုက်သံကြောင့် မြနှင်းနွယ်ကြောက်လန့်သွား
သည်။ သူမသည် မြတ်သာရှိနေသော်လည်း ညကြီးမင်းကြီးဖြစ်ပြန်
ာန်တစပြင်လည်းဖြစ်နေသောကြောင့် အလိုလိုမှ စိတ်ကချောက်ချား
တ်လန့်နေလေသည်။

"ဂစ် ... ဂီး ... "

"အမလေး"

"ဘာမှမဟုတ်ပါဘူး မြနှင်းရဲ့၊ ညဉ့်ငှက်အော်တာပါ အစ်ကိုရှိ
တယ် ... မြနှင်း ဘာမှမဖြစ်စေရဘူး စိတ်ချ၊ ဟော ဟိုမှာ ဇရပ်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်သာသည် ကြောက်ရွံ့ထိတ်လန့်နေသည့် မြနှင်းနွယ်အား အားပေးရင်း ဇရပ်ပျက်ကြီးဆီသို့ ခြေလှမ်းဦးတည်လိုက်၏။ ဇရပ်တွေ့လျှင် ဒီည သူတို့အေးဆေးစွာနားခိုပုန်းအောင်း၍ရလေပြီ။ ဇရပ်ပျက်ကြီးသည် အမိုးများ ဖွာလန်ပေါက်ပြဲနေပါသော်လည်း နံရံဘေးအကာနှင့်ကြမ်းအချို့ ကမူ သိပ်မဆွေ့မြေ့လှသေးပါ။

နှစ်ယောက်သား ဇရပ်ပျက်ကြီးပေါ်သို့ တက်လိုက်လေသည်။ ထိုစဉ် ရုတ်တရက် မြနှင်းနွယ်၏ခြေထောက်အား အမှောင်ထဲမှ အေးစက်စက်လက်ကြီးတစ်ဖက်က လာရောက်ကိုင်လိုက်၏။

"အမလေး ... အစ် ... အစ်ကို လုပ်ပါဦး"

"မြ ... မြနှင်း ... ဘာဖြစ်တာလဲ ဘာလဲ"

"မြ ... မြနှင်းခြေထောက်ကို လက်အေးကြီးကလာဆွဲလို့ အမလေး ... ကြောက် ... ကြောက်လိုက်တာ"

"တောက်"

"ရှဲ ... "

မြနှင်းနွယ်၏စကားကြောင့် မြတ်သာသည် သူ၏ခါးပိုက်ထောင်တွင်းမှ မီးခြစ်အားထုတ်ယူပြီး ရှဲခနဲခြစ်လိုက်၏။ ရုတ်တရက် မီးခြစ်အလင်းအောက်တွင် သူတို့နှစ်ဦးသားကြားကနေ ပြေးထွက်သွားသောကြီးမားလွန်းလှသည့် အမွေးစုတ်ဖွား မြေကြွက်ကြီးတစ်ကောင်အား တွေ့လိုက်ရသည်။

မြတ်သာ မြနှင်းနွယ်လန့်သွားရခြင်းအား သိလိုက်ရ၏။

"အဟင်း ... ဘာမှမဟုတ်ပါဘူး မြနှင်းရဲ့ ဇရပ်ထောင့်က မြေကြွက်ကြီးက လူသံကြောင့်လန့်ပြီးပြေးလို့ မြနှင်းခြေထောက်ကို ဝင်တိုးမိတာပါ ... ဟိုမှာလေ မတွေ့ဘူးလား"

မြတ်သာမြင်သကဲ့သို့မြနှင်းနွယ်လည်း ဇရပ်ထောင့်ပျဉ်ချပ်အကျိုး





အပေါက်ကြားကနေ ပြေးဝင်ပျောက်ကွယ်သွားသည့်မြေကြွက်ကြီးကိုမြင်တွေ့လိုက်ရသဖြင့် ချက်ချင်းပင် အကြောက်ပြေသွား၏။ သို့သော်လည်း သူတို့ရောက်ရှိနေသည့်မှာ သုသာန်တစပြင်ဟူသောအသိကြောင့် ကြောက်စိတ်တော့အကုန်အစဉ်လွင့်ပြယ်သွားသည် မဟုတ်ပါ။

မြတ်သာသည် ဇရပ်ထောင့်၌ မြနှင်းနွယ်ဖြင့်အတူ ထိုင်ချလိုက်သည်။ မြနှင်းနွယ်သည် မပီဝိုးတဝါးကြယ်ရောင်ပျပျအောက်၌ လှမ်းမြင်နေရသည့် မြေပုံမှတ်တိုင်များ အုတ်ဂူပျက်များအားလှမ်းကြည့်ရင်း မြတ်သာအနီးသို့ ပို၍တိုးကပ်လာသည်။ မြတ်သာသည် ချစ်ရသူမြနှင်းနွယ် အရမ်းကြောက်လန့်နေမှန်းသိလိုက်သဖြင့် ...

"မြနှင်းရယ် ... အစ်ကိုတို့ မှောင်ကြီးမည်းကြီးထဲ လျှောက်ပြေးနေတာထက် ဒီမှာက ပိုလုံခြုံပါတယ်၊ မြနှင်းရဲ့မိဘတွေ ဒီနေရာကိုတော့ ရောက်လာမယ်မထင်ဘူး ... ဒီမှာခဏခိုနေပြီး အရုဏ်လာမှ အစ်ကို့ရွာကို သွားကြတာပေါ့"

"မြ ... မြနှင်းတော့ ဘာမှမပြောတတ်တော့ဘူးအစ်ကို ... မြနှင်းသိတာက မြနှင်းတို့ကိုတွေ့သွားရင် သတ်ကြမယ်ဆိုတာပဲ၊ မြနှင်းရဲ့ အစ်ကိုတွေ ဒေါသကို မြနှင်းသိတယ်"

"အစ်ကိုစိုးရိမ် နေတာ တစ်ခုပဲရှိတယ်"

"ဘာများလဲ အစ်ကို"

"မြနှင်းရဲ့မိဘတွေက မြနှင်း အစ်ကို့နောက်လိုက်သွားမှန်းရိပ်မိကြမှာပဲ ... အဲဒါ ဒီညလိုက်ရှာရင်းနဲ့ အစ်ကို့ရွာကိုသွားပြီး ဒုက္ခပေးမှာကို အစ်ကိုအရမ်းစိုးရိမ်တယ် ... ရှင်းလို့ရမှာမဟုတ်ဘူး"

"မြနှင်းလည်း အဲဒါကိုပဲ စိုးရိမ်နေမိတာ အစ်ကို ... မနက်မိုးလင်းရင်တောင် မြနှင်းတို့ အစ်ကို့ရွာကို သွားလို့မဖြစ်ဘူး၊ နှစ်ယောက်တည်း တစ်နေရာရာမှာ ဖာတ်မြုပ်နေမှဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းလည်း အဲသလိုပဲတွေးမိတယ်အစ်ကို ... မြနှင်းနဲ့အစ်ကို တို့ သူတို့မရရအောင်ခွဲမှာပဲ ... အဲဒါဆို မြနှင်းအစ်ကိုနဲ့ အကွဲမခံဘူး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှာပဲ သိလား"

"အို ... မြနှင်းကလည်းကွယ် ... မပြောကောင်းမဆိုကောင်း"

မြတ်သာသည် ချစ်ရသူမြနှင်းနွယ်၏ ပန်းသွေးရောင်နှုတ်ခမ်းဖူးလေးအား မပိပိုးတဝါးအမှောင်ထဲမှာပင် လှမ်းပိတ်လိုက်သည်။ မြနှင်းနွယ်သည် သူ့အပေါ်အရာအားလုံးပေးဆပ်စွန့်လွှတ်၍ချစ်သူမှန်း မြတ်သာ သိနားလည်ပါ၏။

သူ၏နှလုံးသားထဲ၌လည်း မြနှင်းနွယ်နှင့် ပတ်သက်လာလျှင် ဆံတစ်ခြည်မျှ သစ္စာမယွင်းစတမ်း အသက်ကိုပင်စွန့်လွှတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်လေသည်။

သူတို့၏သစ္စာကို ခိုင်မြဲစေရမည်။

မြတ်သာသည် အနီးရှိမြနှင်းနွယ်အား ရင်ခွင်တွင်းသို့ပွေ့ဖက်သွင်းလိုက်မိသည်။ မြနှင်းနွယ်ကလည်း သူ့အားတင်းကြပ်စွာ ပြန်လည်ဖက်တွယ်ထားသည်။ ဇရပ်ပျက်ကြီးပေါ်တွင် သူတို့နှစ်ယောက်တည်း။

သုသာန်တစပြင်ကြီးတစ်ခုလုံးသည် တိတ်ဆိတ်ချောက်ချားစဖွယ်ကောင်းလွန်းလှသည်။ ဇရပ်ပျက်ကြီးဝန်းကျင်ရှိ ရိုးတံပြိုင်းပြိုင်း ဝါးရုံပင်ကိုင်းများမှာလည်း ညဥ့်အမှောင်ဝိုးတဝါးအောက်၌ မကောင်းဆိုးဝါးနာနာဘာဝဗိညာဉ်ကြီးများ ယိမ်းထိုးနေသကဲ့သို့ စိတ်လှုပ်ရှားဖွယ်ရာကောင်းလှသည်။

လေကြမ်းအဝှေ့မှာ သစ်ပင်သစ်ကိုင်းများ လှုပ်ရှားယိမ်းထိုးသွားသံ အချင်းချင်းပွတ်ထိမြည်နေသံများက နက်မှောင်နေသည့်ညထဲတွင် တစ္ဆေသရဲနာနာဘာဝများ ညည်းတွားနေသကဲ့သို့ ထင်မှတ်မှားရသည်။

မြနှင်းနွယ်သည် မျက်ဝန်းလေးအားစုံမှိတ်ကာ မြတ်သာ၏ရင်ခွင်





ကျယ်ကြီးတွင်းသို့ အားကိုးတကြီးတိုးဝင်လိုက်လေသည်။ မြတ်သာသည် မြနှင်းနွယ်မကြောက်ရန် ရင်ခွင်ထဲဆွဲသွင်းလိုက်၏။ တစ်ယောက်ခေါင်းနှင့် လိုက်မောသံကိုတစ်ယောက်က ကြားနေရ၏။

သုသာန်တစပြင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေလျှက်။

♦၃♦



www.burmeseclassic.com

www.burmeseclassic.com

## အနုတ်တိန့် ရွှေခတ်

ညဉ့်လွှာရုံ အမှောင်ဝတ်ရုံမည်းကြီးသည် ပန်းဆက်ရွာလေးပေါ်သို့ လွှမ်းခြုံအုပ်မိုးထားလျှက်ရှိလေသည်။ ပန်းဆက်ရွာတစ်ရွာလုံးသည် တိတ်ဆိတ်ငြိမ်သက်နေလျှက် အိပ်မောကျလျှက်ရှိလေသည်။ အချိန်ကလည်း သန်းခေါင်ယံကြက်များပင် တွန်ကျူး၍ မိုးလင်းလုနီးနေပေပြီ။

ယင်းသို့ အမှောင်မပီဝိုးတဝါးအရိပ်များကြားကနေ ရွာထိပ်တာရိုးလမ်းအတိုင်း လှည်းသုံးစီးသည် မီးရောင်များတဝင့်ဝင့်ဖြင့် အပြင်းဒုန်းစိုင်းမောင်းနှင်လာလေသည်။ လှည်းဝင်ရိုးသံ၊ နွားများအားပေါက်သံ ရိုက်သံများသည် ညဉ့်အမှောင်ထုအား စုတ်ဖြဲလိုက်သကဲ့သို့ရှိသည်။

"ဟဲ့နွား ... တယ်လေ ... ဒီငပြောကြီးက"

"ရှမ်း ... ရှမ်း"

"ဟော့ကောင်တွေ လှည်းကိုဒီထက်မြန်အောင် ဒုန်းကြစမ်း"

ရှေ့ဆုံးလှည်းပေါ်ကနေ တောင်ရှည်ပုဆိုးကြီးဖြင့် ရွှေရောင်ရင်ဖုံးအင်္ကျီကြီးဝတ်လျှက် နှုတ်ခမ်းမွှေးကြီးထောင်ကားနေသည့် လူကြီး၏အသံက ဟိန်းထွက်လာသည်။





လှည်းဦးထိုင်တွင် လက်ဆွဲမှန်အိမ်ကြီးသည် အရောင်တွန့်လင်းလျှက်။

ယင်းလှည်းထက်၌ လူလေးယောက်ခန့်ပါသည်။ အားလုံးခေါင်းထက်ထဲ၌ အမှောင်ကြယ်ရောင်အောက်၌ လက်ပနေသည့် ဓားရှည်ကြီးများလည်း ကိုင်ဆောင်ထားကြသည်။ လှည်းပေါ်လိုက်ပါလာသူအားလုံး၏ မျက်နှာများသည် ကြယ်ရောင်ဝိုးတဝါးအလင်းအောက်၌ တင်းမာခက်ထန်နေကြ၏။

ယင်းလှည်းနောက်မှ နောက်ထပ်လှည်းနှစ်စီးကလည်း ထပ်ချပ်မကွာဒုန်းစိုင်းလိုက်ပါလာလေသည်။ ယင်းလှည်းနှစ်စီးထက်၌လည်း လူအချို့ပါလာကြ၏။

မကြာမီ လှည်းများသည် ပန်းဆက်ရွာတွင်းသို့ ဆူညံစွာမောင်းနှင်၍ဝင်ရောက်လာကြသည်။ ယင်းလှည်းသုံးစီး ဒရကြမ်းမောင်းဝင်လာသံကြောင့် ပန်းဆက်ရွာတစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။ ခွေးဟောင်သံများကလည်း တစ်ရွာလုံးဆူညံသွားလေ၏။

"ဝုတ် ... ဝုတ် ... အူ ... ဝူ"

"ဟော့ကောင်တွေ အဲဒီခြံဝိုင်းရှေ့မှာရပ် ...

လှည်းသုံးစီးသည် ရွှေရောင်ရင်ဖုံးအင်္ကျီကြီးဝတ်ဆင်ထားသည့် လူကြီး၏အမိန့်ကြောင့် ခြံဝိုင်းတစ်ခုရှေ့တွင် ရပ်လိုက်သည်။ လှည်းရပ်ရပ်ချင်း လူကြီးသည် လှည်းပေါ်ကနေသွက်လက်စွာ ခုန်ဆင်းလိုက်၏။

နွားသံလှည်းသံများ၏ဆူညံနေသံကြောင့် ခြံဝိုင်းတွင်းမှတဲအိမ်ကြီးက မီးရောင်ပေါ်ထွက်လာသလို အခြားခြံနီးချင်းများမှာလည်း မီးရောင်တချို့ထွက်ပေါ်လာကြသည်။ လှည်းသုံးစီးရပ်ထားရာ ခြံဝိုင်းအတွင်းရှိ တဲအိမ်ကြီးဆီကနေ ...

"ဟေ့ ... ဘယ်သူတွေလဲကွ၊ အချိန်မတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ထွန်းလှ ـ အချိန်မတော်တွေ ဘာတွေပြောမနေနဲ့ မင်းသားမြတ်သာ ဘယ်မှာလဲ ... ခု ထုတ်ပေးစမ်း"

"မြတ်သာ ဟုတ်လား ـ ခုပြောနေတာ ဘယ်သူ့လဲကွ"

"ငါ ـ မြခင်ပဲကွ၊ ဘုရားကုန်းရွာက ရွာသူဌေးမြခင်ပဲ၊ မင်းရဲ့ သားမြတ်သာကို ဘယ်မှာဖွက်ထားသလဲ ခုချက်ချင်းထုတ်ပေးစမ်း"

"ဩော် ـ အစ်ကိုကြီးမြခင်ပါလား၊ မြတ်သာနဲ့ဘာဖြစ်လို့လဲ မြတ်သာ မရှိဘူး"

ပန်းဆက်ရွာလူကြီး ဦးထွန်းလှ၏အဖြေစကားအဆုံးတွင် လင်းထိန်နေသည့် မီးရောင်အောက်မှ ဘုရားကုန်းရွာမျက်နှာဖုံးသူဌေးကြီး ဦးမြခင်က ဒေါသသံဖြင့် ...

"ဟေ့ကောင်ထွန်းလှ ... မင်းတို့အူကြောင်ကြောင်လုပ်မနေနဲ့ မင်းရဲ့သားမြတ်သာက အကြံပက်စက် ဇကောလောက်မှဓောက်မနက်တဲ့ ငါ့သမီးမြနှင်းနွယ်ကို သွေးဆောင်ဖျားယောင်းခိုးပြေးသွားလို့ ငါတို့တစ်ညလုံးလိုက်ရှာနေကြတာ စိတ်မရှည်တော့ဘူး၊ မင်းသားနဲ့ငါ့သမီးကို ဘယ်မှာဖွက်ထားလဲ ထုတ်ပေးစမ်း"

သူဌေးဦးမြခင်၏ တင်းမာခက်ထန်နေသည့် ဒေါသသံကြောင့် ပန်းဆက်ရွာလူကြီးထွန်းလှ တွေခနဲဖြစ်ကာ အံ့ဩသွားရရှင်း ...

"ဟာ ... မြတ်သာက သူဌေးရဲ့သမီးကိုခိုးပြေးသွားတယ် ဟုတ်လား၊ ـ ခု သူဌေးမင်းပြောမှပဲ ကျုပ်သိရတော့တယ်၊ ကျုပ်ရဲ့သား မြတ်သာက ညနေထဲက အင်ကြင်းပင်ရွာဘက်ကိုသွားတာ ခုထိပြန်မရောက်သေးပါဘူးဗျာ ـ ပြီးတော့ သူဌေးမင်းပြောသလို ကျုပ်ရဲ့သားနဲ့ သူဌေးမင်းရဲ့သမီးတို့ ရည်ငံနေတာ ဟုတ်ရဲ့လားဗျာ"

"ဟာ ... ဒီကောင် ငါစိတ်မရှည်တော့ဘူးနော် မဟုတ်ဘဲနဲ့ မင်းရွာကို ငါရောက်လာမလားကွ ... ပြီးတော့ မင်းရဲ့သားမြတ်သာ





ငါတို့ရွာကို ညနေကလာတာ တွေ့တဲ့သူကတွေ့တယ်၊ ပြင်းမနေနဲ့ ငါ့သမီးကို မင်းသားခေါ်ပြီး ထွက်ပြေးသွားတာအသေချာပဲ ـ မင်းထုတ်မပေးစမ်း ငါ့လူတွေနဲ့လိုက်ရှာလို့တွေ့ရင်တော့ မင်းတို့ဘုရားကျွန်မျိုးရိုးနဲ့ တစ်ရွာလုံး မီးလောင်တိုက်သွင်းပစ်မယ်မှတ် ... ငါ့ကို ဘာမှတ်နေလဲ ဟွန်း ... တောက်"

ပန်းဆက်ရွာလူကြီးထွန်းလှ၏ ခြံရှေ့၌ အော်ဟစ်ဆူပူနေသံများကြောင့် အနီးပတ်ဝန်းကျင်ရှိခြံဝိုင်းများ အိမ်ဝိုင်းများကပါ ပန်းဆက်ရွာသားများ ဒုတ်ဓားလက်နက်များကိုင်ဆောင်ကာ စုရုံးလာကြ၏။ ပန်းဆက်ရွာသူရွာသားများသည် နဂိုထဲကမှ ဘုရားကုန်းရွာနှင့်အဆက်အဆံမရှိသလို သူဌေးဦးမြခင်၏နှုတ်မှ ရင့်သီးသောဘုရားကျွန်တွေဟူသောစကားကြောင့် ခံပြင်းစွာ စုရုံးလာကြခြင်းဖြစ်၏။

"ဦးထွန်းလှ ဘာဖြစ်တာလဲ"

"ဟုတ်တယ် ... ဦးကြီးထွန်းလှ ရွာကိုဒီလောက် စော်ကားမော်ကားပြောနေတာကိုတော့ ရှေ့ဆက်သည်းမခံနိုင်တော့ဘူးဗျ၊ ဘုရားကုန်းရွာပဲဖြစ်ဖြစ် ဘယ်ရွာကပဲဖြစ်ဖြစ်"

"ဟေ့ ... ဟေ့ နေ ... နေကြပါဦးကွာ"

ပန်းဆက်ရွာလူကြီးဦးထွန်းလှသည် လင်းထိန်နေသော မီးရောင်အောက်မှ လက်နက်ကိုယ်စီဖြင့်ဒေါသထွက် ခံပြင်းနေကြဟန်တူသော သူ၏ရွာသားများအား အလျှင်အမြန်တားလိုက်၏။ ဘုရားကုန်းရွာသားများဖြင့် သူဌေးဦးမြခင်တို့လူသိုက်ကလည်း ခပ်မာမာခပ်တင်းတင်း။

ဦးထွန်းလှသည် သူတို့ရွာအား ဘုရားကျွန်ရွာမျိုးရိုးဟု ရင့်သီးစွာ ပြောဆိုနေသည့်ဦးမြခင်အပေါ် သူကိုယ်တိုင်ခံပြင်းနေသော်လည်း ရွာချင်းကြီးမားစွာ ပဋိပက္ခဖြစ်မှာစိုးသဖြင့် ...

"နေ ـ နေကြပါဦးကွာ ဒီမှာ ... ဦးမြခင် ခင်ဗျားလည်းသားကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ပြောပါ။ ခင်များက ကျုပ်သားမြတ်သာကို လာရှာတာမို့လား၊ ကျွန်ရဲ့သားကို ကျုပ်ကိုယ်တိုင်လည်းဖွက်မထားဘူး၊ ရွာထဲမှာလည်းမရှိဘူး ခင်များတို့ပြန်ကြတော့ ...''

''ငါ့သမီး မြနှင်းနွယ်ကို မတွေ့မချင်း ငါတို့ရွာမပြန်ဘူး''

''ဒီရွာမှာ မရှိဘူးလို့ ကျုပ်ပြောပြီးပြီပဲ ...''

''ငါတို့ကိုယ်တိုင်ရှာဖွေရမှ ကျေနပ်မယ်၊ မင်းရဲ့သားက ရာရာစစကွာ ...''

အခြေအနေက တင်းမာလုဆဲဆဲဖြစ်နေ၏။ သူဌေးကြီးဦးမြ ခင်ကလည်း သမီးဇောဖြင့် မည်သည့်အန္တရာယ်ကိုမျှ မရှုမကြောက်ပုံစံဖြစ်နေသလို သူ၏သားနှစ်ယောက်နှင့်ရွာသားများ တပည့်များကလည်း ဆောင်မားတပြင်ပြင်။ ယင်းအခိုက်မှာပင် ...

''နေဦးဗျ ... ခင်များတို့ကို ကျုပ်တစ်ခုပြောပြမယ်၊ ကျုပ်ညဦးကပဲ ဘုရားကုန်းရွာစပ်ကပြန်လာခဲ့တာ၊ အဲဒါ ခင်များတို့ ဘုရားကုန်းရွာပြင်က နာမည်ကြီး သစ်စေးပင်သုသာန်နားမှာက ဇရပ်ပျက်ကြီးပေါ်ကနေ လူရိပ်နှစ်ခုနဲ့စကားပြောသံတိုးတိုးကြားရတယ် ... ကျုပ်လည်း တစ္ဆေသရဲထင်လို့ အတင်းပြန်ပြေးလာတာ မြတ် ... မြတ်သာတို့များလားမသိဘူး''

''ဟင် ... ဟုတ်လား''

ပန်းဆက်ရွာသားတစ်ဦး အမှတ်မထင် ပြောဆိုလိုက်မှုကြောင့် သူဌေးကြီးဦးမြခင်အပါအဝင် အားလုံးသည်လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ ထိုရွာသားပြောတာ ဖြစ်နိုင်ပေသည်။

ဘာကြောင့်ဆိုသော် သူတို့တတွေသည် ရွာထဲမှ မြတ်သာအား တွေ့လိုက်ရသည်ဟူသောသတင်းအစအနဖြင့် ပန်းဆက်ရွာသို့အားချင်းလူစုကာ လိုက်လာခဲ့ကြခြင်းဖြစ်သည်။ အမှန်တကယ်သာ သမီးဖြစ်သူ မြနှင်းနွယ်သည် မြတ်သာနောက်လိုက်သွားသည်မှန်လျှင် မြတ်သာသည်





ရွာသို့ပြန်လာမည်မဟုတ်။ သူတို့နှစ်ယောက် တစ်နေရာတွင် ပြေးလွှားပုန်းအောင်းနေကြမည်မှာ သေချာသည်။ နောက်တစ်ခုက သူဌေးဦးမြခင်သည် ရွာတစ်ဝိုက်သာလိုက်လံရှာဖွေသော်လည်း ရွာအနောက်ဘက်ရှိ နာမည်ကြီး သစ်စေးပင်သုသာန်ကုန်းဘက်သို့ သွားရောက်မရှာမိပေ။ ဦးမြခင်သည် ချက်ချင်းပင် သူ၏တပည့်များနှင့်ရွာသားများအား ...

''ဟေ့ကောင်တွေ သူပြောတာဖြစ်နိုင်တယ်၊ ငါတို့သုသာန်ကုန်းမှာသွားရှာကြရအောင် တွေ့ရင်တော့လားကွာ ... ဟေ့ကောင်တွေ လှည်းကို အမြန်ဆုံးမောင်းစမ်း ... တောက်''

ဦးမြခင်၏စကားဆုံးသည်နှင့် လှည်းသုံးစီးစလုံးသည် ပန်းဆက်ရွာလမ်းအတိုင်း လှသံနွားငေါက်သံများဖြင့် ဒုန်းစိုင်း၍ပြန်လည်မောင်းထွက်သွားလေသည်။ ဦးမြခင်၏ လှည်းများထွက်သွားသည်နှင့် ပန်းဆက်ရွာလူကြီးဦးထွန်းလှသည်လည်း သားဖြစ်သူမြတ်သာအတွက် စိတ်ပူပန်စိုးရိမ်စွာဖြင့် ...

''ဟေ့ ... ငါတို့လည်း လိုက်သွားကြရအောင် လှည်းပြင်စမ်း။ လက်နက်တွေပါ တစ်ပါတည်းယူလာခဲ့ကြ၊ ခွေးကောင် ... မြခင် ငွေကြေးချမ်းသာလို့ ဒီလောက်မောက်မာပြီး ရွာကိုစော်ကားတဲ့ကောင် ငါ့သားသွေးမြေတစ်စက်ကျလို့ကတော့ မင်းတို့ရွာလည်း ပြာပုံဖြစ်ပြီမှတ်''

ဦးထွန်းလှကဲ့သို့ပင် နဂိုကမှ သူတို့တစ်ရွာလုံးအား ဘုရားကျွန်မျိုးရိုးများ ကယ်ပါများဟု အထင်သေးရှုံ့ချနေသည့် ရွာများထဲ၌ ဘုရားကုန်းရွာသည် ထိပ်ဆုံးနံပါတ်တစ်ဖြစ်၍ ပန်းဆက်ရွာသားအားလုံးနီးပါး လှည်းနွားပြင်၍ လိုက်ပါသွားကြလေတော့သည်။

အားလုံးသည် ခံပြင်းဒေါသကိုယ်စီဖြင့် တင်းမာနေကြသည်။

♦ဋ♦



www.burmeseclassic.com

www.burmeseclassic.com

သုသာန်ကုန်းကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

"ဂစ် ... ဂီး ... ဂစ် ... ဂစ်"

"အူ ... ဗွီ ... အူ"

ငှက်ဆိုးတစ်ကောင်၏စူးရှစွာ ကျက်သရေမဲ့အော်လိုက်သံနှင့် အတူ သုသာန်တစပြင်စပ်ကနေ ဆွဲဆွဲငင်ငင်အူလိုက်သည့် ခွေးအူသံရှည်ကြီးကြောင့် ရုတ်တရက် မြနှင်းနွယ် လန့်နိုးသွားခဲ့လေသည်။ မြနှင်းနွယ်သည် သူမပန်းပိုက်နွမ်းနယ်စွာ အိပ်မောကျသွားမိသောချစ်သူမြတ်သာ၏ ရင်ခွင်တွင်းကနေ ဇရပ်ပျက်ကြီး၏အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိ၏။

ချောက်ချားသွေးပျက်ဖွယ်ရာ ခွေးအူသံကြီးသည် သူမ၏ ကြည်နူးသာယာသည့် ရင်ခုန်အိပ်မက်ကနေ နိုးထလာစေခဲ့သည်။ သူမ၏မျက်နှာပြင်လေးသည် ကြယ်ရောင်မလင်းတလင်း မပီဝိုးတဝါးလေးနောက်မှာ ရှက်သွေးများ စွန်းဖြာနေဆဲ။

ဇရပ်ပျက်ကြီး၏ပြင်ပမှ ဖြာကျနေသည့် ကြယ်ရောင်ပျပျအောက်တွင် မြတ်သာသည် အင်္ကျီချွတ်ကြီးဖြင့် နှစ်ခြိုက်စွာအိပ်မောကျနေလေ





သည်။ မြနှင်းနွယ်သည် ယောက်ျားပီသစွာ ဖုထစ်သန်မာကြွရွနေသည့် ချစ်ရသူမြတ်သာ၏ ရင်ခွင်ကျယ်ကြီးအားငေးကြည့်ရင်း ရှက်စနိုးလေးဖြင့် မျက်လွှာချ ခေါင်းလေးငုံ့လိုက်မိ၏။ ရင်အစုံကလည်း ဖိုလှိုက်လာမိလေသည်။

မကြာမြင့်သေးသော စောစောပိုင်းကပင် သူမသည် ဤရင်ခွင်ကျယ်ကြီးထဲ ရင်ခုန်ကြည်နူးသာယာဖွယ် လိုက်မောတမ်းတဖွယ် အနမ်းကြမ်းကြီးများဖြင့် တသိမ့်သိမ့်တငြိမ့်ငြိမ့် ချစ်ကမ္ဘာလေးတည်ဆောက်ခဲ့လေသည်မဟုတ်ပါလား။ ချစ်သူသည် သူမအား မေ့မူးတိမ်းမူးဖွယ်အချစ်အရသာတို့အား ပေးအပ်ခဲ့လေပြီ။ သူမကလည်း လိုလားတပ်မက်စွာခံယူခဲ့လေသည်။ မမေ့ရက်စရာ အပျိုစင်ပန်းဦးကြွေသည့်ည။

"အူ ... ဝူ ... ဝူ ... အူ"

ရုတ်တရက် ဆွဲငင်စွာပေါ်ထွက်လာသည့် အမင်္ဂလာသံကြီးကြောင့် မြနှင်းနွယ် ကြက်သီးစိမ်းလေးများ စိမ့်ခနဲ သီးထသွားရရင်း ရင်ခုန်အတွေးအိပ်မက်လေး ပြယ်လွင့်သွားလေသည်။ မြနှင်းနွယ် ဇရပ်ကြီး၏အပြင်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်မိလိုက်ပြန်သည်။

"ဟင် ..."

သူမ၏မြင်ကွင်းထဲသို့ သုသာန်ကုန်းကြီး၏အစပ်ဆီကနေ တဝင်းဝင်းတလက်လက်ဖြင့် ရွေ့လျားလာနေသည့် လူသံများနှင့်မီးရောင်များ။

မြနှင်းနွယ် ထိတ်ခနဲဖြစ်သွားရသည်။ သူမ၏မျက်ဝန်းအစုံကြည့်ရများယွင်းနိုင်ပါ။ သုသာန်ကုန်းစပ်မှ စကားပြောသံ၊ အော်ဟစ်သံများနှင့် မီးရောင်တလက်လက်သည် ပို၍ထင်ရှားလာ၏။ မြနှင်းနွယ် အထိတ်တလန့်ဖြစ်သွားရရင်း ...

"ကိုမြတ် ... ကိုမြတ် မြနှင်းတို့နောက် အဖေတို့လိုက်လာပြီထင်တယ် ... လုပ် ... လုပ်ပါဦး ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မြနှင်းနွယ်၏ ခပ်ကြမ်းကြမ်းလှုပ်နိုးခြင်းကြောင့် မြတ်သာ ဖျတ်ခနဲနိုးသွားရင်း ဇရပ်ပျက်ကြီးဝန်းကျင်သို့ ကြည့်လိုက်၏။ မြတ်သာလည်း တုန်လှုပ်သွားသည်။ သူတို့ရှိရာဇရပ်ပျက်ကြီးသို့ ဦးတည်လှမ်းလာနေကြသော မီးတုတ်မီးရောင်များ။

"ဟော့ကောင် မြတ်သာ ... မင်းထွက်ခဲ့စမ်း"

"မြနှင်းနွယ် ... ခွေးမ ထွက်ခဲ့စမ်း ... ပုန်းမနေနဲ့"

ကျယ်လောင်စွာကြားလိုက်ရသော အသံဗလံများကြောင့် သူတို့နှစ်ဦးသား အန္တရာယ်အားသိလိုက်လေပြီ။ မြနှင်းနွယ်နှင့် သူ့အားလိုက်လံရှာဖွေနေကြသူများဖြစ်သည်။ မြတ်သာဆုံးဖြတ်ချက်တစ်ခုချလိုက်၏။ သူ မြနှင်းနွယ်အား သိပ်ချစ်သည်။

မည်သူတွေ မည်သည့်အကြောင်းကြောင့်ခွဲခွဲ သူတို့မကွဲစေရ။

ဤသုသာန်ကုန်း ဤဇရပ်ပျက်ကြီးပေါ်၌ပင် နှစ်ဦးသားသစ္စာပန်ကြပြီး ဆုတောင်းချွေခဲ့ပြီးလေပြီ။ တစ်ညတာ အကြင်လင်မယားမြောက်ခဲ့ကြလေပြီ။

"မြ ... မြနှင်းတို့ကို မိသွားရင် သတ်မှာ"

"ဘာမှမကြောက်နဲ့ မြနှင်း ... လာ အစ်ကိုတို့လွတ်အောင်ပြေးမယ် ... သေလည်း အတူတူပဲ"

စကားဆုံးသည်နှင့် မြတ်သာသည် အကျႌပင်ပြန်မဝတ်နိုင်တော့ဘဲ မြနှင်းနွယ်၏လက်အစုံအား တင်းကျပ်စွာဆွဲလျက် ဇရပ်ပျက်ကြီးပေါ်မှ ပြေးဆင်းလိုက်၏။ လိုက်လံရှာဖွေနေကြသူတွေထဲမှ ရွာသားတစ်ဦးက

"ဟော ... ဟို ... ဟိုမှာဟေ့ ... "

"ပြေးပြီ ... လိုက် ... လိုက်"

"ခွေးကောင် ဘုရားကျွန် ... ကယ်ပါမျိုး မိရင်အသေသတ်ပစ်"





မြတ်သာတို့နှစ်ယောက်နောက်မှ အသံဗလံများသည် ထပ်ချပ်လိုက်ပါလာသည်။ အမှန်တကယ်လည်း အခန့်မသင့်၍ သူတို့လက်တွင်းသက်ဆင်းမိပါက သတ်ပစ်မည်မှာသေချာနေပေသည်။

မြတ်သာသည် မြနှင်းနွယ်၏လက်အားဆွဲလျက် ဆူးချုံရှိုင်းများ၊ မြေပုံမို့မို့များ၊ အုတ်ဂူအပြိုအပျက်များကြားကနေ ရွာသားများနှင့် မြနှင်းနွယ် ဖခင်၏လက်တွင်းကနေလွတ်အောင် အားသွန်ပြေးလေသည်။ သို့သော် သူတို့နှစ်ယောက်သည် နောက်မှညာသံပေးကာလိုက်လာသည့် ရွာသားများလက်တွင်းကနေ ကြောက်လန့်တကြားလွတ်အောင်ပြေးပါသော်လည်း မှုန်တိမှုန်မွား ကြယ်ရောင်အားကိုးသာရှိ၏။ ဓာတ်မီး လက်ဆွဲမီးမပါ။ ထို့ကြောင့်လည်း မကြာခဏ မြေပုံမှတ်တိုင်များ ချုံများဖြင့်တိုးမိကာ အလဲလဲအပြိုပြို။

အမှောင်ထဲရမ်းသန်းပြေးလွှားနေသလိုဖြစ်နေ၏။ လဲပြိုလျှင် နှစ်ယောက်သားပြန်လည်ထပြေးသည်။ မည်သည့်ခလုတ်ကန်သင်း ခလုတ်ပင့်ကိုမျှ ဂရုမပြုနိုင်ပါချေ။ သူတို့၏စိတ်တွင်း၌ရှိနေသည်က ထိုအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်ရန်ပင်။

"ဟော့ကောင် မပြေးနဲ့ရပ်စမ်း"

"ငါတို့ရွာကိုစော်ကားတဲ့ ကယ်ပါဘုရားကျွန်မျိုး အလွတ်မပေးဘူး အရေခွံဆုတ်ပစ်မယ်"

"မြနှင်း ... အမိုက်မ နင့်ကိုသတ်မယ် ရပ်စမ်း"

ရက်စက်ဖွယ်အသံများကြောင့် နှစ်ဦးသားခြေအစုံအား မရပ်တန့်ခဲ့ကြ။ အမှောင်ထဲရမ်းသန်းပြေးလွှားနေရာက ရုတ်တရက်။

"အမလေး"

"မြ ... နှင်း"

ရုတ်တရက် မြနှင်းနွယ်သည် မြေပုံမှတ်တိုင်တစ်ခုအား ငြိမယ်ား



www.burmeseclassic.com

www.burmeseclassic.com



စီဆဲ ခလုတ်တိုက်လျှက် ကျင်းကြီးတစ်ခုတွင်းသို့ ဒလိမ့်ကောက်ကွေး လွင့်စဉ်ပြုတ်ကျသွားလေတော့၏။ အမလေးဟုသာ မြနှင်းနွယ် အော်လိုက်နိုင်ရှာလေသည်။

မြတ်သာသည် ယင်းတွင်းကြီးထဲသို့ ပြုတ်ကျသွား၏။

မပီပိုးတဝါး ကြယ်ရောင်အောက်၌ လူနှစ်ရပ်ခန့်နက်သည့် ကျင်းကြီး၏အောက်ခြေထောင့်၌ ခွေခွေလေးလဲပြိုနေသည့် မြနှင်းနွယ်၏သဏ္ဍာန်အား တွေ့မြင်လိုက်ရ၏။ မြတ်သာ စိတ်တွင်းက ပူပန်စိုးရိမ်သွား၏။ မြနှင်း ဘာဖြစ်သွားပြီလဲ။

"မြနှင်း"

မြတ်သာ စိုးရိမ်ပူပန်စွာ တွင်းအောက်ခြေသို့ခုန်ဆင်းလိုက်၏။ မြနှင်းနွယ်၏နှုတ်ဖျားဆီမှ နာကျင်စွာ မပီမသ ညည်းတွားသံလေးက ထွက်ပေါ်နေ၏။

"မြ ... မြနှင်း ... ဟင်"

မြတ်သာ၏ မျက်လုံးအစုံ ဝိုင်းစက်သွားရ၏။ ကြယ်ရောင်ပိုးတဝါးအောက်၌ သူမြင်တွေ့လိုက်ရသည်က မြနှင်းနွယ်၏ရင်အုံတည့်တည့်၌ ဖောက်ထွက်နေသည့် သံစူးဝါးချွန်ကြီးတစ်ချောင်း သူမ၏ရင်အုံတစ်ပိုက် နီရဲစေးပျစ်သောသွေးများ အိုင်ထွန်းနေ၏။

"မြ ... မြနှင်းရယ် ... ဖြစ် ... ဖြစ်မှဖြစ်ရလေ"

"အစ် ... အစ်ကို"

"မြနှင်း ... မြနှင်း ဘာမှမဖြစ်စေရဘူး"

"အစ် ... အစ်ကို ... မြ ... မြနှင်းကိုထားပြီး သူ ... သူတို့လက်ကလွတ်အောင်ပြေး ... ပြေး၊ မြ ... မြနှင်းလေ အစ်ကို့ကို အသက်ထက် ပိုချစ် ... ပို ... ချစ်"

"မြနှင်း ... "





မြနှင်းနွယ် သူမ၏စကားကို ဆုံးအောင်ပင်မပြောလိုက်နိုင်ပါချေ။ သူမ၏နှုတ်ဖျားကနေ နီရဲသောသွေးများ ပွက်ခနဲအန်ကာ ငြိမ်သက်သွားခဲ့လေတော့၏။ ထိုစဉ် ...

"ဟာ ... ဒီ ... ဒီမှာဟေ့ ... ဒီကျင်းကြီးထဲမှာ ... "

"မလွတ်စေနဲ့ ... ဝိုင်းထား"

ဝင်းလက်သော မီးတုတ်မီးအလင်းတန်းများကြောင့် ဆယ်ပေကျော်ခန့်မျှနက်သည့် မြေကျင်းကြီးအတွင်း လင်းသွား၏။ မြတ်သာသည် ကျင်းနှုတ်ခမ်းထက်မြေပြင်ပေါ်ရှိ လူအချို့အား နာကြည်းခံပြင်းသော မျက်ဝန်းအစုံဖြင့် ကျားရိုင်းတစ်ကောင်ပမာစူးစိုက်၍ ကြည့်လိုက်ပြီးလျှင် မြနှင်းနွယ်၏အသက်မဲ့ရုပ်ခန္ဓာအား ယုယစွာပွေ့လျှက် ကျင်းထက်သို့ပြန်တက်လာ၏။ မြေပြင်ပေါ်မှ ရွာသားအချို့ ရှဲခနဲ နောက်ဆုတ်သွားကြသည်။

မြတ်သာ၏မျက်ဝန်းအစုံက နီရဲပြူးကြောင်လျှက် စိတ်မနှံ့သူအရူးတစ်ယောက်ပမာ မြေပြင်ပေါ်သို့ရောက်သောအခါ မြတ်သာသည် ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သည့် မြနှင်းနွယ်အားပွေ့ဖက်လျှက်။

"ဟား ... ဟား ဘာလဲ ခင်ဗျားတို့က ကျုပ်တို့ချစ်ခြင်းကိုခွဲမလို့ ဒီသုသာန်တစပြင်ထဲထိအောင် အပင်ပန်းခံလိုက်လာကြတာလား ခင်ဗျားတို့ကြောင့် ကျုပ်ချစ်သူ သေပြီဗျ ... သေပြီ"

"သ ... သမီး မြနှင်းနွယ်"

ဦးမြဒင်သည် ရင်ဝတွင် သံစူးဝါးကြီးထိုးစိုက်လျှက် မရှုမလှ အသေဆိုးဖြင့်သေရရှာသော မြနှင်းနွယ်အား မြင်လိုက်ရသည့်အခါ စိတ်လှုပ်ရှားသွားသည်။ မြတ်သာက သူဌေးကြီးဦးမြဒင်အား စားတော့ဝါးတော့မတတ် စူးစိုက်ကြည့်ရင်းက ...

"ခင်ဗျားကြီးက ကျုပ်ချစ်သူမြနှင်းကို သမီးလို့ခေါ်ရသေးတယ်။ မြနှင်း ခုလိုအသေဆိုးနဲ့သေရတာ ခင်ဗျားရဲ့လူလူချင်း မတူမတန်သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ နှိမ့်ချသက်ဆံတတ်တဲ့ ယုတ်မာမှုကြောင့်ပဲ နှလုံးသားဖြူစင်ပြီး ကျွန်ုပ်အပေါ်သိမ်မွေ့ချစ်တဲ့မြနှင်းက ခု သူ့အချစ်ကို သက်သေပြသွားပြီ၊ ခင်ဗျားတို့အားလုံး ကျုပ်တို့ချစ်ခြင်းကိုခွဲဖို့ လိုက်ရှာနေကြတာ မဟုတ်လား၊ မြနှင်းက သူ့အချစ်ကို သက်သေပြသွားသလို ကျုပ်ကလည်း ... ''

''စွပ် ... ''

''ဟာ''

''ဟင် ... ''

မြတ်သာသည် သူ့ဓွေးကြီးဦးမြဒင် အပါအဝင် မီးရောင်အောက်ရှိ ရွာသူရွာသားများအားနာကြည်းခံပြင်းလျှက်ရှိသော မျက်ဝန်းအစုံဖြင့် လိုက်လံကြည့်ကာ မည်သူမျှမထင်မှတ်သည့် အပြုအမူအားပြုလုပ်လိုက်လေတော့သည်။ ယင်းမှာ သူ၏ရင်ခွင်တွင်းရှိ မြနှင်းနွယ်၏ရင်ဝ၌စိုက်ဝင်နေသည့် သံစူးဝါးကြီးအားဆွဲယူလိုက်ကာ အားလုံးရှေ့မှာပင် သူ့ရင်ဝသို့ အားကုန်ထိုးစိုက်လိုက်လေတော့သည်။

''သား ... မြတ်သာ-လူလေး ... ''

သုသာန်တွင်းသို့ မီးတုတ်များ လက်နက်များဖြင့် အပြေးအလွှားဝင်လာကြသည့်လူတစ်စု အားလုံးမှင်သက်ကြောင်ငေးနေစဉ်မှာပင် ချွန်မြနက်မှောင်နေသည့် သံစူးဝါးကြီးသည် မြတ်သာ၏ရင်အစုံအား ထွင်းဖောက်သွားလေပြီ။

မြတ်သာသည် လဲကျမသွားဘဲ နာကြည်းစွာတစ်ချက်ပြုံးလိုက်ရင်း ...

''အဲဒါ ကျုပ်ရဲ့ချစ်သူ မြနှင်းနွယ်အပေါ်ထားတဲ့ ကျုပ်လိုကယ်ပါမျိုးတစ်ယောက်ရဲ့အချစ်သက်သေပဲ _ ကျုပ်တို့နှစ်ယောက်ကို သေရင်တောင်ခွဲလို့မရစေရဘူး တစ် _ တစ်ခုတော့ ကျုပ်ပြောလိုက်မယ်၊ ကျုပ်ကျုပ်နဲ့မြနှင်း ဝိ _ ဝိညာဉ်တစ္ဆေသရဲဘဝရောက်ရင်တောင် ခင်ဗျားတို့





တစ်တစ္ဆေကို ဘယ် ... ဘယ်တော့မှ အခဲမ ... မကြေ ... ''

''ဝုန်း''

မြတ်သာ၏အသက်မဲ့ခန္ဓာကိုယ်ကြီးသည် မြနှင်းနွယ်တို့သောမိန်းမချောလေး၏ ခန္ဓာကိုယ်ထက်သို့ ဝုန်းခနဲလဲပြိုကျသွားလေတော့၏။ ချစ်သူနှစ်ဦးတို့၏ နီရဲသောသွေးများသည် ပေါင်းစည်းဆုံစည်းသွားကြပေပြီ။ သုသာန်ကုန်းကြီးတစ်ခုလုံး သွေးညှီနံ့များ အကာလည္သဉ်အခါကြီး၌ လွှမ်းဖုံးသွားလေတော့သည်။

သစ်ပင်ကြီးများထက်မှ ကျီးများအလန့်တကြားပြိုသွားကြ၏။

''အ ... အား ... ''

''အာ ... အား''

◆ဍ◆



www.burmeseclassic.com

www.burmeseclassic.com



### သံဝင်းလေးလှေကြီး

နေရောင်လက်ကျန်တို့က သစ်ပင်မြင့်ကြီးများ၏ သစ်ရွက်စိပ် ဖြာနေသော ကိုင်းလက်များကြားကနေ တောလမ်းလေးတစ်လျှောက် ထိုး ဖောက်ဖြာကျနေလေသည်။ နေလုံးသည် စုန်းစုန်းမြုပ်မဝင်သေးပါ။ အဝေး ဆီ၌ ရေးပျပျလှမ်းမြင်နေရသော တောင်တန်းမှိုင်းညို့ညို့ကြီးများအပေါ် ပခုံးတင်ထားစပင်ရှိပါသေးသည်။

မကြာမီ မှောင်လာတော့မည်ဖြစ်သည်။

ထို့ကြောင့်လည်း ညနေခင်းဆည်းဆာသည် သူ၏နောက်ဆုံး ကျန်ရှိနေသောအလင်းလက်ကျန် ပုစွန်ဆီသွေးတို့အား အန်ထွေးနေခြင်း ဖြစ်သည်။ တောလမ်းလေးဟုသာဆိုရပါသော်လည်း ရံဖန်တာရိုးမြင့်ပေါ်၌ ကြီးမားအုပ်ဆိုင်းနေသည့် သက်ရင့်သစ်စေးပင်ကြီးများ၊ ကုက္ကိုပင်တန်းများ ရှိသလို ချုံနွယ်မြက်ရိုင်းများသာ ပေါက်ရောက်နေသည့် ကွင်းကျယ်များ လည်းရှိ၏။

လှည်းလမ်းကြောင်းဖုံဖုံလေးကလည်း နှစ်ပရိစ္ဆေဒများစွာ ရွာက နေ မြို့ပေါ်သို့သွားရန် ဤလမ်းအားဖြတ်သန်းသွားရမှန်း သရုပ်ဖော်ပြ



နေလေသည်။ ဤအနီးဝန်းကျင်တစ်ဝိုက်ရှိ ရွာသိမ်ရွာငယ်များအဖို့လည်း မြို့ပေါ်သို့ခေသထွက်ပစ္စည်းများ သွားရောက်ရောင်းချပါလျှင် ဤဘုရားကုန်း ရွာတာရိုးတောလမ်းအား ဖြတ်သန်းသွားရစမြဲပင်။

အချို့သော ရွာသူရွာသားများကမူ တတ်နိုင်ပါလျှင် ယင်းတော လမ်းအား ကွင်းရှောင်၍ အတော်အတန်ဝေးသည့် ကျယ်ပြန့်သော လယ် ကွင်းပြင်များနှင့် ထန်းတောများအား ဖြတ်ဖောက်ထားသည့် လှည်းလမ်း ကသာလျှင် ဖြတ်သန်းသွားလာကြ၏။ ခရီးတိုချင်သူ အချိန်ကုန်မခံချင်သူ အနည်းအပါးကသာလျှင် ထိုဘုရားကုန်းရွာစွန်ရှိ တောလမ်းအားဖြတ်သန်း ကြလေ့ရှိသည်။

"ဟော့ကောင် ... ပေတိုး မြန်မြန်လျှောက်ပါဟ"

"အေ့ ... ငါလဲ လျှောက် ... လျှောက်နေတာပဲကွ၊ မြို့က အရှောင့်ဆိုင်က အို ... အိုဝီက ကောင်းပြီးအရှိန်တက်နေလို့ အေ့"

"မင်းက ကြွက်တွင်းပဲပေတိုးရာ ... မိုးလင်းထဲက အရက်နဲ့ မျက်နှာသစ်အရက်နဲ့ ထမင်းစားတဲ့ကောင် အချိန်ပြည့်မူးရူးနေဖို့ပဲသိတယ် ဒါကလည်း အဖော်မရှိလို့ဟော့ကောင် ... နောက်ပြီး ရွာအပြန်မှောင်နေရင် ဘုရားကုန်းရွာစပ်တောလမ်းကိုဖြတ်ရမှာမို့ နို့မို့ဆိုရင်ကွာ ဟွန်း ... "

"အေ့ ... အေးဟေး ... ငါ့ ... ငါ့နာမည် ပေတိုးပါကွ ငါ့ကို မြင်ရင် တစ္ဆေသရဲ မှင်စာ၊ ဘုတ်ပြိတ္တာကစပြီး သဘက်ထိ ပြေးပြီးသား ပါကွ၊ ဟောဒီမှာ ... တွေ့လား မြရွှေ၊ အေ့ ... မမြင်ဘူးရင်ကြည့်"

ပေတိုးသည် ဒယီးဒယိုင်ဖြစ်နေသော ခြေလှမ်းအားမနည်းမှန် အောင်လှမ်းရင်း သူ၏နဘေးရှိမြရွှေအား သူ့အင်္ကျီလက်မောင်းပြကာ တစ်စုံ တရာအားပြလိုက်လေသည်။ နေရောင်အချို့ရှိနေသေးသဖြင့် မြရွှေ ပေတိုး လက်မောင်းအား လှမ်းကြည့်လိုက်၏။ မြရွှေ မြင်ရသည်က မည်သည့် အရုပ်မှန်းမသိသည့် အရုပ်ကြီးနှင့်အင်းကွက်အချို့ ...

www.burmeseclassic.com



"အဲဒါ ဘာလဲကွ ... မင်းဟာက ... "

"အေ့ ... အဲဒါကြောင့် ရှာမှာမင်းကို ငတုံးငအလို့ လူတွေက ပြောကြတာပေါ့ကွ၊ ဒါ ဘာမှတ်လဲ ... ပုဏ္ဏကဘီလူးရှိနေမှ ဘယ်ကတရွေ့ သရဲက ငါတို့နားကပ်ဝံ့မှာလဲကွ ... မှောင်သွားလည်း ဂရုစိုက်စရာမလို ဘူး ... အေ့"

"ပေတိုးရာ မင်းဘာသာမင်း ပုဏ္ဏကဖြစ်ဖြစ် တာနောယကွပဲ ဖြစ်ဖြစ် ငါကြောက်တာတော့ ကြောက်တာပဲကွ၊ ဒါကြောင့် မင်းကို အရှော့ ဆိုင်မှာ အကြိုက်သောက်စားရအောင် ပြုစုခဲ့တာပေါ့ကွ၊ နို့မို့ မင်းကိုဘယ် သဒ္ဒါလိမ့်မလဲ ... "

"ဟဲဟဲ အီဖေကိုက မင်းရဲ့ဘော်ဒီဂတ်လေကွာ၊ မင်းဒီလောက် တော့ ပြုစုရမှာပေါ့ မြရွှေ ... မရင်းဘဲရမလားကွ၊ နေဦး ငါအလေးစွန့် ဦးမယ်"

"ဟာ ... ဟော့ကောင် အချိန်အခါက ... "

"အေ့ ... ပေတိုးဘဝမှာ အချိန်ဆိုတာ မရှိဘူးကွ၊ ငါ ဒါ[illegible] မယုံဘူး"

ပေတိုးသည် ပြောပြောဆိုဆို လုံချည်အား ကွင်းသိုင်းလိုက်ကာ ဒယီးဒယိုင်ဖြင့် တောစပ်ချုံတောထဲ တိုးဝင်သွားလေသည်။ မြရွှေသည် ပေတိုးအားကြည့်လျက် ပင့်သက်တစ်ချ ရှိုက်လိုက်မိ၏။ မကြာမီ မှောင် လာတော့မည်။

ယံခုပင် အမှောင်ရိပ်အချို့က လှည်းလမ်းပေါ်သို့ ဖိတ်အန်ကျ လာလေပြီ။

ရှေ့မှာမြင်တွေ့နေရသော သစ်ပင်အုပ်ညို့ညို့က ဘုရားကုန်းရွာ ကြီးပင်ဖြစ်၏။ မြရွှေတို့က ဘုရားကုန်းရွာကြီးအား ဖြတ်ကျော်သွားရပေ မည်။ ခုအချိန် ခြေလှမ်းသွက်သွက်လျှောက်ပါမှ ရွာသို့ထမင်းစားချိန်ခန့်





ရောက်သွားပေမည်။

မြရွှေသည် ပေတိုးအား မြို့ဈေး၌မမျှော်လင့်ဘဲ သွားတွေ့ခြင်းဖြစ် သည်။ မြရွှေ ပစ္စည်းတစ်ခုဝယ်နေသဖြင့် သူပြန်ရန်ခန့်မှန်းထားချိန်ထက် အနည်းငယ်နောက်ကျသွား၍ ပေတိုးနှင့်တွေ့သောအခါ အဆင်သင့်ဖြစ် သွား၏။ ရွာသို့ပြန်ရန် အဖော်သဟဲတစ်ယောက်ပါတော့ လမ်းမှာစိတ်ရဲ လေသည်။ ဒါကြောင့်လည်း ကျေးဇူးရှင်ပေတိုးအား အရှော့ဆိုင်ဝမ်း ဆိုင်၌ အရက်ဖြူတစ်လုံးတိုက်ခဲ့ရသေး၏။ မြရွှေလည်း သွေးရဲစေရန် တစ်ခွက်တစ်ဖလား ဝင်သောက်၏။ အမှန်တော့ မြရွှေသည် ရွာသို့အမြန် ရောက်စေရန် ဘုရားကုန်းရွာ သုသာန်ဘေးကနေ ဖြတ်သန်းသွားရမည် ဖြစ်၍ ပေတိုးအား အဖော်စပ်ကာ အရက်တိုက်ခြင်းဖြစ်၏။ တစ်ယောက် တည်းပြန်ရမည်ထက် အဖော်ပါတော့ ပိုကောင်းသည်မဟုတ်ပါလား။

ခဏအကြာ ပေတိုးသည် ဝင်သွားသောတောစပ်ချုံကွယ်နောက် ကနေ ပြန်လည်ထွက်လာလေသည်။ မြရွှေလည်း သည်တော့မှ ဟင်းချ နိုင်လေသည်။ ပေတိုးသည် ပုဆိုးကိုပင် ပြန်မဝတ်တော့၊ ဒယီးဒယိုင်ဖြင့် ဆက်လျှောက်လာရာ မကြာမီမှာပင် ဘုရားကုန်းရွာအနောက် သုသာန် ကုန်းစပ်သို့ရောက်ရှိလာလေသည်။ မှောင်စပျိုးနေလေပြီ။

ပေတိုးသည် မြရွှေ၏ရှေ့ကနေ ယိုင်တိယိုင်ထိုး ဒယီးဒယိုင်ဖြင့် လျှောက်သွားနေသည်။ မမူးသည့်မြရွှေပင် သူ့အားမနည်းမီအောင်လိုက် နေရ၏။ သူတို့နှစ်ယောက်ရှေ့၌ နာမည်ကြီးသစ်စေးပင်သုသာန်ကုန်းကြီး အား မှောင်ရိုးတဝါးမြင်နေရ၏။ သုသာန်ကုန်းကြီး၏ အလယ်တည့်တည့် ၌ နှစ်ပရိစ္ဆေဒများစွာကပင် တည်ရှိနေသည့် သစ်စေးပင်ကြီး၏ကြီးမား အုပ်ဆိုင်းသည့် အရိပ်အာဝါသကလည်း မည်းမည်းကြီးရှိနေလျက်။

မည်သည့်အတွက်ကြောင့်မှန်းမသိ။ မြရွှေသည် ယင်းသုသာန် ကုန်းကြီးဘက်သို့ လှည့်ကြည့်မိလိုက်စဉ် ကြက်သီးတစ်ဖျက် ဖြန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထသွားခဲ့လေသည်။ မြရွှေသည် ငယ်စဉ်ကပင် တစ္ဆေသရဲဟူသောအသံကြားရုံမျှပင် ညဘက်အိပ်ပျော်သူမဟုတ်ပေ။ ဒါကြောင့်လည်း ခွေကုန်ကြေးကျခံ အရက်တိုက်ကာ ပေတိုးအား အဖော်ပြုခဲ့ခြင်းဖြစ်သည်။

"ဟောကောင် ပေတိုး ... ဒီနေရာကနေ မြန်မြန်သွားကြမှဖြစ်မယ်၊ မှောင်နေပြီကွ၊ မှောင်တာများ ဆန်းသလားကွာ၊ ငါ ဒီလမ်းကနေ နေ့တိုင်း မှောင်မှရွာပြန်နေကြပါကွာ မကြောက်စမ်းပါနဲ့ ... အေ့ ..."

"ငါ ... ငါကြောက်လို့ပြောတာ မ ... မဟုတ်ဘူး လူပြတ်လို့ကွ"

"အေ့ ... မကြောက်ဘူးသာဆိုတယ်၊ မင်းအသံက တုန်နေပါလား မြရွှေ"

"မင်း ဒီသချိုင်းထဲက သစ်စေးပင်ကြီးကို ရောက်ဖူးသလား"

"တစ် ... တစ်ခါ နှစ်ခါလား ရောက်ဖူးတယ်ကွ၊ ရွာကအသုဘလိုက်ပို့တုန်းက ..."

"ဒါဆိုအတော်ပဲ ငါတို့ရွာအပြန် လက်ဆောင်ယူသွားရအောင် အဲဒီသစ်ဆေးပင်ကြီးမှာ ညဆိုရင် ဖီးကွက်တွေရော ဖျိုင်းတွေပါ အိပ်တန်းတက်တယ်ကွ ... ငါ့မှာ လောက်လေးပါတယ်၊ လလည်းသာနေတော့ ငှက်သွားပစ်မယ် ..."

"ဟာ ... ပေ ... ပေတိုး"

"မင်းမကြောက်ရင် လိုက်ခဲ့ကွာ၊ ဒါမှ ဒီညရွာရောက်ရင် ငှက်ကင်နဲ့အမြည်းရမယ် ... အေ့ ငါပစ်နေကျပါကွ"

မြရွှေ ဘာမှပြန်လည်မပြောနိုင်ခင်မှာပင် ပေတိုးသည် သုသာန်ကုန်းကြီးထက်သို့ ဒယီးဒယိုင်ဖြင့် တက်သွားလေတော့၏။ မြရွှေတစ်ယောက်တည်း သုသာန်ကုန်းစပ် လှည်းလမ်းမမှာ ကျန်ရစ်ခဲ့၏။ ပေတိုးသည် ကမူးရှူးထိုး ထင်ရာစိုင်းတတ်သူဖြစ်သည်။





"ပေ ... ပေတိုး နေပါဦးကွ၊ ငါလဲ လိုက်မယ်"

မြရွှေသည် လှမ်းအော်ရင်း ပေတိုးနောက်သို့ ကမန်းကတန်း ပြေးလိုက်သွားလေသည်။ ပေတိုးသည် မြေပုံမို့မို့တွေကို ကွေ့ပတ်ရှောင်ရှားလျက် သုသာန်ကုန်းအလယ်ခေါင်ရှိ သစ်စေးပင်ကြီးသို့ ဦးတည်သွားနေလေသည်။ မြရွှေမှာ မထူးတော့ဟု ဆုံးဖြတ်လျက်။

"ပေ ... ပေတိုး ပြန်ကြရအောင်ကွာ၊ မင်း ငှက်သားစားချင်ရင် ငါ ... ငါ ရွာရောက်ရင် တစ်ဝကင်ကျွေးပါ့မယ် ... ခု မှောင်မှောင်နေပြီကွ ..."

"အေ့ ... မြရွှေရာ စကားရှည်မနေစမ်းပါနဲ့ မင်းလိုက်ချင်လည်း လိုက်ခဲ့ မလိုက်ရဲရင်လည်း မင်းဘာသာမင်း ရွာပြန်တော့ ..."

ပေတိုးက စိတ်မရှည်ဟန်လှမ်းပြောပါသော်လည်း မြရွှေမည်သို့ ပြန်ရဲပါမည်နည်း။

မြရွှေ ယခုရက်တွင်း ဤသုသာန်ကုန်းကြီးအား ကြောက်ရွံ့ရှောင်ရှားနေသည်မှာ အကြောင်းရှိသည်။ ယင်းမှာ ထိုသုသာန်ကုန်းကြီးထဲက နာမည်ကြီးသစ်စေးပင်ကြီးမှာ နေထိုင်သည့်ဆံပင်ဖားလျားဖြင့် တစ္ဆေမတစ်ကောင် ကိုယ်ထင်ပြခြောက်လှန့်သည်ကို သူတို့ရွာက ထင်းလှည်းသမားသာလှ မကြာသေးမီကပင် ကြုံခဲ့ရလေသည်။ ထိုအကြောင်းကို ရွာ၌ ပြောဆိုနေကြ၏။

ထို့ကြောင့်လည်း နဂိုကမှ သရဲတစ္ဆေဆို ကိုယ်တိုင်မမြင်ဘူးသော်လည်း အသံကြားရုံမျှပင်လျှင် ကြောက်တတ်သည့်မြရွှေ လန့်နေခြင်းဖြစ်၏။ ယခု ပေတိုးက သူ့အားပြဿနာရှာလေပြီ။ မြရွှေအဖြစ်က ယခုမှ ဆုပ်စူး စားရူးအခြေအနေ။

ပေတိုးသည် ဇရပ်ပျက်ကြီးအပါးသို့ ရောက်ရှိသွားပေပြီ။

ယင်းဇရပ်ပျက်ကြီးသည် မြရွှေတို့ လူပျိုပေါက်ဘဝကပင် တည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်မှာ နှစ်ပရိစ္ဆေဒများစွာပင် ကြာမြင့်ခဲ့ပြီဖြစ်၍ ဇရပ်ပျက်ကြီး၏ ကြမ်းများ အမိုးအကာများသည် ပေါက်ပြဲပြိုပျက်နေလေပြီ။ နာမည်ကြီး သစ်ပေပင်ကြီးမှာမူ ယင်းဇရပ်ပျက်အိုကြီးဖြင့် မလှမ်းမကမ်းတွင် အုပ်ဆိုင်းစွာတည်ရှိလေသည်။ ယင်းသစ်ပင်ကြီးမှာ ငှက်ပေါင်းစုံ အိပ်တန်းကြ၏။

ပင်စည်သည် လူကြီးနှစ်ဖက်စာမက ကြီးမားလေသည်။ ပေတိုးနှင့် မြရွှေသည် ဇရပ်ပျက်ကြီးအနားသို့အရောက် ...

"ဖြန်း ... ဝုန်း"

"ဟာ ... ပေ ... ပေတိုး ... သ ... သရဲထင်တယ်"

"အေ့ ... မြရွှေရာ မင်းကလည်း မည်းမည်းမြင်ရာ သရဲချည်း ထင်နေတော့တာပဲ ... ဟော့ ငါ့နာမည် ပေတိုးကွ အေ့ ... ဘယ်သရဲ ဘိုးအေမှမကြောက်ဘူး သတ္တိရှိရင် စမ်းကြည့် ... အေ့"

"အဟင်း ... ဟင်းဟင်း"

"ဖရော ... ဖျတ် ဖျတ်"

"ဟာ"

သုသာန်ကုန်းကြီးတစ်ခုလုံး မှောင်နေလေပြီ။ သို့သော် ထွက်ပြူစ လကွေးလေး၏ သစ်ပင်အကိုင်းအကြားမှ အလင်းရောင်ကြောင့်ပတ်ဝန်းကျင်အား ဝိုးတဝါးမြင်တွေ့နေရ၏။ ပေတိုးသည် ဇရပ်ပျက်ကြီးဘက်ဆီသို့ ပုဆိုးကွင်းသိုင်းဖြင့်လှည့်ပြီး မူးမူးဖြင့် ပါးစပ်ကနေ အယုတ္တ အနတ္တစကားသံများ ထွက်ပေါ်လာနိုက်မှာပင် ဇရပ်ပျက်ကြီး၏ အရှေ့မြောက်ထောင့်ဘက်ဆီကနေ ရယ်မောသံများ ညည်းတွားသံကြီးလား မကွဲပြားသည့် အသံတစ်ခုကိုကြားလိုက်ရ၏။

ထို့ပြင် လေမတိုက်ပါဘဲဖြင့် သူတို့ပတ်ဝန်းကျင်ရှိ အမှိုက်ခြောက်များ၊ သစ်ကိုင်းများ၊ ချုံများသည် တဖျောဖျော လှုပ်ယမ်းသွားလေ၏။





ပေတိုးကမူမသိ မြရွှေကမူ ဆံပင်မွေးညှင်းများပင် ထောင်ထသွားမိ၏။

ယင်းအခိုက် သစ်ပင်ချုံရိုင်းများ တဖျောဖျောလှုပ်လျက် ရှုပ်ယှက်နေဆဲမှာပင် လေထဲ၌ တောစောကာကဲ့သို့ပင် တဟင်းဟင်း ညည်းတွားသံကြီးက ထပ်မံပေါ်ထွက်လာပြန်သည်။

"ဟင်းဟင်း ... အဟင်း ... ဟီး"

"ဟင်"

မြရွှေသည် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ကြက်သီးများ တစ်ကိုယ်လုံး တဖြန်းဖြန်းထသွားရပြီး ဆံပင်မွေးများပင် တစ်ခေါင်းလုံး ထောင်ထသွားသလား ထင်မှတ်ရ၏။ မည်သည့်အတွက်ကြောင့်ဆိုသော် သူတို့ရှေ့ မလှမ်းမကမ်း အုတ်ဂူကြီးတစ်ခုထက်၌ ခြေထောက်တွဲလွဲချလျက် ဆံပင်ရှည်လျားနက်မှောင်သည့် ဆံပင်ရှည်ကြီးများ ဖားလျားချကာထိုင်နေသည့် မိန်းမတစ်ယောက်အသွင်အား လရောင်ဝိုးတဝါးအောက်၌ ထင်ရှားစွာတွေ့ လိုက်ရခြင်းကြောင့်ပင်တည်း။

မိန်းမပျိုသည် သူတို့ရှိရာဘက်သို့ ကိုယ်လေးနွဲ့ယိမ်းလျက် အုတ်ဂူကြီးထက်ကနေ လှမ်းဆင်းလာသည်။ မြရွှေသည် မြင်ကွင်းအား မမှိတ်မသုန် လှမ်းကြည့်နေလျက်။

"ပေ ... ပေတိုး ... တ ... တစ္ဆေသရဲကွ"

ယင်းအခိုက် ...

"ဝုန်း ... ဖြောင်း ... "

"အောင်မယ်လေးဗျ ... သ ... သရဲဗျ"

မြရွှေ စကားမဆုံးခင် သူတို့နှစ်ဦးမှကျယ်လောင်သော ကြောက်လန့်ဖွယ်အသံကြီးကြောင့် မြရွှေငယ်သံပါအောင် အော်ဟစ်ရင်း ချာခနဲ သုသာန်ကုန်းကြီးအပြင်သို့ ထွက်ပြေးသွားလေတော့သည်။ မြရွှေသည် ကြောက်အားလန့်အားဖြင့် ပေတိုးကိုယ်ပင် လှည့်မကြည့်နိုင်အားဘဲ ပြေးပုံ



www.burmeseclassic.com

www.burmeseclassic.com



ရှာ။ ဆုတ်ငှအကျိုးအပဲ့များအား ထိတိုက်တွန်းလှဲကာ သုသာန်ကုန်းစပ် လှည်းလမ်းထက်သို့ မည်သို့မည်ပုံ ရောက်ရှိလာမှန်းပင် မသိတော့။

လှည်းလမ်းသည့် လရောင်အောက်၌ ဖွေးဖွေးလေးထင်းနေ၏။ ခွေးအူသံကြီးက ပေါ်လာပြန်သည်။

"အူ ... ဂူ ... ဝူ"

"ဂစ် ... ဂစ်"

မြရွှေတစ်ယောက် သူ၏ရွာရှိရာဘက်သို့ နောက်သို့ပင်လှည့် မကြည့်တော့ဘဲ တစ်ချိုးတည်း ...

♦ဒ♦



BURMESE CLASSIC

## သရဲမကုပ်ချိုး၍ သေသူ

ဆယ်အိမ်စုရွာလေး၏ ရွာလယ်ရှိ ဒေါ်ဆယ်၏ကုန်စုံဆိုင်လေးသည် ယနေ့နံနက်တွင်မူ မစည်ကားစဖူး လူစည်ကားနေလေသည်။

"ဟဲ့ ... ညတုန်းက မြရွှေကြီး မြို့ပေါ်ကအပြန် ဘုရားကုန်းရွာ သုသာန်က ဆံပင်ဖားလျားနဲ့ သရဲမခြောက်လှန့်လိုက်လို့ဆို"

"အေးလေ ... ကျုပ်တို့လည်း အဲသလိုကြားရတာပဲ မြရွှေ ညတုန်းက ရွာပြန်ရောက်လို့ မျက်ဖြူဆိုက်နေလို့ ဟိုဘက်ရွာက ဆေးဆရာကြီး ဦးပြုံးကို အပြေးသွားခေါ်ရတယ်တဲ့"

"ကျုပ်ကြားတော့ မြရွှေနဲ့အတူ ပေတိုးပါအတူပြန်လာတာတဲ့ ပေတိုးက သုသာန်ထဲမှာမူးပြီး ကျန်ခဲ့တယ်ဆိုပဲ"

"နေပါဦး ဒီလူကြီးနှစ်ယောက်က ဒီလောက်နာမည်ကြီးတဲ့သချိုင်းကုန်းထဲ အချိန်မရှိ အခါမရှိ ဘာသွားလုပ်ကြသလဲတော် ... ခုတော့ ပေတိုး သရဲမက ကုပ်ချိုးမသတ်ပစ်လိုက်တာ ကံကောင်း"

"အေးဟယ် ... ပေတိုးကလည်း မူးလာရင် ဖွတ်တရွှတ်ရွှတ်"

ဒေါ်ဆယ်၏ ကုန်စုံဆိုင်၌ ဈေးလာဝယ်ကြရင်း မိန်းမများသည်



www.burmeseclassic.com

www.burmeseclassic.com



ရေးညတုန်းက ရွာ၏မြောက်ခြမ်းရှိ ကိုမြရွှေတစ်ယောက် မြို့ပေါ်ကအပြန် ဘုရားကုန်းသုသာန်ကြီးထဲကနေ ဆံပင်ဖားလျားကြီးဖြင့် သရဲမအခြောက် အလှန့်ခံရခြင်းအား ပြောဆိုနေကြခြင်းဖြစ်သည်။

မပြုံးဆိုသူက ...

"ညတုန်းက ကျွန်မကအိပ်ဖို့ပြင်နေတုန်းပေါ့ ... ခြံဝိုင်းရှေ့ကနေ တဖုန်းဖုန်းနဲ့ ကြောက်ပါပြီဗျဆိုတဲ့ အသံနက်ကြီးကြားရတာပဲ ဒီမနက်မှ ကိုမြရွှေမှန်းသိရတာ"

"ဟုတ်ပတော် ... ညက မြရွှေအဖြစ်က တစ်ရွာလုံး အုံးအုံးကြွက်ကြွက်ဆိုပဲ ... ကျွန်မလည်း အစောကြီးစောည်းက အိပ်မောကျသွားလို့ မသိလိုက်ရာ ဒီမနက် ရွာသားတွေ ဘုရားကုန်းသုသာန်ကြီးကိုလိုက်သွားမယ်ပြောတာပဲ ... ပေတိုး ညကပြန်မလာဘူးလေ ... အဲဒါ လိုက်ရှာကြမလို့တဲ့"

"ပေတိုး ပြန်မလာဘူးဟုတ်လား ... ဘုရား ဘုရား ဒီကောင်ကမူးလာရင် ပြောချင်ရာပြော လုပ်ချင်တာစွတ်လုပ်တဲ့ကောင့် ဒီသုသာန်ကုန်းကို ဘာသွားလုပ်တာလဲ ... "

"ကိုမြရွှေပြောတော့ ဟိုသစ်ပင်ကြီးက ငုက်သွားပစ်တာတဲ့၊ အဲဒီမှာ အုတ်ဂူပျက်ကြီးပေါ်ကနေ ဆံပင်ဖားလျားချထားတဲ့ သရဲမကြီးနဲ့သွားတွေ့တာတဲ့ ကိုမြရွှေဆို ရွာကို ဘယ်လိုပြန်ရောက်လာမှန်းတောင် သူ့ကိုယ်သူမသိဘူး"

"ဟို ... ဟို နာမည်ကြီး တစ္ဆေသစ်ပင်ကြီးလား"

"အင်းလေ ... အဲဒီအပင်ကြီးပေါ့ ... "

"အမလေး ... သူတို့မို့ မကြောက်မရွံ့တော် ... ကျုပ်ဖြင့် ခုပြောတာနဲ့တင် ကြက်သီးတဖြန်းဖြန်းနဲ့"

မပြုံးကပြောရင်း အမှန်တကယ် ကြက်သီးထလာဟန်ဖြင့် ပခုံး



တွန့်ပြလေသည်။ ခဏကြာတော့ ဒေါ်ဆယ်၏ ကုန်စုံဆိုင်လေး၌ လူခွဲသွားလေသည်။ သူတို့သည် ဘုရားကုန်းရွာပြင်သုသာန်ကုန်းကြီးအကြောင်း သရဲအခြောက်ခံရသည့် မြရွှေနှင့်ပေတိုးအကြောင်းသိလိုစိတ် စပ်စုလိုစိတ်ရှိပါသော်လည်း ကိုယ်စီအိမ်၌ ခြံ၌လုပ်ငန်းများ လုပ်ကြရမည်မို့သာ လူစုခွဲပြန်သွားကြခြင်းဖြစ်ပေ၏။ ကိုမြရွှေမှာလည်း ကြောက်လန့်ပြီး အိပ်ရာထဲလဲနေလေပြီဟု ကြားသည်။

သို့သော် သူတို့သိချင်သော စပ်စုချင်သော ပေတိုးအကြောင်းကား ဆွမ်းခံပြန်ချိန်မရောက်ခင် ရွာသို့ရောက်ရှိလာလေသည်၊ ပေတိုးအား သွားရောက်ရှာဖွေကြသည့် သားချင်းအချို့နှင့် ရွာသားများက သယ်ဆောင်လာခြင်းဖြစ်သည်။

ပေတိုးလည်း ပါလာပါ၏။

သို့သော် အသက်ဖိဝိနိကာင်းမဲ့နေသည့် အလောင်းကောင်ကြီးအဖြစ်သာဖြစ်၏။ အလောင်းအား ရွာစည်းရိုးစပ်၌ လေးတိုင်စင်ထိုးလျက်ချထားသည့်သတင်းက တစ်ရွာလုံးကြည့်ချင်ပွဲပမာ လူတွေအုံးအုံးကြွက်ကြွက် ဖြစ်သွားကြလေသည်။

ပေတိုး၏မယား ငွေတင်လည်း ဖုတ်ပူမီးတိုက် အပူသည်ရှုပ်ဖြင့် ရွာစပ်သို့ပြေးလေ၏။

"ဟဲ့ ... ပေတိုး ရောက်လာပြီဆို ညည်းတို့ကြားသလား"

"အေးလေ ရောက်တော့လာတာပဲ ... ဒါပေမဲ့ အသက်တော့ပါမလာဘူးပြောတယ် ... ရွာထိပ်မှာ ထားတယ်တဲ့"

"အမလေး ... ဒုက္ခပါပဲ၊ ဒါဆို မြေတိုးသေတာ အစိမ်းသေမို့ ရွာထဲမသွင်းကြတာပေါ့၊ ဒုက္ခတော့ရောက်ပါပြီ ဒီကောင်ကမူးလာရင် ဓါးမြှောင်လေးမှာ အကြွေးဝယ်စားနေကြဟဲ့ ... လာခြောက်ရင် ဒုက္ခပါပဲ"

အချို့သော မိန်းမအချို့သည် ပေတိုးအကြောင်းပြောရင်း အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



သေဖြစ်၍ လာပြီးခြောက်မှာ လှန့်မှာစိုးကြ၏။ အချို့ကမူ ပေတိုးသေရခြင်း အကြောင်းသိရအောင် ရွာစပ်သို့အပြေးအလွှားသွားကြသည်။ ရွာစည်းရိုးစပ် ထန်းတောနားဘေး၌ ရွာရိုးလူကြီးကလေး မိန်းမပါမကျန် လူတွေဖွေးနေ၏။ ပေတိုးအလောင်းအား အချို့ကလည်း မကြည့်ရဲကြည့်ရဲ။ ပေတိုး မိန်းမ ငွေတင်ကမူ အလောင်းစင်နား ငိုယိုနေ၏။

"အမလေး ... ကိုပေတိုးရယ်၊ ရှင်က တစ်သက်လုံး တစ္ဆေသရဲ မကြောက်သူဆို၊ ခုတော့ သရဲမက ကုပ်ချိုးသတ်တာခံလိုက်ရပြီပေါ့ အီးဟီးဟီး"

"အေးဟဲ့ ... ပေတိုးကို သစ်စေးပင်သချိုင်းက ဆံပင်ဖားလျားနဲ့သရဲမက ကုပ်ချိုးသတ်လိုက်တာတဲ့ လည်ပင်းမှာလည်း ညိုမည်းလို့"

"ဒီကောင်က သချိုင်းထဲ ဘာတွေသွားလုပ်သလဲမှ မသိဘဲဗျာ၊ ဒီသချိုင်းက ဟိုတုန်းတည်းက နာမည်ကျော်ဥစ္စာ သုသာန်စောင့်တွေကလည်း ခြောက်တာလှန့်တာကြမ်းပါဘိနဲ့၊ နေဝင်ရင် ဘယ်သူမှ မဖြတ်ရဲတဲ့နေရာ"

"ကျုပ်တို့တစ်မနက်လုံး လိုက်ရှာတာ မတွေ့ဘူးဗျ ... နောက်မှ သစ်စေးပင်ကြီးအောက်မှာ ကန်တော့ပွဲပေးရှာတော့မှ ဒီအတိုင်းတွေ့ရတာ အသက်ကမရှိတော့ဘူး၊ သူ့ကိုခေါ်ထားလိုက်တာနေမှာပေါ့ဗျာ"

ပေတိုးအား လိုက်ရှာသည့်ထဲ၌ပါသူ မောင်ဖေက ပြောသည်။ အနားရှိ ဘကြီးထိန်က ...

"နို့ ... နေစမ်းပါဦး မောင်ဖေရ၊ ပေတိုးအလောင်းကိုတွေ့တော့ ဒီတိုင်းပဲလား"

"ဟုတ်တယ်ဗျ ... ဘကြီးထိန်၊ ဒါပေမဲ့ ထူးခြားတာက ကျုပ်တို့တစ်တွေ လူစုခွဲပြီး မြေပုံတွေ အုတ်ဂူတွေကြား လိုက်ရှာတုန်းကတော့ မတွေ့ဘူး တွေ့မယ့်တွေ့တော့လည်း ဇရပ်ပျက်ကြီးနားက လှူသေကျင်း





ဟောင်းကြီးထဲ သွားတွေ့တာဗျ ... ဇက်ကျိုးပြီးသေနေတာ"

"သူ့ဘာသာသူ အမူးလွန်လို့ပြုတ်ကျပြီး သေတာဖြစ်မှာပေါ့ကွာ ... ခင်းတို့တစ်တွေထင်နေသလို သရဲမ ကုပ်ချိုးတာတော့မဖြစ်နိုင်ဘူး"

ဘကြီးထိန်က ဖြစ်နိုင်ချေရှိသည်များကို တွေးတွေးဆဆဖြင့် ပြော၏။ မောင်ဖေကမူ ...

"ဟာ ... ဘကြီးထိန်ကလည်းဗျာ ... ပေတိုးအကြောင်းလည်း သိသားနဲ့ဥစ္စာ၊ အတူပါသွားတဲ့ ကိုမြရွှေကြီးက အတင်းတားတာမရဘူးတဲ့ သချိုင်းက အစောင့်တွေကိုလည်း ဆဲလိုဆဲ စိန်ခေါ်လို့စိန်ခေါ်တဲ့ သူတောင် ဆံပင်ဖားလျားသရဲမနဲ့တိုးလို့ အသက်လုပြီးပြေးလာတာ ကံကောင်းလို့ မသေတာမဟုတ်လား ... ခုတောင် ဘယ်မှာထနိုင်လို့တုန်း၊ ဒီသုသာန်အကြောင်းလည်း ဘကြီးထိန်သိသားပဲဗျာ"

"အေးလေ ... ဒါလည်း ဟုတ်ပါတယ်၊ သူ့ထိုက်နဲ့သူ့ကံပေါ့ကွာ"

ဘုရားကုန်းရွာဝင် အနောက်ဘက်တောစပ်ရှိ နာမည်ကြီး ယင်းသုသာန်ကြီးနှင့်ကြီးမားလှသည့် သစ်စေးပင်ကြီးမှာ အစောင့်အရှောက်တွေရှိကြောင်း သုသာန်ကုန်းထဲ နေ့ခင်းကြောင်တောင် အဖော်မပါဘဲ သွားလျှင်တောင် ကိုယ်ထင်ပြခြောက်လှန့်တတ်မှန်း အနီးဝန်းကျင်ရှိ ရွာများအားလုံး သိရှိထားကြသည်။

သို့ဖြစ်၍ သုသာန်ကုန်းအတွင်း ဝါးတောကြီးများ ညို့ဆိုင်းနေသော်လည်း မည်သူမျှ ထင်းခုတ် ဝါးခုတ်သွားမလုပ်ရဲကြ။ မယုံ၍ သရဲတစ္ဆေ ဝိဉာဉ်နာနာဘာဝ မကြောက်လန့်တတ်သူများ သွားခုတ်ပူးဇော်မိသောအခါ ယင်းသုသာန်ကုန်းကြီးထက်မှ နေ့ခင်းကြောင်တောင် ခွေးများအူသံနှင့် တောခြောက်သလို ကြုံတွေ့ရခြင်း အသံဗလံများ ပိုးတဝါးအရိပ်အယောင်များ မြင်တွေ့ကြုံဖူးသူတွေ ကြုံတွေ့ဖူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးထိန်သည် အသက်ခုနစ်ဆယ်နားနီးနေသည် ရွာရှိရှေးမှီ နောက်မှီ လူကြီးတစ်ဦးဖြစ်၍ သစ်စေးပင်ကြီးအကြောင်း သုသာန်ကုန်းကြီးအကြောင်း အချို့လူငယ်များထက် ပိုမို၍သိလေသည်။

သူညီကိုယ်တိုင်လည်း ငယ်နုစဉ် အင်္ဂလိပ်မင်းများအုပ်စိုးနေချိန်က ကြုံတွေ့ခဲ့ရဖူးလေသည်။ ထိုအချိန်ကလည်း ယင်းသချိုင်းကုန်းကြီးဖြင့် သစ်ပင်ကြီးမှာ နာမည်ကြီးလွန်း၍ မယုံ၍သွားခြင်းဖြစ်၏။ ထိုစဉ်က သူညီ အိမ်ထောင်ကျခါစဖြစ်ပြီး အိမ်ဆောက်ရန် သစ်ဝါးလို၍ ယင်းဘုရားကုန်းရွာ သုသာန်ကွင်းသို့ သွားရောက်ခုတ်ယူခြင်းဖြစ်သည်။

ထိုစဉ်က ဘကြီးထိန်လည်းပါလေသည်။

♦⌛♦



## သုသာန်ကုန်းက မိန်းကလေး

"ဟဲ့နွား _ ဒီ ညျိုကြီးဟာလေ ဘယ်ဘေးကိုဖွဲ့ဆင်းသွားတာလဲ ... ငါ တယ်လေ ... လုပ်လိုက်ရသေးတော့မယ်"

"ရှမ်း ... ရှမ်း ... "

မနက်ခင်း၏နေရောင်ခြည်နုနုတို့ပင် မရင့်ကျက်သေးပေ။ ထုံးစံအတိုင်း မိုးသောက်အရုဏ်အလင်းရောက်သည်နှင့် ကျေးရွာတို့၏ထုံးစံအတိုင်း နွားငေါက်သံ လှည်းမောင်းသံများဖြင့် စည်ဝေလျက်ရှိမြဲ။ ယခုလည်း မနက်မိုးသောက်အလင်းရောင်ကတည်းက သူတို့ရွာကနေ လှည်းလမ်းကြောင်းအတိုင်း ဘုရားကုန်းရွာဘက်ဆီသို့ ထိန်လင်းတို့ညီအစ်ကို လှည်းတစ်စီးဖြင့် မောင်းလာကြခြင်းပင်ဖြစ်၏။

လှည်းမောင်းလာသူမှာ ထိန်လှုဖြစ်ပြီး ကိုထိန်လင်းမှာမူ လှည်းနံ့ရုံအားမှီလျက် ကွမ်းကိုပါးစောင်၌ခဲကာ လိုက်ပါလာလေသည်။ ဒီမနက် သူတို့ညီအစ်ကို ဘုရားကုန်းရွာ၏နာမည်ကြီးသစ်စေးပင်သုသာန်တို့ သွားနေကြခြင်းဖြစ်လေသည်။ ထိန်လှုမှာ မနေ့တစ်နေ့ကပင် အိမ်ထောင်ရက်သားကျသည်မှာ မကြာသေးပါချေ။ ထိန်လှု အိမ်ထောင်ကျ ... မြို့ သူ



www.burmeseclassic.com

www.burmeseclassic.com



အား ရွာစွန်ရှိ ဘိုးဘွားပိုင်ခြံနေရာလေး၌ အိမ်ကလေးတစ်လုံးဆောက်ပေ ရန် သစ်ဝါးလို၍ ယင်းသုသာန်ကုန်းဘက်သို့ ထွက်ခဲ့ကြခြင်းဖြစ်၏။

ဘုရားကုန်းသုသာန်ကုန်းဖြင့်ဆက်လျက်နေရာ၌ ကြီးမားသည့် သစ်ပင်ကြီးများ ဝါးပိုးရုံကြီးများက ပိုင်ရှင်မဲ့ရှိနေကြသည်။ သုသာန်ကုန်း ဖြင့်ဆက်စပ်လျက်ရှိနေသည်မို့လည်း မည်သူမျှ ယင်းသစ်ဝါးများအား ခုတ် လှဲသုံးစွဲရဲသူ မရှိကြပေ။

သို့သော် ထိန်လင်းတို့ညီအစ်ကိုနှစ်ယောက်မှာမူ နဂိုထဲက ဖွတ် တရွတ်သမားများဖြစ်လေသည်။ ဘာကိုမှလည်း သိပ်အစွဲအလမ်းထားယုံ ကြည်ကြသူတွေတော့မဟုတ်ကြ။ သစ်ဝါးအတွက် ရိုးမအခြေသို့သွားရောက် ခုတ်နေပါလျှင် တစ်ရက်နှစ်ရက်ခန့်ကြာနေပေဦးမည်။ နေစရာအိမ်က အား ချင်းလိုနေလေ၏။

ထို့ကြောင့်လည်း မနေ့ညက အရက်သောက်ကြရင်း ထိန်လှက

''အစ်ကိုကြီး''

''ဟေ ...''

''ကျုပ်အိမ်ဆောက်ဖို့အတွက် လိုနေတဲ့ဝါးတွေကို ဘုရားကုန်း သုသာန်စပ်ကသွားခုတ်ရင် မကောင်းဘူးလားဗျ''

''ဟာကွာ မင်းဥစ္စာ ... မဟုတ်တာ သုသာန်ကပစ္စည်း အိမ် တွေမှာ မသုံးကောင်းဘူး။ စီးပွားပျက် လူပျက်ခိုက်တတ်တယ်ကွ၊ အခြား နေရာကရှာစမ်းပါကွာ''

''ဟာ ... အစ်ကိုကြီးကလည်း လွယ်လွယ်သာ သုသာန်ကုန်း လို့ပြောတာ သုသာန်က မြေနေရာနဲ့အလွတ်ကြီးပါဗျာ၊ အဲဒီမှာ သစ်တွေ ဝါးတွေပေါတယ်ဗျ ... မနက်ကျ သွားခုတ်မယ်ဗျာ''

''အဲဒီသုသာန်က နာမည်ကြီးနော် ထိန်လှ''

ထိန်လှသည် လုပ်ချင်သည့်အရာတစ်ခုကို မဖြစ်မနေလုပ်တတ်





သည့် တဖွတ်ထိုးညာဉ်ရှိလေသည်။ ထို့ကြောင့် ထိန်လင်းပြောသော်လည်း ယင်းသုသာန်ကုန်းက ဝါးသစ်များအား သွားခုတ်မည်မှာသေချာနေသည်။ သူသည် ယင်းသုသာန်ကုန်းကြီးအား ကြောက်ရွံ့ထိတ်လန့်၍တော့မဟုတ် ပေ။

ယင်း ဘုရားကုန်းသုသာန်ကြီးသည် သူတို့နယ်ပယ်တခွင်မှာ နာမည်ကျော်ကြားလွန်းလှသည်။ ကိုထိန်လင်းမှာ ဒီရွာမွေး ငယ်မွေးခြ ပေါက်ဖြစ်၍ ယင်းသုသာန်ကုန်းကြီးအလယ်တည့်တည့်ရှိ သစ်စေးပင်ကြီး အကြောင်းလည်း ငယ်ငယ်ကပင်ကြားဖူး၏။

သူတို့ငယ်စဉ်ကတော့ ယင်းသုသာန်ကုန်းရှိ သစ်စေးပင်ကြီး၏ အခေါင်းပေါက်များထဲမှ ခိုအောင်းနေသည့်ငှက်များသွားရောက်ပစ်ခတ် လေ့ရှိသည်။ ထိုအခါ သူတို့မိဘများသိရှိသွားလျှင် အပြင်းအထန်တား၍ ရိုက်နှက်လေ့ရှိလေသည်။ နောက်ပိုင်း ထိန်လင်းတို့ ခြေမကျူးတော့။

သို့သော်လည်း ယင်းဘုရားကုန်းရွာစွန်ရှိ သုသာန်ကုန်းကြီး၏ ထိုတစ္ဆေသစ်ပင်ကြီးကနေ ခြောက်လှန့်ခြင်းများ မကောင်းဆိုးဝါးနာနာဘာဝ များ မကျွတ်မလွတ်ဘဲ တွယ်ကပ်နေထိုင်ကြောင်း မကြာခဏကြားရ၏။

ယင်းနောက် ထိန်လင်း ယခုအရွယ်တွင် ယင်းသစ်စေးပင်သချိုင်း ကုန်းကြီးတွင် လူအများအံ့ဩစုပ်သပ်ရလောက်အောင် ရင်နင့်ကြေကွဲဖွယ် ရာ အဖြစ်အပျက်တစ်ခုက ဟိုးလေးတကြော်ဖြစ်ပွားပေါ်ပေါက်ခဲ့လေသည်။ သူတို့တစ်နယ်လုံး အံ့ဩထိတ်လန့်သွားရသည့်အဖြစ်အပျက်ပင်ဖြစ်သည်။ ကြားရသူတိုင်း စုပ်တသပ်သပ်။

ယင်းမှာ ဘုရားကုန်းရွာမျက်နှာဖုံးသူဌေးကြီး ဦးမြဒင်၏သမီးဖြစ် သူနှင့် ပန်းဆက်ရွာသားလေးမြတ်သာတို့၏ ကြေကွဲဖွယ်အဖြစ်ဆိုးကြီးပင် ဖြစ်၏။ ပန်းဆက်ရွာဟူသည်က ယခုထိန်လင်းတို့နေထိုင်သည့် ထိုမှတော ရွာနှင့်ဘုရားကုန်းရွာကြီး၏ အနောက်ဘက်စူးစူး၌ သီးခြားတည်ရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ရွာသိမ်ရွာငယ်ကလေးတစ်ခုပင်ဖြစ်၏။ ပြောရလျှင် ယင်းပန်းဆက်ရွာကို ထိန်လင်းတို့ ထိန်တောရွာအပါအဝင် အနီးဝန်းကျင်ရှိရွာများက ပတ်သက်ဆက်ဆံမှုမပြုကြပေ။

ရွာအများက ဝိုင်းကြဉ်ဖယ်ထားသော ရွာငယ်ရွာစုလေးပင်ဖြစ်သည်။ ဒါကလည်း အကြောင်းရှိလေသည်။ ယင်း ပန်းဆက်ရွာဟူသည် ရှေးရှေးကတည်းက တည်ရှိခဲ့သည့်ရွာဟု သက်ကြီးရွယ်အိုများကပြောဆိုကြသည်။ ပန်းဆက်ရွာအား ဝိုင်းပယ်ထားကြသည့်အကြောင်းမှာ ပန်းဆက်ရွာတစ်ရွာလုံးသည် ရှေးကတည်းက ဘုရားကျွန်မျိုးရိုး ကယ်ပါမျိုးရိုးများသာနေထိုင်ကြသောကြောင့်ဖြစ်သည်။

ဒါကလည်း လူကြီးသူမများ အစဉ်ဆက်ပြောသံကြားဖူးခြင်းဖြစ်၏။ ဟုတ်မဟုတ်တော့ မည်သူမျှ သေချာစွာမပြောနိုင်ကြ။ ယင်းအပြင် ပန်းဆက်ရွာသားများသည် ဘုရားကျွန်မျိုးရိုးဖြစ်၍ ရှေးဟောင်းအတတ်ပညာများ ဂမ္ဘီရမှော်ပညာများ တတ်မြောက်ကျွမ်းကျင်သည်ဟုလည်းဆိုကြ၏။ ယင်းမှာ ခါတရံ ပန်းဆက်ရွာကောင်းကင်ပြင်ထဲတွင် လူးလာခေါက်တုန့်ပျံဝဲနေသည့် မီးလုံးရောင်စုံများ ရံဖန်တွေ့သူက တွေ့သည်ဟုဆိုပြန်သည်။

ထူးခြားသည်မှာ ပန်းဆက်ရွာလေး၏အရှေ့ဘက်၌လည်း ရှေးဟောင်းဘုရားပျက်ကြီးတစ်ခုတည်ရှိပြီး ဆွေးမြေ့ပြိုကျလျက် ချုံနွယ်ပိတ်ပေါင်းများ လွှမ်းမိုးလျက်ရှိ၏။ ယင်းစေတီပျက်ကြီးအားအစွဲပြုကာ ပန်းဆက်ရွာအား ဘုရားကျွန်များ ကယ်ပါများဟုဆိုကြခြင်းဖြစ်သည်။ ထို့ပြင် ပန်းဆက်ရွာသားများသည် ရှေးဟောင်းဂမ္ဘီရမှော်အတတ်များအစဉ်အဆက်တတ်သည်ဟုဆိုကြ၍လည်း လူတွေက ဝိုင်းပယ်ထားကြခြင်းဖြစ်သည်။

ပန်းဆက်ရွာသူ ရွာသားများသည်လည်း မည်သည့်ရွာဖြင့်မျှ အဆက်အဆံမပြုဘဲ ရွာအတွက်လိုအပ်သည်များအား မြို့ဈေးသို့သာ သွား





ရောက်ဝယ်ခြမ်းကြလေ့ရှိသည်။ မြတ်သာသည် ယင်းပန်းဆက်ရွာသားဖြစ်သည်။ ထိန်လင်းတို့ကြားရသည့်မှာ ...

ဘုရားကုန်းရွာ၏ မျက်နှာဖုံးသူဌေးလည်းဖြစ် ကျေးရွာပေါင်းတစ်ရာအားအုပ်ချုပ်ရသည့် သူကြီးလည်းဖြစ်သူ ဦးမြဒင်၏သမီးဖြစ်သူမြနှင်းနွယ်ဖြင့် မြတ်သာတို့ လူငယ်သဘာဝ ရည်ငံကြရာမှ ဤသို့အဖြစ်ဆိုးကြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် ပန်းဆက်ရွာသား မောင်မြတ်သာနှင့် သူဌေးကြီးဦးမြဒင်၏သမီး မြနှင်းနွယ်တို့ချိန်းဆိုတွေ့ကြရာမှ သူဌေးကြီးသိ၍ လွတ်မြောက်ရန် ထွက်ပြေးကြလေသည်။ သူတို့နှစ်ဦးသားထွက်ပြေးရာနေရာသည်ကား ဘုရားကုန်းရွာပြင်တောစပ်ရှိ သစ်ဖေးပင်သုသာန်ကြီးပင်ဖြစ်၏။

သူတို့နှစ်ဦးထွက်ပြေးကြမှန်း သူဌေးကြီးဦးမြဒင် ကြားသိသိချင်း သူ၏နောက်လိုက်တပည့်များဖြင့် လှည်းသုံးစီးဆင့်ကာ လက်နက်ကိုယ်စီဖြင့် မြတ်သာနေထိုင်ရာ ပန်းဆက်ရွာသို့လိုက်ကြ၏။ မြတ်သာအားပန်းဆက်ရွာ၌ ရှာဖွေမတွေ့ချေ။ နဂိုထဲကမှ ပန်းဆက်ရွာသားများနှင့် ဘုရားကုန်းရွာသည် အပတ်သက်အဆက်ဆံမပြုလုပ်၍ မြတ်သာနှင့်သမီးဖြစ်သူအားရှာဖွေရင်း သူဌေးကြီးဦးမြဒင်၏ သူတို့ရွာအပေါ် အထင်သေးနှိမ့်ချစော်ကားသည့် စကားများကြောင့် ရွာသားချင်းအခြေအတင်ခိုက်ရန်ဖြစ်ပွားတော့မည့်အခြေအနေသို့ ရောက်သွားကြသည်။

သို့သော် မြတ်သာ၏ဖခင်ဖြစ်သူ အလျှော့ပေးလိုက်၍ ခိုက်ရန်တော့မဖြစ်ပေ။

ယင်းနောက် ရွာသားတစ်ဦးထံမှ ပန်းဆက်ရွာသားမြတ်သာတို့ သစ်ဖေးပင်သုသာန်ကုန်းကြီး၌ ပုန်းအောင်နေထိုင်နိုင်သည်ဟု ယူဆပြီး ဦးမြဒင်တို့က သတ်မည်ဖြတ်မည်ဟူသော ဒေါသဖြင့် တောနင်းရှာဖွေ၏။



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားကြ၏။ ထိုအခါ ပန်းဆက်ရွာသားများကလည်း မြတ်သာအတွက် စိတ်ပူပန်ပြီး ဒုတ်ဓားလက်နက်ကိုယ်စီဖြင့် နောက်ကနေ ထပ်ချပ်မကွာ လိုက်ပါသွားကြ၏။

သို့သော်လည်း ပန်းဆက်ရွာသားများ သုသာန်ကုန်းသို့ရောက်ရှိသွားကြသောအခါ လက်မတင်လေး နောက်ကျသွားခဲ့လေပြီ။ ယင်းမှာ သူဌေးကြီးဦးမြဒင်တို့လူစု မီးတုတ်များဖြင့် သုသာန်ဝင်းအနှံ့လိုက်လံရှာဖွေရာ မြတ်သာနှင့်မြနှင်းနွယ်သည် ကြောက်လန့်တကြားမှောင်ဖြင့်မည်းမည်းထဲ ပြေးလွှားကြရင်း မြေကျင်းအပြိုကြီးတစ်ခုတွင်းသို့ နှစ်ယောက်သား ပြုတ်ကျရာမှ မြနှင်းနွယ်မှာ ကံကြမ္မာဆိုးဝါးစွာ လူသေအလောင်းထိုးဆွဲသည့် သံစူးဝါးငုတ်တိုကြီး ထိုးစိုက်မိကာ သေဆုံးခဲ့ရရှာ၏။ သူတို့နှစ်ဦးမေတ္တာတရားနှင့် သစ္စာကားကြီးမားလှ၏။

မြတ်သာသည် မြနှင်းနွယ်၏အလောင်းအား အပေါ်သို့သယ်ယူကာ သူတို့နှစ်ဦး၏ ချစ်ခြင်းကိုခွဲသည့် သူဌေးကြီးဦးမြဒင်နှင့်ရွာသားများအား စူးစူးဝါးဝါးကြည့်ကာ ကျိန်စာများဆိုပြီး သူ့ကိုယ်သူအဆုံးစီရင်သွားခဲ့လေသည်။ ထိုအချိန်တွင် ရောက်ရှိလာကြသည့် ပန်းဆက်ရွာသူရွာသားများသည် မြတ်သာသေရခြင်းသည် ဘုရားကုန်းရွာကြောင့်ဟု အထင်အမြင်လွဲမှားလျက် ဒုတ်ဓားများဖြင့် ဝင်ရောက်ခုတ်ထစ်လေတော့၏။

ထိုညက သစ်စေးပင်သုသာန်ကြီးတစ်ခုလုံး သွေးညှီနံ့လွှမ်းခြုံသွားလေတော့သည်။ အသက်မသေဘဲ ပြန်လည်ထွက်ပြေးသည့် ပန်းဆက်ရွာသားများအားသူဌေးကြီးဦးမြဒင်နှင့်နောက်လိုက်ကြသည့် အချို့သည် ရွာတွင် လူသူပြန်စုလျက် ညတွင်းချင်းပင် ပန်းဆက်ရွာလေးအား ပြာပုံဘဝသို့ရောက်အောင် မီးတင်ရှို့လိုက်ကြလေတော့သတည်း။

ပန်းဆက်ရွာလေးခမျာ ပြာပုံဘဝသို့ရောက်ရှိသွားရ၏။ ယင်းအချိန်က နယ်ချဲ့များအုပ်စိုးနေသည့်အချိန်ကာလလည်းဖြစ်သလို တရား





ဥပဒေဖြင့် လက်လှမ်းမေးရာနယ်ပယ်အစွန်အဖျားလည်းဖြစ်၍ ရွာအချင်းချင်းလည်း မကြာခဏ ရွာလုံးကျွတ်ပြဿနာများ ပေါ်ပေါက်တတ်လေ့ရှိသဖြင့် ဟိုလိုလိုဒီလိုလိုဖြင့် ပြီးသွားခဲ့ရသည်။

ယင်းသတင်းသည် တစ်နယ်လုံး နာမည်ကြီးသွားလေတော့၏။

သူဌေးကြီးဦးမြဒင်လည်း အသက်မသေသော်လည်း ဒဏ်ရာပြင်းထန်စွာရလျက် သိပ်မကြာခင် ရွာကနေ ပျောက်ချင်းမလှပျောက်သွားခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်၏။ သည့်နောက်ပိုင်းမှာတော့ ဘုရားကုန်းရွာထိပ် ယင်းမှော်အတတ်ဆန်လှသည့်သစ်စေးပင်ကြီးတည်ရှိရာ သုသာန်ကုန်းသည် အခြောက်အလှန့်ပိုမိုထူပြောကာ မည်သူမျှ နေ့ခင်းကြောင်တောင် ဖြတ်သန်းမသွားလာဝံ့တော့။

မကြာခဏလည်း နာနာဘာဝ ဝိညာဉ်ပရသားများ၏ အခြောက်အလှန့်ကိုခံရတွေ့ကြုံရသူတွေရှိလေသည်။ ယခု ယင်းသုသာန်ကုန်းကြီးနှင့် ထိစပ်နေသည့်တောစပ်ကနေ သစ်ဝါးခုတ်ရန် ညီဖြစ်သူ ထိန်လှအားတားဆီးမရ၍ ထိန်လင်းပါ လိုက်ပါလာရ၏။

ထိန်လင်းကမူ တစ္ဆေသရဲဝိညာဉ်နာနာဘာဝများကို ကိုယ်တိုင်ကိုယ်ကျ မတွေ့ကြုံ့အခြောက်အလှန့်မခံရဘူးသော်လည်း ဘုရားရှင်၏တရားတော်အရ ဝိညာဉ်လောကသားများရှိသည်ဟု ယုံကြည်လေသည်။ သို့သော် ယုံပင်ယုံငြားသော်လည်း မည်သည့်ကိစ္စမဆို စဉ်းစားတွေးခေါ်မှုဖြင့် ကြောင်းကျိုးဆက်စပ်ကာ ယုံလေ့ရှိသည်။ အများပြောတိုင်းလည်း လက်ခံချင်မှ လက်ခံ၏။

မကြာမီ သူတို့၏လှည်းသည် သစ်စေးပင်သုသာန်ကုန်းကြီးတည်ရှိရာ တောစပ်သို့ချဉ်းကပ်မိလာလေသည်။ သုသာန်ကုန်းကြီးသည် ညှို့မှိုင်းနေသလို အလယ်ခေါင်ရှိ သစ်စေးပင်ကြီးမှာလည်း ကြီးမားမြင့်မားစွာ



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ဖြစ်နေရလေသည်။ ဝါးပိုးတောကြီးကလည်း စိမ်ညို့နေလေသည်။

"ကြည့်စမ်းပါဦး အစ်ကိုကြီးရ ဝါးတွေစိမ်းထနေတာပဲ"

"ဟော့ကောင် ဝါးခုတ်တာခုတ်နော်၊ ပါးစပ်ကနေ အပုတ္တ အနုတ္တတွေ လျှောက်မပြောနဲ့၊ ဒီသုသာန်က ခပ်ကြမ်းကြမ်းရယ် မင်းကိုပြောမရ လို့ထာလိုက်လာတာ"

"မကြောက်စမ်းပါနဲ့ အစ်ကိုကြီးရာ လူကြမ်းရင်နတ်ကြမ်းတောင် မခံနိုင်တာ ဒီပရလောက တစ္ဆေသရဲတွေများ အစ်ကိုကြီးရာ"

"ဟာ ... ဟေ့ ... ဟော့ကောင် ဒီကောင်ကွာ"

ထိန်လင်း၏စကားမဆုံးခင် ထိန်လှသည် လှည်းအောက်သို့ ရောက်ရှိသွားလေပြီ။ ဝါးခုတ်ဓားကိုကိုင်လျက် ထိန်လှက သူ့အား ...

"ကျုပ် အရှေ့ဘက်ဝါးပိုးရုံဘက် သွားခုတ်မယ်၊ အစ်ကိုကြီး လှည်းပေါ်မှာပဲ နွားကြည့်နေဗျာ ... "

"ဟော့ကောင် ... နေ ... နေဦး"

ထိန်လှသည် လွယ်အိတ်တွင်းမှ အရက်ပုလင်းအားထုတ်ကာ မော့လိုက်ပြီး ထိန်လင်း၏အပြောကိုပင် မစောင့်တော့ဘဲ အရှေ့ဘက်သို့ တိုးဝင်သွားလေသည်။ ထိန်လင်းသည် လှည်းပေါ်ကနေဆင်း၍ သူညီတိုး ဝင်သွားရာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသည့်တောလမ်းလေးအတိုင်း လိုက်၍ဝင်သွားပါသော်လည်း ညီဖြစ်သူက ပျောက်ချင်းမလှ ပျောက်သွား လေပြီ။

သူလည်း ရှေ့ဆက်တောတိုးရင်း အတော်ကောင်းသည့် ဝါးပိုး ရုံကြီးတစ်ရုံအား ဘွားခနဲသွားတွေ့လိုက်ရလေသည်။ ထိန်လင်းသည် ထိန်လှအား လိုက်လံရှာမနေတော့ဘဲ ဝါးပိုးပင်အားစတင်ခုတ်လေ တော့သည်။

"ဒုတ် ... ဒုတ်"





"ဂစ် ... ဂစ် ... ဂီး"

သူ ခုတ်နေစဉ်မှာပင် အနောက်ဘက်ကနေ ခေါင်းပေါ်ဖြတ်ပျံရင်း ဂစ်ခနဲအော်မြည်သွားသည့် ငှက်ဆိုးအော်သံကြောင့် စိတ်ထဲထင့်ခနဲဖြစ် သွားရလေသည်။ ဒီလင်းကောင်ပိုးငှက်ခေါ် ငှက်ဆိုးသည် နေ့လယ်နေ့ခင်း ထွက်ခဲ့သလို အော်မြည်ခဲ့လေသည်။

သို့သော်လည်း ဤသုသာန်ကုန်းထက်ရှိ သစ်စေးအခေါင်းပေါက် သစ်ပင်အိုကြီးမှာ ရှားပါးသည့်လင်းတငှက်များသာမက ငှက်မျိုးစုံမြွေမျိုးစုံ ခိုအောင်းနေထိုင်ကြောင်း ထိန်လင်းသိထား၏။ သူ ဝါးခုတ်နေရာသည့် သုသာန်ကုန်းကြီးနှင့် မဝေးလှပေလည်း ရိပ်စားမိလိုက်၏။ ညီဖြစ်သူ ထိန်လှ တစ်ယောက် ဘယ်နားသွားခုတ်နေသည်မသိပေ။

ဝါးခုတ်သံ ဝါးပင်ပြိုလဲသံကိုလည်း အနီးဝန်းကျင်၌ မကြားရချေ။

တဖြည်းဖြည်းတွေးရင်းက ထိန်လင်းသည် ဝါးခုတ်တာကိုရပ်လိုက် ပြီး ထိန်လှအတွက် စိတ်ထဲစိုးရိမ်ပူပန်လာမိလေသည်။ သူဆက်လက်၍ ဝါးခုတ်လို့မရတော့။ စိတ်က မဖြောင့်တော့ပေ။

"ဝေး ... အူ"

သူ အော်ဟစ်ပေးလိုက်မိသည်။ ပြန်လည်ထူးသံအား မကြားရ။ ထိန်လင်း ညီဖြစ်သူအတွက် ပိုမိုစိုးရိမ်သွားပြီး ဝါးပိုးရုံကြီးဆီကနေ အရှေ့ ဘက်သို့ လှမ်းတိုးဝင်လိုက်၏။ သစ်ပင်ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်း ပြီးလာခဲ့ရာ မကြာခင် သူ၏ရှေ့၌ သစ်ပင်ကြီးတစ်ပင်အား ဘွားခနဲတွေ့ မြင်လိုက်ရလေတော့၏။

"ဟင်"

ဒီသစ်ပင်ကြီးအား သူသိသည်။ သစ်စေးပင်သုသာန်ကုန်း အလယ်ရှိ သစ်တံခါးပေါက်ကြီးဖြင့် သစ်စေးပင်ကြီးပင်ဖြစ်လေသည်။ ဒီကို သူရောက်လာသည့်နေရာက သုသာန်ကုန်းကြီးပဲပေါ့။ ထိန်လင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်ကြောင့်မှန်းမသိ သစ်ပင်ချုံရိုင်းများ အုပ်မိုးထူထပ်နေသည့် သုသာန်ကုန်းကြီးဖြင့် မြေပုံမှတ်တိုင်များ အုတ်ဂူအပြိုအပျက်များအားကြည့်ရင်း ကြက်သီးတစ်ချက် စိမ့်ခနဲထသွားလေသည်။

ဘာကြောင့်မှန်းမသိ။ သူ၏စိတ်တွင်း၌ ထိန်လှအတွက် ပို၍ စိတ်ပူပန်စိုးရိမ်သွားမိသည်။

"ဟင်"

ရုတ်တရက် ထိန်လင်း၏မျက်စိထဲ၌ သုသာန်ကုန်းကြီး၏အုတ်ဂူအပြိုပျက်ကြီးတစ်ခုနောက်မှ လူရိပ်သဏ္ဍာန်တစ်ခုအား ဖျတ်ခနဲတွေ့လိုက်ရသလိုရှိ၏။ ထိန်လှများလား ထိန်လှသည် တဖွတ်ထိုးသမားပီပီမူးလာလျှင် လုပ်ချင်တာလုပ်တတ်သည့်စရိုက်ရှိ၏။

"ထိန်လှ"

ပြန်လည်ထူးသံ မကြားရ။

တိတ်ဆိတ်ချောက်ချားဖွယ် လူသူကင်းမဲ့နေသည့်တစပြင် သုသာန်ကြီးဖြစ်၍လည်း ထိန်လင်းသည် နာမည်အားကျယ်ကျယ်မခေါ်ချင်။ စောစောက လူရိပ်မြင်ရသည့်နေရာအား ထိန်လင်းအလျင်အမြန်သွားလိုက်၏။ သို့ အရမ်းအံ့သြသွားရလေသည်။

ထိုနေရာတွင် အုတ်ဂူပျက်ကြီးနှစ်ခုမှလွဲ၍ မည်သူမျှရှိမနေပါ။ ယင်းအခိုက် ...

"အဟင်း ... ခစ် ခစ် ..."

"ဟာ"

ထိန်လင်းခေါင်းနပန်းကြီးသွားရရင်း လှစ်ခနဲ နောက်သို့လှည့်ကြည့်လိုက်၏။ ရုတ်တရက် သူနောက်ကျောမှ ရယ်သံလေးဖြင့်အတူ ရိပ်ခနဲ လူရိပ်သဏ္ဍာန်အား ထပ်မံတွေ့မြင်လိုက်ရပြန်သည်။ ထိန်လင်းသည် သုသာန်ကုန်းကြီးအထက် ရောက်နေသော်လည်း တစ္ဆေသရဲမကြောက်ပေ။





နောက်ပြီး တစ္ဆေသရဲ ဝိညာဉ်လောကသားများသည် ခြောက်ချည်ခြောက်လျှင် နေ့ခင်းကြောင်ကြောင်တော့ မခြောက်ဟုသူတွေးထင်ထားပြီးတော့ သူပီပြင်စွာကြားလိုက်ရသောရယ်သံသည် မိန်းမတစ်ယောက်၏ရယ်သံက သေချာပါ၏။

သုသာန်တစပြင်ထဲ ဘယ်ကမိန်းမသည် ရောက်ရှိနေသည်လဲ။

ရုတ်တရက် ထိန်လင်း၏နှာခေါင်းဝသို့ လေအငွေ့မှာ မည်သည့်နေရာကရောက်ရှိလာမှန်းမသိရသော အပုပ်နံ့ကြီးက စူးခနဲပျံ့လွင့်ရောက်ရှိလာ၏။ ထိန်လင်းသည် အပုပ်နံ့ကမခံသာအောင် နံဟောင်နေသည်ထက် ညီဖြစ်သူအပေါ် စိုးရိမ်သောကက ပိုလွှမ်းနေ၏။

ဒီကောင် ပျောက်ချင်းမလှပျောက်နေသည့်က ဆိုးသည်။ ထိန်လင်း မြေပုံများ အုတ်ဂူများကြားကနေ ရှေ့ဆက်သွားစဉ် —

"ဟာ ... ထိန်လှ ... ထိန်လှ ..."

ရုတ်တရက်ဆိုသလိုပင် မလှမ်းမကမ်းရှိ မြေပုံမို့မို့လေးတစ်ခုအား ခေါင်းငိုက်လျှက် လဲပြိုကျနေသည့်ထိန်လှအား တွေ့လိုက်ရသဖြင့် စိုးရိမ်စွာပြေးသွားမိလေသည်။

"ထိန်လှ ... ထိန်လှ"

ညီဖြစ်သူသည် ဖက်ကျိုးနေလေသည်။

သို့သော် အသက်ရှူနေသေးသဖြင့် အသက်သေဆုံးခြင်းမဟုတ်သည်ကတော့ သေချာနေလေသည်။ ကိုယ်ကလည်း ငွေ့ငွေ့လေးမျှနွေးနေသေး၏။ ထိန်လင်းသည် ညီဖြစ်သူအားအတန်ကြာ လှုပ်နှိုးသော်လည်း နိုးမလာဘဲ အစိုလာစ်နေသဖြင့် ပခုံးပေါ်ထွေ့ခနဲထမ်းကာ သုသာန်ကုန်းကြီးထဲကနေ အပြေးကလေး လှမ်းထွက်ခဲ့လေတော့သည်။ ရွာသို့လှည်းကိုပြန်မောင်းလာရင်း ရွာသို့ပြန်ရောက်ပြီး အတန်ကြာမှ ထိန်လှပြုံးတုန်းပြီအမူအရာဖြင့် သတိပြန်ရလာလေသည်။ ပတ်ဝန်းကျင်အား ငေးကြည့်လျှက်



www.burmeseclassic.com

www.burmeseclassic.com



က ...

"ဟို ... ဟို လူနီကြီးရော"

"ဘယ်က လူနီကြီးလဲ ... မင်းကို ငါရှာထိမနည်းထမ်းခေါ်လာ

ခဲ့တာ"

"ကျုပ် ... ကျုပ် လူနီကြီးတစ်ယောက်နဲ့ဆုံပြီး နပန်းလုံးသတ်

နေရလို့ဗျ"

ထိန်လှသည် သူကြုံတွေ့ရခြင်းအား ပြန်လည်ပြောပြလေ၏။

ထိန်လှတစ်ယောက် နတ်ကနေမကြားဝှံမနာသာ အယုတ္တ အနေ

ဆဲဆိုပြီး တေးမခါးကြားထိုးလျှောက် ဝါးတောကြီးထဲလှမ်းဝင်လိုက်စဉ် သူ၏ရှေ့

မလှမ်းမကမ်းမှ မျက်ထောင့်နီကြီးဖြင့် သူ့အားလှမ်းကြည့်နေသည့် လူ

တစ်ယောက်နှင့် သွားတွေ့လိုက်သည်။ ယင်းလူနီကြီးက သူ့အားမဖေ

မနပ်ဖြင့်ကြည့်ကာ လက်ယပ်လှမ်းခေါ်သည်မို့ ထိန်လှလိုက်ပါသွား၏။

သုသာန်ကုန်းပေါ်သို့အရောက် ရှေ့ကသွားနေသည့် လူနီကြီး

သည် ဘာမပြောညာမပြောဖြင့် သူ့အားပြေးလာပြီး ဖက်၍နပန်းလုံးတေ

တော့သည်။ ထိန်လှသည် မူးနေပါသော်လည်း အားကျမခံ ယင်းလူနီကြီး

အား ပြန်လည်၍ လုံးသတ်လေသည်။ လူနီကြီးထံမှ ညှီစို့စို့အနံ့လို

အပုပ်နံ့လိုလိုအနံ့ကြီးအား နီးကပ်စွာရှူနေရသဖြင့် ထိန်လှသည် မူး

သော်လည်း အော့အန်ချင်လာမိ၏။

သူ၏မျက်လုံးထဲတွင်လည်း လူနီကြီးအား မည်းမည်းအရိ

သဏ္ဍာန်ကြီးအလားပင် ထင်မြင်နေရလေသည်။ သို့သော် ထိန်လှသ

ယင်းလူနီကောင်ကြီးအား လက်သီးဖြင့် အားကုန်ထိုးပါသော်လည်း သူ

စိတ်တွင်း၌ ဖွဲအိတ်ကြီးတစ်လုံးအားထိုးရသလို ပျော့စိစိ။ အရိပ်သဏ္ဍာ

လူနီကြီးမှာလည်း မည်သို့မျှ နာကျင်ဟန်မတူပေ။

လူနီကြီး၏ပြင်းထန်သော လက်သီးချက်များကြောင့်သာ ထိန်





ခမျာ မြေပုံတွေကြား ဗုန်းခနဲ ပစ်လဲကျသွား၏။ နောက်ဆုံး ထိန်လှ

မခံနိုင်တော့ပေ။

အဟား ... ဟီး ဟီး ...

လူနီကြီး၏ရယ်မောသံဖြင့်အတူ လက်သီးချက်ကြောင့် နောက်ဆုံး

ထိန်လှတစ်ယောက် လောကကြီးဖြင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံးကိုပါ

မေ့လျော့သွားလေတော့သည်။ သူနောက်ဆုံး သတိလစ်မသွားခင် သူ၏

ခန္ဓာကိုယ်ပေါ်သို့လေးလံသည့် အရာဝတ္ထုကြီးတစ်ခုဝိကျလာသလို ထိန်လှ

ကြောက်စိတ်များ ဝင်လာမိခြင်းပင် ဖြစ်လေတော့၏။

သူ့ကိုယ်သူ ရှာပြန်ရောက်မှသာ သတိပြန်ရလာတော့သည်။

ယင်းကြောင့် သတိရလာလာခြင်း ထိန်လှတစ်ယောက် ကြောက်လန့်တကြား

ဖြင့် လူနီကြီးဟုမေးခြင်းဖြစ်သည်။ ထိုအဖြစ်အပျက်အလုံးစုံအား ထိန်လှပြန်

ပြောပြနေခြင်းဖြစ်၏။

"အမလေး ... မသေကောင်းမပျောက်ကောင်း ထိန်လှရယ်။

အဲဒါကြောင့် ကျွန်မရှင့်ကို အဲဒီနေရာ ဝါးသွားမခုတ်ပါနဲ့လို့ အတန်တန်

တားတာပေါ့၊ အဲဒါ မကောင်းဆိုးဝါးပဲဖြစ်မှာ"

"ငါကလည်း ဝါးကောင်းကောင်း များများလိုချင်တာကိုးဟ။

မင်းက တဖွတ်ထိုးတဖောက်ကန်းပဲ ထိန်လှ ... အရက်ကလည်းမူးပြီး

နတ်က တောင်ပြောမြောက်ပြောနဲ့ အဲဒီ သုသာန်စောင့်တဲ့ ပရလောကသား

တွေက မင်းကိုမကျေနပ်လို့လုပ်တာဆိုလား ... ငါတောင်မှ အခြောက်

အလှန့် ခံရတယ်၊ ဒီသုသာန်က နာမည်ကြီးမယ်ဆိုလည်း ကြီးလောက်ပါ

တယ်ကွာ၊ နေ့ခင်းကြောင်တောင်တောင် ကြောက်တတ်သူဆို သွေးပျက်ပြီး

သေလောက်တယ် အဟုတ် ... "

ထိန်လင်းကမူ ဤမျှလောက်သာ ပြောလေသည်။ ယင်းမှာ

တုန်းရွာစပ် သစ်စေးပင်သုသာန်ကုန်းနာမည်ကြီးရခြင်းအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သိသွားလေပြီ။

ထိုအချိန်က နောင် ဘကြီးထိန်ဖြစ်လာမည့် ထိန်လင်းပင် ဖြစ်ပေသည်။ သစ်စေးပင်သချိုင်းက ဤမျှလောက် နာမည်ကြီးလေသည်။

♦ ♦



ရိုးယာဉ်တောင်

ရိုးမတောစပ်သည် စိမ်းမှောင်ညို့ဝေနေလေသည်။

အဝေးကနေကြည့်လျှင် သစ်ပင်ကြီးများ ဝါးရုံပင်တောကြီးများက ထိုးထက်ဆုမတတ်ရှိနေသဖြင့် တစ်ခါတရံနေပြောက်ပင် မထိုးရလောက်အောင် အုပ်ဆိုင်းလျက်ရှိသည်။ ရိုးမတောင်ခြေဖြင့်ထိစပ်လျက် တည်ရှိနေကြသော ရွာသိမ်ရွာငယ်လေးများကလည်း လယ်ယာချောင်းမြောင်းလုပ်ငန်းအပြင် အားလပ်သည့်အခါ ရိုးမပေါ်သို့တက်၍ ထင်းခုတ်ဝါးခုတ်ပြုလုပ်ကြလေသည်။

ရိုးမဖြင့်အနီးဆုံး သစ်အိုပင်ရွာဖြင့် ကုက္ကိုခရွာအကြား လှည်းလမ်းတမှ သစ်ရိပ်များကျဲပါးလျက် ကွင်းပြောင်ပြောင်ကြီးဖြစ်နေလေသည်။ ရံဖန်မှ သစ်ပင်ကြီးကြီးမားမား တစ်ပင်တလေ တွေ့ရ၏။ လှည်းလမ်းနှင့်ဝေးပေါက်ရောက်နေသည့် သစ်ပင်ကြီးများမှာလည်း နှစ်သက်ရင့်သစ်ပင်ကြီးများပီပီ လှည်းသမားများ ရွာသူရွာသားသစ်ဝါးခုတ်သူများ ခနီးတစ်ထောက်နားနေရန် အရိပ်အာဝါသကောင်းလွန်းလှလေသည်။

နေသည် ထန်းတစ်ပင်အမြင့်သို့ပင် ရောက်နေလေပြီ။ မှောင်စ



www.burmeseclassic.com

www.burmeseclassic.com



မြစ်၌ လှည်းလမ်းတစ်ခုလုံးသည် တံလျှပ်ငွေ့များ ဖုန်တထောင်းထောင်း ထလျက်ရှိ၏။ လှည်းလမ်းနဘေး ကုက္ကိုပင်ကြီးအောက်တွင် ထင်းစည်းကြီးနဘေးချလျက် လူတစ်ယောက်ထိုင်နေ၏။

ထိုင်နေသူမှာ အသက်လေးဆယ်ရွယ်ခန့်ရှိ လူကြီးတစ်ဦးဖြစ်ပြီး သူ၏မျက်နှာပြင်ထက်၌ ကြီးမားသည့် မားခုတ်ရာလား ပြောင့်ထိုးမိသည့် ဒဏ်ရာလားမကွဲပြားသည့်အမာရွတ်ကြီးတစ်ခုကလည်း တည်ရှိနေ၏။ လူကြီးသည် စုတ်ချာရိပြဲနေသည့် အင်္ကျီဖျဉ်ကြမ်းအစုတ်ကြီးအား ဝတ်ဆင်ထားပြီး ဖက်ဖြူဆေးပေါ့လိပ်ကြီးအား ထိုင်သောက်နေလေသည်။ ကြည့်ရသည်မှာ သစ်ဝါးထင်းခုတ်ပြီးပြန်လာသူဖြစ်ရမည်။

ယင်းအချိန် လှည်းလမ်းကြောင်းကွေ့ချိုးလေးမှ ဖုန်တထောင်းထောင်းဖြင့် လှည်းတစ်စီးမောင်းနှင်လာလေသည်။ ယင်းလှည်းရှိရာဘက်သို့ ဆေးလိပ်ထိုင်သောက်နေသူ ထင်းခုတ်သမားကြီးက ဝေ့ခနဲ ငဲ့စောင်းကြည့်လိုက်၏။ လှည်းက တစ်စတစ်စနီးလာပြီး ထိုလူကြီးအနားသို့ရောက်လာလျှင် လှည်းအား တုန့်ခနဲရပ်လိုက်ပြီးလျှင် ...

"ဟာ ဘယ်သူများလဲလို့ ကိုတာဖံကြီးပါလားဗျ ... ဘာလဲ တောထဲက ပြန်လာတာလား"

"အေး"

လှည်းပေါ်၌ လှည်းသမားတစ်ယောက်သာပါလေသည်။ နောက်မှာမူ ထင်းအချို့ပါလာ၏။ လှည်းသမားသည် ကုက္ကိုရွာသားဖြစ်ပြီး သစ်ပင်အောက်၌ထိုင်နေသူဖြင့် တစ်ရွာတည်းဖြစ်၏။

"လာလေဗျာ ... ကိုတာဖံကြီးရ ရွာပြန်မှာမို့လား၊ နေကလည်း ပူပြင်းကပူနဲ့၊ ကျုပ်လှည်းကြီးသာပဲ ရွာကိုတစ်ပါတည်းလိုက်ခဲ့ပေါ့၊ ကဲလာ"

"အေးကွာ ... လှည်းရာ မင်းလှည်းနဲ့ကြုံတော့လည်း ငါအပင်ပန်းသက်သာတာပေါ့ကွာ၊ ထင်းစည်းကြီးက လေးကလေးပါဘိနဲ့ကွာ"





"ကဲ ... တက် ကိုတာဖံ နေကပူလာပြီဗျ"

တာဖံဆိုသူ အင်္ကျီစုတ်ကြီးဖြင့် လူကြီးက ထင်းစည်းအား လှည်းပေါ်ပစ်တင်ပြီး လွှားခနဲတက်လိုက်၏။ တာဖံဆိုသူ လှည်းပေါ်ရောက်သည်နှင့် လှည်းသည် သစ်ပင်ကြီးအောက်မှ ငြိမ့်ခနဲထွက်သွားလေသည်။ တာဖံဆိုသူသည် ဖက်ဖြူဆေးလိပ်တိုကြီးအား တဖွားဖွားဖွာလျှက် လှည်းသည် ရွာဆီသို့ တအိအိမောင်းလျှက် ...

"ကိုတာဖံကြီး"

"ဟေ"

"ဘာလိုလိုနဲ့ ကိုတာဖံကြီး ကျုပ်တို့ရွာရောက်လာတာကြာပြီနော် တစ်ယောက်တည်း နေထိုင်ချက်ပြုတ်စားရတာ ပျင်းစရာမကောင်းဘူးလားဗျ"

"ငါက ကျင့်သားရနေပါပြီကွာ၊ တစ်သက်လုံး ဒီလိုပဲ နေလာခဲ့တာပဲ ဥစ္စာ"

"ကိုတာဖံကြီး မိန်းမ မယူဖူးဘူးလားဗျ။ ရွာထဲက ဘယ်သူ့ကို ကြိုက်သလဲပြော၊ ရွာစွန်က အပျိုကြီးမအေးမျှင်လား။ ရွာလယ်က မုဆိုးမ ...တုတ်လား ကြိုက်တာပြော ကျုပ်အောင်သွယ်ပေးမယ်"

"ငါ ... ဒါတွေ စိတ်မဝင်စားပါဘူးဗျာ"

"ဘာကိုစိတ်ဝင်စားသလဲဗျ ... ပြောစမ်းပါဦး၊ ခင်ဗျားကြည့်ရ ...တာ နေတော့လည်းရွာစွန်သုသာန်ဘေးမှာ တစ်ယောက်တည်း၊ နောက်ပြီး ...များကြည့်ရတာ တစ္ဆေသရဲမကြောက်ဘူးလား"

လှည်းသည် လှည်းမောင်းနေရင်းက ကိုတာဖံဆိုသူအား အရှင်း ...စကားစမြည်ပြောဆိုနေခြင်းဖြစ်သည်။ အမှန်တော့ ကိုတာဖံဆိုသူသည် ...တို့ရွာသားမဟုတ်သလို မည်သည့်ရွာကမှန်းလည်း တစ်ရွာလုံးမည်သူမှ ...စေ့စေ မသိရှိကြပါပေ။ ရောက်စတုန်းကတော့ ရွာကလူတွေ မေး...ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါသော်လည်း ကိုတာဖံသည် ပင်လယ်ဘက်ကလိုလို မြို့ပေါ်ကလိုလို မရေမရာဖြေလေသည်။ နောက်တော့လည်း ရွာသားများသည် မမေးမမြန်းကြတော့ပေ။

ကိုတာဖံသည် ရွာစွန်ရှိ သုသာန်စပ်၌ တစ်ယောက်တည်းတဲလေးထိုးကာနေသည်။ သုသာန်ကုန်းစပ် မြက်ရိုင်းတောအား ခုတ်ထွင်ရှင်းလင်းပြီး သီးပင်စားပင်အချို့ စိုက်ပျိုးစားသောက်လေသည်။ ရွာဖြင့်လည်း ပတ်သက်ဆက်ဆံခြင်း သိပ်မပြုပေ။ ဆီကလေး ဆန်ကလေး ဝယ်ခြမ်းစရာရှိလျှင်သာ ရွာတွင်းသို့လာတတ်လေသည်။ တစ်ခါတရံ ကိုတာဖံကြီးအား ထင်းခုတ်ဝါးခုတ် ငှက်ပစ်သမားများက ရွာစွန်သုသာန်ကုန်းကြီးပေါ်ရှိ ဇရပ်ပျက်လေးပေါ်၌ ဖက်ဖြူဆေးလိပ်ကြီးဖွာလျက် တွေ့ရတတ်လေသည်။

ငှက်ပစ်သမားရွာသားများကိုတွေ့လျှင် ကိုတာဖံသည် ဇရပ်ပျက်လေးပေါ်ကနေဆင်းကာ တောတွင်းသို့ဝင်သွားတတ်လေသည်။ ရွာသားများအမြင်မှာမူ ကိုတာဖံ၏အမူအရာက ဆန်းလွန်းနေလေသည်။ ယင်းအကြောင်းများအား လှဒွေးကတဆင့်စကားကြားဖူးနေ၏။

"ပြောစမ်းပါဦးဗျ ကိုတာဖံရ၊ ခင်ဗျား တစ္ဆေသရဲတွေကို မကြောက်ဘူးလား"

"အင်း ... ပြောရရင်တော့ မကြောက်ဘူးလို့ပဲပြောရမှာပဲ၊ တစ္ဆေသရဲဆိုတာ လောဘဒေါသတွေ မောဟတွေနဲ့ အသက်ဝိညာဉ်မှ မရှိတော့တာပဲဗျာ၊ သူတို့က ကျုပ်ကိုဘာအန္တရာယ်ပြုမှာမှတ်လို့၊ တကယ်ကြောက်ရမှာက လူတွေပဲကွ — လူတွေက လောဘဒေါသတွေထူပြောပြီး အချိန်မရွေး ကိုယ့်ကိုဒုက္ခပေးနိုင်တယ်၊ ဒါကြောင့်လည်း ငါလူတွေနဲ့ဝေးတဲ့ အေးချမ်းရာ သုသာန်တစပြင်မှာနေတာပဲပေါ့"

"လူတွေက ခင်ဗျားပြောသလောက် မဆိုးပါဘူးဗျာ"

"မင်းကငယ်သေးတော့ လူတွေအကြောင်း သိပ်မသိသေးလို့ပါ





ကွာ၊ လောကမှာ တစ္ဆေသရဲဝိညာဉ်ပရလောကသားတွေထက် ကြောက်ရမယ့် စက်ယုတ်မာတာ ကောက်ကျစ်စဉ်းလဲတာ လူတွေပဲကွ — တစ္ဆေသရဲဆိုတာ သူတို့အစွဲအလမ်းနဲ့သူတို့ မကျွတ်မလွတ်ဘဲ မကောင်းတဲ့ဘုံဌာနမှာ ရောက်နေပေမယ့် လူတွေလို ငါ့ကိုဒုက္ခမပေးပါဘူးကွာ ... ကဲ ကဲ သုသာန်စပ်တောင်ရောက်နေပြီ — ငါဆင်းမယ် မင်းကိုကျေးဇူးတင်တယ်ဟေ့ — တကယ်က ငါနေမကောင်းချင်ဖြစ်နေတာကွ"

ကိုတာဖံသည် စကားနှင့်အတူ လှည်းနောက်ရှိ သူ၏ထင်းစည်းအား ထမ်းကာ သုသာန်ဘက်သို့ လှမ်းလျှောက်သွားလေတော့သည်။ မကြာမီ ကိုတာဖံ ပျောက်ကွယ်သွားလေ၏။

လှဒွေးသည် လှည်းအား ရွာလမ်းမဘက်ဆီသို့ မောင်းနှင်လာခဲ့လေသည်။ သူ၏စိတ်တွင်း၌လည်း ကိုတာဖံကြီး၏အသွင်သဏ္ဌာန်သည် အားအလွန်နည်းနေသလို လေသံက တိုးသဲ့သဲ့ဖြင့်ဖြူဖျော့နေသည်ဟု ထင်မြင်နေမိသည်။ ကိုတာဖံ ကျန်းမာရေးမကောင်းဘူးလားဟုလည်း သူစိတ်ထဲတွေးထင်နေမိလေသည်။

◆၆◆



www.burmeseclassic.com

www.burmeseclassic.com

## သုသာန်ထဲက အလောင်း

ကြားလိုက်ရသော သတင်းစကားကြောင့် လှဒွေးတစ်ယောက် မနက်ခင်း နွားစာမြက်စဉ်းနေရာက တအံ့တသြဖြစ်သွားမိလေသည်။ သူ့အား ထိုသတင်းလာရောက်ပြောသူ ရွာထဲကကြက်သမားသိန်းဖေက–

"ဟာ ... ပေါ့ကောင် မင်းပြောတာအမှန်ပဲလား၊ ဟုတ်ကော ဟုတ်ရဲ့လားကွာ ... ဟာကွာ မင်းကလဲတမျောင့် ငါကမဟုတ်ဘဲနဲ့ လူတစ်ယောက် သေတဲ့ကိစ္စနောက်ရမှာလားကွ ... ဒါကြောင့် ဒီလူကြီး ဒီရက်တွေအတွင်း ရွာထဲလာတာမတွေ့တာကိုးကွ၊ ခုတော့ ကိစ္စချောပြီ"

"လွန်ခဲ့တဲ့တစ်ပတ်လောက်ကလည်း ငါ့လှည်းနဲ့လှည်းကြုံလိုက်ခဲ့သေးတာကွ"

လှဒွေးတစ်ယောက် စိတ်မကောင်းသည့်လေသံဖြင့် ပြောလိုက်မိသည်။ ကြက်သမားသိန်းဖေ သူ့အားလာရောက်ပြောသည့်သတင်းအား ရွာစပ်ရှိသုသာန်ကုန်းစပ်တွင်းနေသော ကိုတာဖုံကြီးသေဆုံးသွားသည့် သတင်းပင်ဖြစ်လေသည်။ လွန်ခဲ့သည့်တစ်ပတ်ကပင် သူ၏လှည်းကြုံဖြင့် လိုက်ခဲ့သေးသည် မဟုတ်ပါလား။





ထိုစဉ်ကတော့ ယင်းကိုတာဖုံ၏မျက်နှာက မြေအောက်မှာရှိကြောင်း မှန်း သတိထားမိ၏။ လှဒွေးသည် ကြက်သမားသိန်းဖေအား –

"ဟ ... နေပါဦးဟ ကိုတာဖုံ သေတဲ့အကြောင်း ဘယ်လိုတာ စသိတာလဲ ... ဒီလူကြီးက ဆွေမရှိ မျိုးမရှိတစ်ကောင်ကြွက်ရယ်၊ သူ့ နောက်ကြောင်းလည်း ဘယ်သူမှမသိ၊ ဘယ်လို သင်္ဂြိုဟ်မှာလဲ"

"သေတာသိတာတော့ ဖါပြွတ်သည် ဒေါ်တုတ်ရယ် စတွေ့တာပဲ ကွ၊ မင်းပြောသလို သူကဘယ်ကနေဘယ်လို ရေမျောကမ်းတင်ရောက်လာ သလဲမှ မသိဘဲကွာ၊ ရွာကပဲ သစ်စေးပင်သုသာန်မှာ သင်္ဂြိုဟ်ဖို့ဝိုင်းဝန်း စီစဉ်နေကြတယ်၊ ရွာထဲမှာလည်း ထားလို့မှမဖြစ်တာ ... အဲဒါ ဒီနေ့လယ်ပဲ အားချင်းမြှုပ်မယ်ပြောတယ် ... ကဲ ငါသွားမယ်ကွာ အဲဒီကိစ္စ ကူညီရဦး မှာကွ"

"အေး ... ငါနဲ့လည်းဆင်တယ်ကွ၊ ဒီလူကြီးက သနားစရာပါ ကွာ၊ ငါလည်းလာခဲ့မယ် သိန်းဖေ ... အခု နွားစာစဉ်းနေတယ်လို့ ပြောလိုက်ကွာ"

သိန်းဖေသည် ခြံဝိုင်းထဲကနေ ပြန်ထွက်သွားလေသည်။ လှဒွေးသည်လည်း နွားစာဆက်စဉ်းနေ၏။ နေ့လယ်ထမင်းစားပြီးသောအခါ လှဒွေးသည် ရွာစွန်သုသာန်ကုန်းစပ်ရှိ ကိုတာဖုံ၏တဲသို့ ရောက်သွားလေသည်။ ကိုတာဖုံ၏တဲ၌ လူအချို့ရှိနေသည်။

ကိုမြကြီး၊ သာဒင်၊ ခွေးပုတို့ပင်ဖြစ်သည်။ သူတို့တစ်တွေသည် ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် ကိုတာဖုံ၏အလောင်းကို သုသာန်၌ မြေမြှုပ်ရန် တာဝန်ယူထားသူတွေဖြစ်သည်။ လူစုံသောအခါ အခေါင်းအား ဝိုင်းဝန်းထမ်းကာ သုသာန်ကုန်းဆီသို့ တက်ခဲ့ကြလေသည်။

သုသာန်ကုန်းသို့ရောက်သောအခါ ကိုတာဖုံ၏အခေါင်းအတွက် မြေကျင်းက အရံသင့်တူးထားပြီးလေပြီ။ သူတို့သည် အခေါင်းအား



www.burmeseclassic.com

www.burmeseclassic.com



မြေကျင်းကြီးထဲသို့ ထည့်လိုက်ကြ၏။ ကိုမြဒင်က –

"ဟော့ကောင်တွေ မင်းတို့တူးထားတဲ့ကျင်းကလည်း တိမ်လိုက်တာ အခေါင်းမြှုပ်ရုံပါပဲလား"

"တိမ်တာ နက်တာ ဘာအထူးမှာလဲဗျာ လူက သေသွားပြီပဲဥစ္စာ၊ ခွေးစားစား လင်းတထိုးထိုးပေါ့၊ ကျုပ်တို့တာဝန်ကျေရင်ပြီးတာပဲ"

"မင်းတို့ကလည်း စေတနာမပါလိုက်တာဗျာ"

"ဟ – စေတနာပါရအောင် သူက ကိုယ့်ရွာသားဆွေမျိုးသားချင်းလည်းမဟုတ်၊ သူ့ဘာသာသူ သီးခြားနေတဲ့ဥစ္စာ၊ ခုကိစ္စတောင် ရွာလူကြီးက ခိုင်းလို့လုပ်ပေးတာ နို့မို့ လှည့်တောင်မကြည့်ဘူး၊ ပိုက်ဆံလည်းမရ"

"သေချာထည့်ဟော့ တော်ကြာ ... အလောင်းကို ခွေးတွေဘာတွေ လာဆွဲနေမှ ဟုတ်ပေ့ဖြစ်နေမယ်"

"သေချာပါတယ်ဗျ – ငါတို့ကျင်းတူးရင် မသေချာတာ မရှိဘူးကဲ ... သွားကြမယ်ဟေ့ ..."

"ဟုတ်တယ် ဒီသုသာန်ထဲနေရတာ မသဒ်ိစရာပဲကွာ မြန်မြန်လစ်စို့"

သူတို့လူစုသည် ဆွေမဲ့မျိုးမဲ့ ရွာစပ်၌နေသည့် ကိုတာဖံ၏ အလောင်းအား ပြီးစလွယ်မြေမြှုပ်ခဲ့လျက် သုသာန်ဝင်းကြီးထဲကနေ ထွက်ခဲ့ကြလေသည်။

သူတို့၏ခြေလှမ်းဦးတည်ရာအား ရွာစွန်ရှိ ထန်းတောသို့ပင်ဖြစ်လေသည်။ လမ်းတွင် ကိုမြဒင်က ...

"တာဖံသေတာ ဆန်းတယ်ကွ"

"ဟ – ဘာဆန်းလို့လဲ ကိုမြဒင်ရ၊ ဒီလူကြီးက နေမကောင်းဖြစ်နေသလိုလို ရောဂါစွဲကပ်နေသလိုလို တရှောင်ရှောင်နဲ့ဥစ္စာ ..."





"မဟုတ်ပါဘူးကွာ ငါပြောတာက ကိုတာဖံတကယ်သေသလားဟုတ်ရဲ့လားလို့ပါကွာ ..."

"ဟာ – ကိုမြဒင်ကြီးကလည်းဗျာ – ဘာလဲ ဘယ်သူကသေတာကို တကယ်မသေဘဲ နောက်ပြောင်သေစရာလားဗျ ... တကယ်သေလို့ ခုပဲမြေကျင်းထဲမြှုပ်ခဲ့ပြီးပြီဥစ္စာ ..."

"မ ... မဟုတ်ပါဘူးကွာ ငါပြောတာက ငါသူ့အလောင်းအခေါင်းထဲ မထည့်ခင်က အေးစက်နေတာကွ ဒါပေမဲ့ သုသာန်ထဲရောက်တော့ သူ့အလောင်းက သွေးရောင်လွှမ်းပြီး ပူနွေးနေသလိုပဲ အသက်လည်းရှူနေသလို ပဲ"

"ဟာ – မဟုတ်တာကွာ မင်းစကားကြီးက ငါတို့ကိုအမူးပုတ်နေပါဦးမယ် မြဒင်ရာ – စားစရာမရှိ လျှော်စရာရှိကွာ တော်တော်"

ကိုမြဒင်သည် လူသေမြှုပ်နှံရာသို့ လိုက်ပါလာသူရွာလူကြီးဘသောင်း၏စကားကြောင့် ပါးစပ်အလိုလိုပိတ်သွားလေသည်။ သူကိုယ်သူလည်း မယုံတစ်ဝက် ယုံတစ်ဝက် သံသယဖြစ်နေ၏။ သူပင် အမှန်တကယ် မြင်လိုက်မိလေသလား၊ ဒါမှမဟုတ် စိတ်ထင်မြင်ခြင်းလားဟု မဝေခွဲနိုင်။

မြေကျင်းထဲ အခေါင်းမထည့်ခင် သူသည် ကိုတာဖံအား ကိုင်ကြည့်မိသေး၏။

ယင်းအချိန်က တာဖံ၏လက်များသည် သူ့စိတ်ထဲနွေးနေသလိုလို၊ လူဆိုသည်မှာ အသက်ရှူမှုရပ်ဆိုင်းသွားလည်း တစ်ကိုယ်လုံးအေးစက်သွားရပေမည်မဟုတ်ပါလား။ တာဖံ၏အလောင်းသည် သူ၏စိတ်ထဲ ထူးဆန်းနေရသည်မှာအမှန်၊ တွေးရင်းဖြင့်ပင် မြဒင်သည် ဦးခေါင်းထဲ ကြပ်ခဲမွန်းနင့်လာရ၏။ မကြာမီ သူတို့အားလုံး ထန်းတောသို့ရောက်လာသဖြင့် မြဒင်သည် သူ၏ဦးခေါင်းတွင်းမှ အတွေးစတို့အား ပြတ်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပစ်လိုက်မိလေတော့၏။

တကယ်က တာဖံသေခြင်းမသေခြင်းသည် သူနှင့်လားလားမျှ မသက်ဆိုင်။ တာဖံသည် သူ၏ညီအစ်ကိုသွေးချင်းသားချင်းလည်း မဟုတ်ပေ။

◆ဠ◆



ညသည် ပိန်းပိတ်အောင်တော့ဖြင့် မှောင်မနေပါ။

သို့သော်လည်း လမိုက်စရက်များဖြစ်၍ ကောင်းကင်ကမ္ဘာ အမှောင်ထုထဲမှာ ကြယ်ရောင်ကြယ်ပွင့်များက မှိန်စစတည်ရှိနေလေသည်။ တိမ်မည်းညိုများကလည်း အနက်ရောင်ကောင်းကင်တစ်ခုလုံး ဟိုတစ်စ ဒီတစ်စ ဖုံးအုပ်လျှက်ရှိနေ၏။

ရွာလမ်းဖြင့် ရွာဝန်းကျင်တဝိုက်တွင်လည်း ကြယ်ရောင်ဖျဖျ အရိပ်ဖြင့် မှောင်ရိုရိုတဝါးလေး လင်းမြနေလေသည်။ အချိန်က သက်ကြီး ခေါင်းချချိန်ကျော်ခဲ့ပြီ။

ရွာအနောက်ဘက်လမ်းစပ်မှ ခွေးတစ်ကောင်၏ဆွဲဆွဲငင်ငင် အော်မြည်သွားသံဖြင့် လင်ကောင်ပိုးငှက်ခေါ် ငှက်ဆိုးထိုးသံများကလည်း ညည်းယံထဲ ထွက်ပေါ်လာ၏။ ရွာလေးသည် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျလျှက်ရှိလေသည်။ ခွေးအူသံရှည်ကြီးက ချောက်ချားဖွယ်ထပ်မံ ပေါ်လာလေသည်။

"အု ... ဂူ ... အူ"

ခွေးအူသံမရှေးမနှောင်းမှာပင် ရွာအနောက်ဘက်တောလမ်းဆင်



www.burmeseclassic.com

www.burmeseclassic.com



သုသာန်ကုန်းဘက်ကနေ အရိပ်သဏ္ဌာန်မည်းမည်းကြီးတစ်ခုသည် ရွာဆီ သို့ တရွေ့ရွေ့ချဉ်းကပ်လာလေသည်။ ယင်းအရိပ်သဏ္ဌာန်မည်းကြီးသည် မကောင်းဆိုးဝါး ဗိညာဉ်ပရလောကသားတစ်ဦးနှယ်။ သူ၏ခြေလှမ်းတွေ ကလည်း ဒယီးဒယိုင်ဖြစ်နေလေသည်။

ယင်း မကောင်းဆိုးဝါးအရိပ်မည်းကြီးနောက်သို့ ခွေးအူသံများက ဆူညံစွာထွက်ပေါ်လိုက်ပါလာခြင်းဖြစ်သည်။ အရိပ်မည်းကြီးသည် ရွာလမ်း အတိုင်း လှမ်းဝင်လာလေသည်။ ရွာလမ်းစပ်ရှိ အောင်တိုး၏တဲအိမ်လေး သည် ဖျတ်ခနဲ တံခါးပွင့်သွား၏။

ခွေးများ အဆက်မပြတ် ဟိုးဟောင်နေသံ အူနေသံများကြောင့် အောင်တိုးသည် သူ၏ခြံထောင့်ရှိ ဝက်ခြံသို့ လူများကပ်သလားဟူ ဓာတ်မီးတစ်လက်ဖြင့် ဆင်းလာခြင်းဖြစ်သည်။ ယခုတလော ရွာထဲ ဝက်သူခိုးကြက်သူခိုးများ ပေါ်နေ၏။ သူ၏မရှိမဲ့ရှိမဲ့ ဝက်ပေါက်ကလေး သုံးကောင် သူခိုးလက်ပါသွားလျှင် အခက်ဟုတွေးမိသောကြောင့်ပင် ဖြစ်သည်။

ခွေးအူသံများသည် သူ၏ခြံဝိုင်းထောင့်၌ ချောက်ချားသွေးပျက် ဖွယ် အမင်္ဂလာမဲ့စွာအူနေကြလေသည်။ လုံ်ခနဲ အောင်တိုးသည် သူ့ခြံဝိုင်း ထောင့်သို့ ဓာတ်မီးထိုးကြည့်လိုက်၏။ သူ၏ခြံထောင့်၌ ကြခတ်ဝါးရုံပင်မျာ သည် ဝိတ်ဆီးလျှက်ရှိလေသည်။

"ဟင်"

ဖျတ်ခနဲ အောင်တိုး၏ စိတ်တွင်း၌ အရိပ်သဏ္ဌာန်တစ်ခုအာ မြင်လိုက်ရသကဲ့သို့ရှိ၏။ လူရိပ်လား မည်သည့်အရိပ်လဲဟုတော့ မကွဲပြ လိုက်ချေ။ အောင်တိုး၏စိတ်တွင်း၌ သက်ာရနံ့မကောင်းဖြစ်သွားလေသည်

အောင်တိုးသည် ဝက်ခြံငယ်လေးအား ပတ်ကြည့်ပြီး ဓာတ် ဖြင့် လိုက်လံထိုးကြည့်နိုက်။





"ဖြောက်"

"အဟင်း ... ဟီးဟီး"

"ဟင်"

အောင်တိုးလက်မှ ဓာတ်မီးရောင်သည် ဖျတ်ခနဲညည်းသံကြီး ထွက်ပေါ်လာရာသို့ ဝင်းခနဲဖြစ်သွား၏။ အောင်တိုး၏ နှာခေါင်းထဲ ခွေးသေ ကောင်ပုပ်လား တိရစ္ဆာန်အသေကောင်ပုပ်တစ်ကောင်ကောင်၏ အပုပ်နံ့ ကြီးကလည်း ထောင်းခနဲ ရလာလေသည်။

အောင်တိုး သရဲတစ္ဆေနာနာဘာဝ ဟူသမျှ မကြောက်တတ်ပါ ချေ။

သို့သော် သူမြင်တွေ့လိုက်ရသော မြင်ကွင်းအား ...

"ဟာ"

မျက်နှာကြီးတစ်ခုပင်ဖြစ်သည်။ မျက်နှာကြီးသည် သွေးဖြင့်ဝါးတစ် ပြန်ခန့်သာကွာပေမည်ဖြစ်ပြီး ဆံပင်ရှည်ကြီးများသည် ဖိုးရိုးဖားလျားကျ နေလေသည်။ မျက်နှာကြီးသည် ဖြူဖတ်ဖြူရော်ဖြစ်ပြီး မျက်လုံးအစုံကမူ နီရဲနေ၏။

ပြီးတော့ အောင်တိုးရှင်းရှင်းလင်းလင်း မြင်လိုက်ရလေသည်။ ယင်းမျက်နှာကြီးကား မနေ့တစ်နေ့ကမှ သင်္ချိုင်းတွင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ သည့်ရွာစွန်ရှိ ခွေးမရှိ မျိုးမရှိ ကိုတာဖံ၏မျက်နှာကြီးပင် ဖြစ်လေ သတည်း။

"ဟင် ... ကို ... ကိုတာဖံ"

"အဟင်း ... ဟီးဟီး"

တစ္ဆေတာဖံကြီးသည် ဆံပင်များဖွာလန်ကြဲလျှက် သူ့အာ မျက်လုံးသေကြီးများဖြင့် မမိုတ်မသုန် ကြည့်ရှုနေလေသည်။ ယင်း၏နှုတ် ခမ်းဖျားဆီမှလည်း အက်ကွဲလေးတွဲနေသော လူမမာညည်းသံကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာလေသည်။

အောင်တိုး ကြည့်နေစဉ်မှာပင် တာဖုံ၏ကြောက်မက်ဖွယ်ရာ မျက်နှာကြီးသည် ဖျတ်ခနဲပျောက်ကွယ်သွားလေတော့၏။

"အောင်မလေးဗျ ... "

အောင်တိုးသည် တစ်သက်လုံး တခြွေသရဲနာနာဘာဝမကြောက် မလန့်တတ်ပါသော်လည်း ယခုမူ မည်သည့်အတွက်ကြောင့်မှန်းမသိ ကြက်သီးများ တဖြန်းဖြန်းထလျှက် ငယ်သံပါအောင် အော်ဟစ်လိုက်မိလေတော့သည်။

♦ဠ♦



## အကောင်းကြောက်လွန့်ခြင်း

မနက်မိုးလင်သည့်အခါ ရွာထဲ၌ အောင်တိုးတစ်ယောက် ညက သေရွာပြန်တစ္ဆေဖြင့် တွေ့ဆုံသည့်သတင်းက သူမယားမိတိုးကတစ်ဆင့် ပျံ့သွားလေတော့သည်။

"ဟယ် ... ကို ... ကိုတာဖုံကြီးက ခြောက်တယ်တဲ့တော့"

"အေးလေ ... ခုပဲ မိတိုးပြောလို့ ညတုန်းက အောင်တိုးတစ်ယောက် ဝက်သူခိုးထကြည့်ရင်း တာဖုံကြီးအခြောက်ခံရလို့ ခုထိအိမ်ထဲက အိမ်ပြင်မထွက်ရဲဘူးဆိုပဲ ... "

"ဒါ ... ဒါဆို ကိုတာဖုံကြီးက မကျွတ်ဘူးပေါ့ မြရင်"

"အိုအေ ... သူ့မှာက ဆွေလည်းမရှိ မျိုးလည်းမရှိ ဘယ်ကနေ ဘယ်လို ရွာကိုရောက်လာသလဲမှမသိတာ ... ပြီးတော့ ... သူသေတော့ လည်း ရွာကအရက်သမားမြွှဒင်တို့အုပ်စုကို ကဖော်ပိုးပေးပြီး မြှုပ်နှိုင်းရ တာ ... သရေဏဂုံတောင် တင်ပေးမဲ့သူမရှိဘူး ... ဘယ်ကျွတ်လွတ်မှာလဲ ဟဲ့ ... "

"အမယ်လေး ... ဒါဆို ည ... ညဘက်ဆို ခြောက် ခြောက်



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ ... ဒုက္ခပါပဲ ... ကျုပ်ကလည်း အိမ်သာ တစ်ညသုံးလေးခါ သွားတက်ပါဘိနဲ့ ... ကျုပ်တဲက သူ့နေရာနဲ့အနီးကလေးရယ် ... အမလေး ကျောချမ်းလိုက်တာဟယ် ... ''

ရွာပြင် သုသာန်ကုန်းစပ်၌နေသော ကိုတာဖံတစ်ယောက် ဆိုင်းမဆင့် ပုံမဆင့်သေဆုံးသွားပြီး ရွာကစုပေါင်း၍ မြေမြှုပ်ခဲ့ရာမှ ကိုတာဖံကြီးသည် မကျွတ်မလွတ်ဘဲ ရွာထဲ၌ တစ္ဆေအဖြစ် ခြောက်လှန့်ကြောင်း သတင်းက ကြီးနေလေသည်။ ပြောမယ့်သာပြောရသည် ရပ်ရွာကလည်း လူသားတစ်ဦးဖြစ်၍ ကျိုးတိုးတိုး ပစ်မထားဖြစ်၍သာ အရက်သမား ကြက်သမားအုပ်စုအား သုသာန်၌ မြေမြှုပ်ခိုင်းရသည်။ ကိုတာဖံဆိုသူ သည် မည်သည့်ဇာတိ မည်သည့်အရပ်ကမှန်းမသိကြ။

ပြီးတော့ ကိုတာဖံသည် သူ့ဘာသာသူ တစ်ယောက်တည်း အေးချမ်းစွာ ကြို့ရာကျဘန်းလုပ်ကိုင်ရင်း ရွာတွင်းသို့လည်း သိပ်အသွား အလာမပြုသဖြင့် မည်သူနှင့်မှုလည်း တရင်းတနှီးမရှိကြ၊ အချို့ကလည်း ယင်းကိုတာဖံသည် မင်းသွေးမင်းနွယ်ထဲကဟူ၍လည်းကောင်း သုဘရာဇာ မျိုးရိုးဖြစ်၍ ရှက်ကာ ဇာတိမြှုပ်နေသည်ဟူ၍လည်းကောင်း၊ ဟိုတုန်းက ဘုရားကျွန် ကယ်ပါမျိုးတွေသာနေထိုင်ကြပြီး ရွာမီးလောင်ကာ ပျက်သွားသည့် ပန်းဆယ်ရွာကဟူ၍လည်းကောင်း အသီးသီး ထင်ရာမြင်ရာ ပြောဆိုကြလေသည်။

ခုတော့ ယင်းကိုတာဖံ သေလေပြီ။

သေသည်က အကြောင်းမဟုတ်။ လူတိုင်းရှောင်လွှဲ၍မရသည့် အနိစ္စတရားဖြစ်သည်။ သို့သော် ယင်းကိုတာဖံသည် မကျွတ်မလွတ်ဘဲ ရွာပေါ်စွဲလမ်းကာ တစ္ဆေသရဲအဖြစ် ရွာထဲလှည့်လည်နေသည်ကာ အကြောင်းဖြစ်၏။ မနေ့ညက ရွာထိပ်မှ အောင်တိုးကိုယ်တိုင် ဆံပင် ဖားလျားကြီးဖြင့် ကိုတာဖံအား သန်းခေါင်ယံတွင် မြင်တွေ့လိုက်ရသည်





မဟုတ်ပါလား။

လွန်ခဲ့သည့်ရက်တွေကလည်း ရွာတွင်းတစ်လျှောက် ညဆိုရှင် ခွေးတွေက မရပ်မနားအူကြလေသည်မို့ ကြောက်တတ် အသည်းငယ် တတ်သည့် ရွာသူရွာသားအများစုသည် ကြောက်ရွံ့ထိတ်လန့်နေကြသေ သည်။ ဒီကြားထဲ တာဖံအား သွားရောက်မြှုပ်နှံကြသူတွေထဲမှ အရက် သမားမြဒင်ကလည်း ...

''ကျုပ်တို့လည်း ဒီအလောင်းကို မြေသာမြှုပ်ရတယ် ... ကြည့် ရတာ တကယ်အသက်ထွက်တာမှဟုတ်ရဲ့လား မသိဘူး ... ဒီကောင့် အသားက မအေးဘဲ မတောင့်ဘဲ နွေးနေတာဗျ ... သေရင်တောင့်တင်း နေရမဲ့ဥစ္စာ ... အပမှီတာလား မျောနေတာလားမှ မသိဘဲ''

ယင်းစကားကြောင့် တစ်ရွာလုံး ပို၍ထိတ်လန့်ချောက်ချားသွား ကြသည်။ မြဒင်၏စကားကို အရက်သမားလုပုံကြီးက ...

''ဟေ့ကောင် မြဒင် ... မင်း ဒီလောက်မသက်ာရင်လည်း ဒီကောင် တကယ်သေမသေ သိရအောင် သချိုင်းသွားပြီး အလောင်းပြန် ဖော်ကြည့်ကွာ ... ''

''ဟုတ်တယ်ဗျ ... ကျုပ်လည်း စိတ်ကူးနေတာ ... ဒါဆို အဖြေက ရှင်းသွားမယ် ... ကျုပ်စိတ်ထဲ စနိုးစနောင့်နဲ့ရယ် ... ကြာရင် ရွာကလူတွေ ကြောက်ကြလန့်ကြနဲ့ ဖြစ်ကုန်လိမ့်မယ် ... ဖော်ဆို ဒီညပဲ သွားဖော်မယ်ဗျာ ... ''

''အေး ... ငါပါလိုက်မယ်''

လုပုံကြီးကပါ အားတက်သရောပြောသည်။ လုပုံကြီးသည် ရွာစဉ် ရှစ်ဆက် အချိန်မရှိအခါမရှိ အရက်သောက်ဖဲရိုက် သုသာန်တစပြင်ငါ့ ကျွန် အကြောက်အလန့်မရှိဘဲ သွားလာနေသူဖြစ်သည်။ တစ္ဆေ၏ မှာဘာဝဆိုတာလည်း တစ်သက်လုံး ယုံကြည်သူမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်က အရုပ်ဆိုးဆိုး ဂင်တိုတို တစောက်ကန်းရုပ်ရည်မျိုး ဖြစ်သည်။

ဘယ်သွားသွား ဘယ်လာလာ ခါးတွင် ဓားမြှောင်တစ်ချောင်း ပါလေသည်။ မြဒင်နှင့် လုပုံကြီးတို့သည် သူတို့၏စိတ်တွင်းမှ မတင်မကျ ဖြစ်နေသည်များကို စုံစမ်းရန် ညဘက်၌ သုသာန်ရှိ တာဖ်အခေါင်းအား သွားဖော်ရန် စီစဉ်လေတော့သည်။

ညသည် ဆန်းစလကွေးလေး၏အလင်းကြောင့်ရော ကြယ်ပွင့်ကြယ်စလေးများ၏အလင်းကြောင့်ရော မပီဝိုးတဝါးလေး လင်းလက်နေသည်။ ရှာပြင်သုသာန်ကုန်းကြီးဆီသို့ အရိပ်သဏ္ဍာန်မည်းမည်းကြီးနှစ်ခုသည် တရွေ့ရွေ့ချဉ်းကပ်လာနေကြသည်။ ဤမျှ မည်သူတစ်ဦးတစ်ယောက်မျှပင် မလာဝံ့သည့် တစပြင်သုသာန်ကြီးပေါ်သို့ လာနေကြသူတွေမှာ မကောင်းဆိုးဝါး နာနာဘာဝတွေများလား ...

အရိပ်သဏ္ဍာန်ကြီးနှစ်ခုသည် သုသာန်တွင်းသို့ မြေပုံမှတ်တိုင်များ၊ အုတ်ဂူပျက်များကြားကနေ တက်လှမ်းလာလေသည်။ ယင်းတို့၏လှုပ်ရှားမှုကြောင့် သုသာန်တွင်းရှိ သစ်ပင်ချုံများကြား အိပ်တန်းတက်နေကြသည့် ညငှက်အချို့သည် ဖရောဖရဲဖြင့် လန့်ကာ ပျံသန်းသွားကြသည်။

"ဂစ် ... ဂစ်"

"အူ ... ဝူ ... အူး"

"ဟိုနေရာက ဒီကောင့်ကိုမြှုပ်တဲ့နေရာပဲ ... "

ငှက်ဆိုးမြည်သံ ခွေးလေခွေးလွင့်တို့၏အူသံများအကြား အရိပ်သဏ္ဍာန်နှစ်ခုသည် မြေပုံမှတ်တိုင်တွေကို ဒယီးဒယိုင်ဖြင့် ဖြတ်ကျော်လာကြ၏။ သချိုင်းထဲ၌ အရိပ်သဏ္ဍာန်နှစ်ခု၏ လှုပ်ရှားသံ၊ စကားပြောသံမှတစ်ပါး သစ်ရွက်လှုပ်သံ ဝါးရုံများ ယိမ်းနွဲ့လှုပ်ရှားသံသာရှိလေသည်။





ယင်းအရိပ်သဏ္ဍာန်နှစ်ခုမှာ အရက်သမားမြဒင်နှင့် လုပုံကြီးတို့ဖြစ်၏။ တစ်နေရာသို့အရောက် ခပ်မို့မို့မြေပုံတစ်ခုနားသား ခြေလှမ်းရပ်တန့်လိုက်လေသည်။

"ကဲ ... တူးကြရအောင်လုပုံ"

"အေးကွာ ... တူးမှာပေါ့ ... ခဏလေး သွေးပူသွားအောင် တစ်ငုံနှစ်ငုံမော့လိုက်ဦးမယ်ကွ ... အေ့ ... ဒါမှ အလောင်းက ပုပ်ပွနေရင် မအန်ချင်မှာ ... "

လုပုံကြီးသည် ပြောပြောဆိုဆို ခါးကြားမှထိုးထားသည့် အရက်ပုလင်းအားယူကာ မော့လိုက်၏။ ပြီးတော့ မြဒင်ထံလှမ်းပေးသဖြင့် မြဒင်လည်း တဂွပ်ဂွပ်ဖြင့် မော့လိုက်လေသည်။

ပြီးလျှင် မြဒင်သည် တာဖ်ကြီးအား မြှုပ်နှံထားသည့်မြေပုံအား ကြယ်ရောင်လရောင် မပီဝိုးတဝါးလေးအောက်မှာ စတင်တူးလေတော့သည်။ တိတ်ဆိတ်နေသည့် ညဥ့်ယံထဲမှာ ကျင်းတူးသံ တဒုတ်ဒုတ်ကထွက်ပေါ်လာလေတော့၏။

"ဒုတ် ... ဂလုပ်"

"ဒုတ် ... ဒုတ်"

"မြန်မြန်တူးပါ မြဒင်ရာ ... ကြာလိုက်တာကွာ"

"အခေါင်းပေါ်လာပါပြီကွ ... ဒီမှာမတွေ့ဘူးလား ချီးထဲမှ"

မြဒင်ပြောသကဲ့သို့ပင် မြေကျင်းအား သိပ်မတူးလိုက်ရပေ။ တာဖ်အား မြှုပ်နှံထားသည့်အခေါင်းကြီးက ပေါ်လာလေသည်။ မြဒင်၏လက်တွင်းမှ ပေါက်ပြားအား လုပုံကြီးက ယူလိုက်ကာ အားမလို အားမရဖြင့် သူကိုယ်တိုင် တူးလေတော့၏။

"ဒုတ် ... ဂလုပ်"

"ပေါ်လာပြီကွ ... အခေါင်းဖုံးဖွင့်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လုပုံကြီးသည် အခေါင်းကြီး၏အဖုံးအား စိတ်မြန်လက်မြန်ပ
ခွဲဖွင့်လိုက်သောအခါ ...

"ဟာ ..."

"ဟင် ..."

နှစ်ယောက်သား အမူးတွေပင် ပျောက်သွားလေသည်။ မျက်လုံ
များသည် မကောင်းဆိုးဝါးတစ္ဆေသရဲများကို မြင်တွေ့လိုက်ရသလို ပြူးကျယ်
ဝိုင်းစက်သွားကြလေသည်။ သူတို့တစ်သက်၌ တစ်ကြိမ်မျှပင် မကြုံ
သည့်အဖြစ် ...

ယင်းမှာ လတ်လတ်ဆတ်ဆတ်ကြီးပင်ရှိသေးသော အခေါင်းကြ
ထဲ၌ မည်သည့်အလောင်းမှရှိမနေပါ။ တာဖ်၏အလောင်းကြီး ဘယ်ပျော
သွားလေပြီလဲ ...

မြခင်သည် မကြို့စမူး မျက်စိမျက်နှာပျက်ကာ ချွေးသီးများ စီး
လျှက် ...

"အ ... အလောင်းကြီးက ဘယ် ဘယ်ရောက်သွားလဲ ... ဆေ
သေချာတယ် ... တာဖ် တစ္ဆေသရဲဘဝပြောင်းသွားတာပဲဖြစ်ရမယ်"

"အေး ... ထူးဆန်းတာတော့ အမှန်ပဲကွ ... ဒီကော
အလောင်းဘဝကနေ ဖုတ်ဝင်ပြီး အပမှီသလိုဖြစ်ပြီး ဒီထဲကထွက်သွားတ
နေမယ် ... ဒီမှာတွေ့လား အခေါင်းဖုံးက ကျိုးပဲ့နေတာ ... ပြီးတေ
သွေးစက်တွေလည်း ပျဉ်ချပ်မှာတွေ့နေရတယ် ... ခွေးစားသွားတာတော
မဖြစ်နိုင်ဘူးကွ ... ခွေးစားရင် အလောင်းကတော့ အနီးဝန်းကျင်မှာ
တစ်ပိုင်းတစ်စကျန်မှာပဲ ..."

အဘယ်ကြောင့်ဆိုသော် အခေါင်းအား သူတို့မတူးဖော်ခင် ဖုံ
ထားသည့်မြေများက ပွစာကျဲနေပြီး မြေစများ ဖရိုဖရဲဖြစ်ခြင်းကြောင့်ဖြ
၏။ အခေါင်းကလည်း သိပ်ခက်ခဲစွာ မဖော်လိုက်ရပေ။ လုပုံကြီးသည်





အခေါင်းဖုံးကြီးအား ပြန်ချကာ အရက်တစ်ငုံမော့လိုက်သည်။

ယင်းအခိုက် မည်သည့်နေရာကနေ လွင့်ပါးလာမှန်းမသိသော
အပုပ်နံ့ကြီးတစ်ခုက ထောင်းခနဲ စူးရှစွာ ပျံ့လွင့်လာလေသည်။ မြခင်
ကြက်သီးတဖြန်းဖြန်းထသွား၏။

"အ ... အပုပ်နံ့ကြီးကွ"

"အေးလေ ... သချိုင်းကုန်းပဲကွ ... အပုပ်နံ့ဆိုတာ ဆန်း
သလားကွာ ... ကဲ ... ပြန်ကြရအောင် ... ညဉ့်အရမ်းနက်နေပြီကွ"

ယင်းအခိုက် ...

"ချွတ် ... ဖြောက်"

"အဟင်း ... ဟီးဟီး"

"ဟင် ..."

သူတို့ဖြင့် မလှမ်းကမ်း အမှောင်ရိပ်ကျရာနေရာမှ သစ်ကိုင်း
ခြောက်ကျိုးသံဖြင့်အတူ တဟင်းဟင်းဖြင့် ညည်းတွားသံကြီးက ထွက်ပေါ်
လာလေသည်။ လုပုံကြီးကမူ ကြားဟန်မတူသလို ခြေလှမ်းတွေ ဒယီး
ဒယိုင်ဖြင့် သုသာန်ဝဘက်သို့ လှမ်းထွက်သွားစဉ် မြခင်သည် အလိုလိုနေ
ရင်း အနောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်စဉ် ...

"ဟာ ... လု ... လုပုံ ... ပြေး ... ပြေး"

မြခင်မြင်လိုက်ရသည်က ချုံကွယ်အတွင်းကနေ ဝေါခနဲပြေးထွက်
လာသည့် အရိပ်မည်းမည်းအကောင်ကြီးတစ်ကောင်။ မျက်လုံးကြီးနှစ်ဖက်
က နီရဲနေလေသည်။

မြခင်၏ ငယ်သံပါအောင် အော်ဟစ်သံက သချိုင်းထဲ ပျံ့လွင့်
သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောလူကြီး

မြခင်ဖြင့်လှပုံကြီးတို့ အရက်များမူးကာ သေသွားသည့် တာဇံကြီး၏ အလောင်းအား သွားရောက်တူးဖော်ကြည့်ရာမှ အခေါင်းထဲမှာ တာဇံ၏အလောင်းကြီးမရှိဘဲ ပျောက်သွားကြောင်း၊ သူတို့နှစ်ယောက်ကိုလည်း ကြီးမားသော သဘက်ကြီးတစ်ကောင်က ခြောက်လှန့်လွှတ်လိုက်ကြောင်း သတင်းကြီးသွားလေသည်။ ကြောက်လန့်တတ်သူ မိန်းမသူများ နေ့ခင်းပင် ရွာထဲကနေ တောခုတ် ထင်းခုတ်သွားရမှာပင် ကြောက်လန့်နေကြ၏။

အချို့ တွေးဆတတ်သည့်ရွာမှလူကြီးအချို့ကမူ —

"မင်းတို့ဟာကလည်း ဟုတ်မှဟုတ်ရဲ့လားကွာ — မြေမြှုပ်ထားတဲ့အလောင်းက အခေါင်းထဲကနေ ပျောက်ရတယ်လို့ ငါတစ်သက် ဒီတစ်ခါပဲ ကြားဖူးသေးရဲ့ … ဟိုနှစ်ကောင်က မူးမူးနဲ့ ထင်ရာမြင်ရာ လျှောက်ပြောနေတာနေမှာပါ … "

"ဟာ … မြခင်ပြောတာ တကယ်နေမှာပါ ဘကြီးပျော့ရ … မြခင်က မူးပေမဲ့ ဒီလိုတော့ မနောက်တတ်ပါဘူး … အဲဒါ ကျုပ်တော်တို့





တောင် သွားပြီး ဟုတ်မဟုတ် သွားကြည့်ကြမလို့"

"အေး … အဲဒါ အမှန်ဆုံးပဲပေါ့ — ဘယ်အရာမဆို သူတစ်ပါးပြောလို့ယုံရတာထက် လက်တွေ့မျက်တွေ့က အကောင်းဆုံးပဲ"

ရွာသားအချို့သည် တာဇံကြီး ဖုတ်ဝင်ကာ အခေါင်းအောင်းသူဘာသာသူဖွင့်ပြီး ရွာတွင်းသို့ တစ္ဆေအဖြစ် လိုက်လံခြောက်လှန့်နေသည်ကို မယုံ၍ ကိုယ်တိုင် သချိုင်းကုန်းသို့ လူစုလူဝေးဖြင့် သွားရောက်တူးဖော်ကြည့်ကြရာ တာဇံကြီး၏အလောင်းသည် သူ့နေရာ၌ပင်ရှိနေပြီး ပုပ်စော်ဝင်နံ့နေလေပြီ။

ရွာသားတွေက —

"တောက် — မြခင်ကြီးတို့လုပ်လိုက်မှာဖြင့် တစ်ရွာလုံး အိမ်ထဲက အိမ်ပြင်မထွက်ဝံ့အောင် လုပ်ပါ့ကွာ"

"ဒီကောင်တွေ မူးရူးပြီး တခြားမြေပုံကိုသွားဖော်တာကွ … ကြည့်ပါလား … ဟိုမှာ သူတို့ဖော်ထားတဲ့မြေပုံ … "

"အေးလေ — ဒီကောင်တွေပါ တစ်ခါတည်းသေရမှာ — အလကားအလုပ်ရှုပ်အောင်ကွာ … မူးကြောင် ရူးကြောင်နဲ့"

ရွာသားများ လက်ညှိုးထိုးပြသလို တာဇံကြီး၏အလောင်းမြှုပ်ရာနေရာနှင့် မလှမ်းမကမ်းတွင် ကျင်းချိုင့်ကြီးဖြစ်နေသည့် မြေပုံတစ်ခုအား တွေ့ရလေသည်။ ညတုန်းက အရက်သမား မြခင်နှင့် လှပုံကြီးတို့နှစ်ယောက် အမူးရေချိန်လွဲကာ အခြားမြေပုံအား တာဇံ၏မြေပုံအမှတ်ဖြင့် မှောင်မည်းမည်းကြီးထဲ တူးဖော်ခဲ့ခြင်းဖြစ်မည်။

ပြီးနောက် မလှမ်းမကမ်းချုံအကွယ်မှာ ကျွဲခြေရာများလည်း ရှုပ်ယှက်ခတ်နေသည်ကိုတွေ့ရ၏။ ဟိုနှစ်ကောင်ပြောသည့် သဘက်ကောင်ကြီးမှာလည်း နဖားကြိုးလွတ်နေသော ကျွဲကြီးတစ်ကောင်ပင်ဖြစ်ရမည်ဟု ခန့်မှန်းကြ၏။ ရွာသားများမှာ ငိုအားထက် ရယ်အားသန်ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအဖြစ်အပျက်များ ဖြစ်ပြီးနောက် သုံးရက်အကြာ၌ ရွာသို့ လူကြီးတစ်ယောက် ထူးဆန်းစွာရောက်ရှိလာလေသည်။ ယင်းလူကြီးသည် လူတစ်ဦးအား လိုက်လံရှာဖွေနေခြင်းပင်ဖြစ်၏။ သူရှာဖွေနေသည့်လူအမည်မှာ မြတ်သာဟုခေါ်ပြီး ဤရွာလေးသို့ ရောက်ရှိဇာတ်မြှုပ်နေကြောင်း သတင်းရ၍ လိုက်လံရှာဖွေခြင်းဖြစ်သည်။ ယင်းလူကြီး ပြောသည့် ပုံပန်းသဏ္ဌာန်မှာ မနေ့တစ်နေ့ကပင် သေဆုံးသွားသူ တာဖဲကြီးနှင့် ဆင်ဆင်တူနေလေသည်။

"မိတ်ဆွေကြီးပြောတာ ကိုတာဖဲကြီးနဲ့တူသလိုပဲဗျ"

"အဲဒီ တာဖဲကြီးဆိုသူက ဘယ်မှာနေတာလဲ ကျုပ်တွေ့ပါရစေ"

"ကိုတာဖဲက သေပြီဗျ ..."

"ဟင် ..."

ရွာသားဘတန်သည် မနေ့တစ်နေ့ကပင် တာဖဲကြီး ပြုန်းစားကြီး သေဆုံးသွားပြီး သူသာန်၌ မြေမြှုပ်ရာမှ မကျွတ်မလွတ်ဘဲ ဝိညာဉ်ဘဝသို့ ရောက်ရှိကာ ရွာထဲသို့ ကိုယ်ထင်ပြခြောက်လှန့်နေကြောင်း။ ရွာသား မြင်တို့လူစု အလောင်းအား ညဘက်ကြီးသွားရောက်တူးဖော်ရာမှ အလောင်း ပျောက်သွားပြီး နောက်မှ အခေါင်းထဲသို့ အလောင်းသည် ပြန်ရောက်နေကြောင်း။ ကိုတာဖဲသည် သူတို့ရွာသားမဟုတ်ဘဲ မည်သည့်ဇာတိ မည်သည့်ရွာကမှန်း အတိအကျမသိကြကြောင်း ပြောပြပါသည်။

ထိုအခါ ယင်းဦးကန်လှုဆိုသောလူကြီးသည် သက်ပြင်းတစ်ချက်လေးလံစွာရှိုက်ကာ ...

"အင်း ... မောင်ရင် ပြောပုံဆိုပုံအရဆို တာဖဲဆိုတဲ့လူဟာ တကယ်ပဲ ကျုပ်နှစ်ပေါင်းများစွာ လိုက်လံရှာဖွေနေတဲ့သူဖြစ်ဖို့များတယ်၊ သူက တာဖဲအဖြစ်နဲ့ မထင်မရှား ဒီရွာလေးမှာ လာပြီးဇာတ်မြှုပ်နေတာပဲ





ကိုး ... ကျုပ် နောက်ကျသွားတာပေါ့"

"ဘာလဲ ... သူက ရာဇဝတ်မှုကျူးလွန်ခဲ့လို့လားဗျ"

ရွာသားဘတန်သည် မေးလိုက်၏။ ထိုအခါ ယင်းလူကြီးသည်

"သူသာ မြတ်သာအမှန်ဆိုရင် ရာဇဝတ်သား ဘယ်ဟုတ်လိမ့်မလဲဗျာ ... သူက ဆွေကြီးမျိုးကြီးထဲက ဆင်းသက်လာတဲ့ မင်းမျိုးမင်းနွယ်ဆက်တွေဗျ ... နယ်ချဲ့တွေ ကျုပ်တို့တိုင်းပြည်ကို စတင်အုပ်စိုးစဉ်က တိမ်းရှောင်ခဲ့ကြတဲ့ ဆွေတော်မျိုးတော်တွေထဲမှာလည်း ပါတာပေါ့ဗျာ၊ ဒီတုန်းက နယ်ချဲ့ရန်ကြောင့် နေရာအနှံ့အသွင်အမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရုပ်ဖျက်နေထိုင်ခဲ့ရရှာကလား ... သူတို့ကိုယ်သူတို့လည်း ကယ်ပါရှာ ဘုရားကျွန်တွေအမည်ခံပြီး ပုန်းလျှိုးကွယ်လျှိုးနေခဲ့ကြရကလား ... မောင်ရင် ပန်းဆက်ရွာကိုကြားဖူးသလား"

"ကြားဖူးပြီလားဗျာ ... ကျုပ်တို့ရွာနဲ့မှ သိပ်မလှမ်းဘဲ၊ ဒီရွာက ကယ်ပါမျိုးရိုးတွေချည်းနေကြတာ မဟုတ်လား ... နောက်ဆုံး ရွာက မီးလောင်သွားသလိုလို ရွာအချင်းချင်းမတည့်လို့ ရွာလုံးကျွတ်အသတ်ခံလိုက်ရသလို ကြားရတာပဲလေ ... အဲဒီရွာနားက သစ်စေးပင်သုသာန်ဆိုတာ နာမည်ကြီးပဲပေါ့ ... ကျုပ်တို့တောင် မသွားဝံ့ကြဘူး"

ဘတန်နှင့်လူကြီးတို့ စကားပြောနေကြရာသို့ ရွာသူရွာသားများ စုရုန်းရောက်ရှိလာကြလေသည်။ လူကြီး၏အသွင်သည် ရည်မွန်ယဉ်ကျေးခန့်ညားစွာဝတ်ဆင်ထားပြီး ဆံပင်က သျှောင်ထုံးကြီးဖြင့် မင်းဟန်စိုးပေါက်ရှိတာကို စိတ်ဝင်စားတာလည်းပါလေသည်။

အထူးသဖြင့် တာဖဲအကြောင်းဖြစ်နေ၍လည်း ပို၍စိတ်ဝင်စားကြခြင်းဖြစ်သည်။ တာဖဲသည် အမှန်တကယ် သေဆုံးသွားသည်ပဲလား မကျွတ်မလွတ်ဘဲ ခြောက်လှန့်နေတုန်းပဲလား၊ ခုချိန်ထိ မကွဲပြားကြသေး။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီအဖြစ်အပျက်တွေပြောရရင် အတော်လေးကို ရှည်လျားတယ် _ အဲဒီထဲမှာမှ ရင်နင့်စရာ၊ ကြေကွဲစရာ အဖြစ်ဆိုးတွေလည်း ပါတာပေါ့ဗျာ _ ခင်ဗျားတို့ စိတ်ဝင်စားမယ်ဆိုရင် ကျူပ်ပြောပြပါ့မယ် ... "



## ဆိုးကျွရန်မီး

ညသည် မှောင်ရိုရိုးတဝါးလေး လင်းနေသည်။

ကောင်းကင်ကမ္ဘာကြီးထဲ ကြယ်စကြယ်ပွင့်လေးများ၏ တောက်ပသည့်အလင်းတန်းများကြောင့် သစ်ပင်ချုံနွယ်ရိုင်းများအား ရေးပျပျမြင်နေရ၏။ ယခင်ညများကဆိုလျှင် မိုးချုပ်မဆိုထားနှင့် နေခင်းကြောင်တောင်ပင် သစ်စေးပင်သုသာန်ကုန်းကြီးသည် လူသူလေးပါး ကင်းရှင်းလျက် ခြောက်သွေ့တိတ်ဆိတ်နေလေသည်။

သို့သော် ယနေ့ညမှာမူ သစ်စေးပင်သုသာန်ကုန်းကြီးတစ်ဝိုက်မီးရောင်က လင်းလက်လို့ ဘုရားကုန်းရွာကနေ မြင်တွေ့နေရလေသည်။ သုသာန်ကုန်းကြီးတွင်းမှာလည်း လူအချို့ရောက်နေကြ၏။ ရွာသားအချို့လက်တွင်းမှ မီးတုတ်များ၊ ဓာတ်မီးများအလင်းကြောင့် သုသာန်ကုန်းတစ်ခုလုံး မှောင်တစ်ဝက် လင်းတစ်ဝက်ရှိနေကြသည်။

ဘုရားကုန်းရွာ၏မျက်နှာဖုံးသူဌေးကြီး ဦးမြဒင်၏မျက်နှာကြီးကတင်းမာခက်ထန်နေလေသည်။ ဦးမြဒင်၏နောက်လိုက်တပည့်များနှင့် ရွာသားအချို့ကမူ သူတို့၏မျက်မှောက်ရှေ့၌ သွေးအိုင်ထဲလဲနေကြသော



www.burmeseclassic.com

www.burmeseclassic.com



လှငယ်လေးနှင့် မိန်းမချောလေးအားကြည့်လျှင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ထိုသူနှစ်ဦးမှာ ပန်းဆယ်ရွာသားမြတ်သာနှင့် သူဌေးကြီးဦးမြဒင်၏သမီး မြနှင်းနွယ်တို့ပင်ဖြစ်သည်။

နှစ်ယောက်စလုံး ငြိမ်သက်နေကြလေပြီ။

"ကောင်းတယ် _ ကိုယ့်ရဲ့အမျိုးဂုဏ် ဇာတိဂုဏ်ကိုမှမထောက်ချေးဇာတ်ခင်းတဲ့သမီး ... ဟော့ကောင်တွေ သူတို့အလောင်းတွေကိုညတွင်းခြင်းပဲမြှုပ်ရမယ် ... မောင်ပုတို့သယ်ခဲ့ကြ"

ထိုစဉ် သုသာန်ကုန်းစပ်မှ မီးရောင်လက်လက်ဖြင့်အတူ ဆူညံသော လူသံများကို ကြားလိုက်ရလေသည်။ ဦးမြဒင်၏မျက်လုံးများကအေးစက်တင်းမာသွားလေသည်။

"ဟော့ ... မျက်နှာဖြူအလိုတော်ရိသူကြီး ဘယ်မှာလဲ"

"ပန်းဆက်ရွာသား မြတ်သာကိုထိရင် မီးပွင့်သွားမယ်"

"မြတ်သာရေ မြတ်သာ"

လူသံများ မီးရောင်းများက ပို၍နီးကပ်လာချေပြီ။ သူကြီးလည်းဖြစ်၊ ရွာမျက်နှာဖုံးသူဌေးကြီးလည်းဖြစ်သော ဦးမြဒင် ဆုံးဖြတ်တစ်ခုအားနိုင်မာစွာချလိုက်သည်။

"ဟော့ကောင်တွေ ... သူတို့နှစ်ယောက်ကို သယ်လာခဲ့ကြ"

"ဆ ... ဆရာကြီး ... မ ... မသေသေးဘူးထင်တယ် ... ညည်း ... ညည်းနေတယ်"

"ဟေ ... ဟုတ်လား ... ဘယ်လိုပဲဖြစ်ဖြစ်ကွာ ... သယ်သာသယ်ခဲ့ကြ ... နောက်မှ ငါစီစဉ်မယ် ... သွားသွား"

သူဌေးဦးမြဒင်၏အမိန့်ကြောင့် တပည့်အချို့သည် မြတ်သာနှင့်မြနှင်းနွယ်တို့အလောင်းအား ချီပွေ့လျှက် အုတ်ဂူပျက်တွေကြား ပျောက်ကွယ်သွားလေသည်။ အလောင်းသယ်သူများ ပျောက်ကွယ်သွားသဖြင့်





ပန်းဆက်ရွာသားအချို့ မီးတုတ်များဖြင့် အပြေးအလွှား ရောက်ရှိလာကြလေသည်။

ရှေ့ဆုံးမှဦးဆောင်လာသူက ပန်းဆက်ရွာလူကြီး မြတ်သာ၏ဖခင်ဖြစ်သူ ဦးထွန်းလှပင်တည်း။

သုသာန်ဝန်းကြီးအလယ်၌ ရွာသားနှစ်စု မျက်နှာချင်းဆိုင်မိကြလေပြီ။ ပန်းဆက်ရွာသား ဦးထွန်းလှသည် သားဇောဖြင့် မျက်နှာတင်းမာနေလျှက် ...

"ကျုပ်သား ဘယ်မှာလဲ ဦးမြဒင် ... "

"မသိဘူး ... ကျုပ်လည်း ကျုပ်သမီးကို ရှာနေတာပဲ ... သူတို့ကို ကျုပ်မတွေ့ဘူး"

သူဌေးကြီး ဦးမြဒင်၏လေသံမာမာကြောင့် ဦးထွန်းလှ ဇဝေဇဝါဖြစ်သွားပြီး ပန်းဆက်ရွာသားအချို့ထံလှည့်ကြည့်လိုက်သည်။ ရွာသားအချို့၏ မျက်နှာတွေကလည်း ဒေါသရောင်ကြောင့် လက်နေ၏။ သူတို့၏စိတ်တွင်း၌ မြတ်သာ တစ်စုံတစ်ခုဖြစ်သွားလျှင် ဘုရားကုန်းရွာသားများအား ကျူပင်ခုတ်ကျူငုတ်မကျန်အောင် ရှင်းပစ်ရန် ဆုံးဖြတ်ထားကြဟန်ပေါ်လေသည်။

ကိုယ်စီလက်နက် တုတ်၊ ဓားများကလည်းအပြည့်။

"ဦးထွန်းလှ ... သူတို့ပြောတာ မဖြစ်နိုင်ဘူးဗျ ... မြတ်သာကို သူတို့ တစ်ခုခုလုပ်လိုက်ပြီထင်တယ်"

"ဟော့ကောင် ... မင်းစကားပြောတာ ကြည့်ပြောစမ်း"

"မဟုတ်လို့လားကွ ... မြတ်သာနဲ့ မြနှင်းနွယ်ကို ဒီသုသာန်ကုန်းထဲဝင်သွားတာ ဖိုးပေအသေအချာတွေ့လိုက်တာ ... မြတ်သာတစ်စုံတစ်ခုဖြစ်လို့ကတော့ မင်းတို့တစ်ရွာလုံး မြေလှန်ပစ်မယ်"

"အေး ... မင်းတို့ရွာက ကိုယ်နဲ့တန်ရာတန်ရာနေ့ တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကယ်ပါမျိုးက အနှလက်နဲ့ ရွေခွက်နှိုက်ချင်တာကိုးကွ ... မင်းတို့ရွာ မကြာခင် ပြာပုံဖြစ်စေရမယ်''

အခြေအနေသည် တစ်စတစ်စ တင်းမာလာလေပြီ။ ရွာသားများ ထဲ၌ စိတ်တို စိတ်ဆက် လူငယ်လူရွယ်များလည်းပါသည်။ တော်ကြာ သုသာန်ကုန်းတစ်ခုလုံး ဒီထက်အခြေအနေပိုတင်းမာလာပါက သွေးချောင်း စီးသွားကြပေမည်။

ဦးထွန်းလှသည် နဂိုထဲက အေးဆေးတည်ငြိမ်သူပီပီ ...

''ဒီမှာ ဦးမြခင်''

''ဘာလဲ ထွန်းလှ''

''ခင်ဗျား ကျုပ်သားကို မတွေ့တာအမှန်ပဲလား''

''မတွေ့လို့ မတွေ့ဘူးပြောတာပေါ့ကွ ... မင်းတို့မကျေနပ်ရင် မင်းတို့ဘာသာ သင်္ချိုင်းတစ်ခုလုံး မြေလှန်ရှာပေါ့ကွာ ... ဒါမှမဟုတ်ရင် မင်းတို့ရွာကို အေးအေးဆေးဆေးပြန် ... ငါပြဿနာမဖြစ်ချင်ဘူး''

''ဒီမှာ ကိုမြခင် ... ခင်ဗျားတို့ရွာသားတွေက ကျုပ်တို့ရွာကို ကယ်ပါရွာ ဘုရားကျွန်ရွာလို့ လူရှေ့မှာ နောက်မပြောင်ကားစေနဲ့ ... ကျုပ် တို့ ရှေ့ဆက်သည်းမခံနိုင်တော့ဘူး ... ''

''သည်းမခံနိုင်တော့ ဘာလုပ်ချင်လို့လဲ ... ကယ်ပါက ကယ်ပါ ပေါ့ကွ ... မင်းတို့တစ်ရွာလုံး ဘယ်သူမှ ဆေးဖော်ကြောဖက်မလုပ်ဘူး သနတယ်ကွ ... ''

''ဘာကွ ... တောက်''

ဘုရားကုန်းရွာသားတစ်ယောက်၏ ရင့်သီးသောစကားကြောင့် ပန်းဆက်ရွာသားတစ်ဦးသည် ဓားကိုဝင့်မြှောက်ကာ ပြေးဝင်သွားလေ သည်။ အခြေအနေက ချက်ချင်းပြောင်းလဲသွားသည်။

''ကဲကွာ ... ငါတို့ကိုစော်ကားတဲ့ကောင်''





''ခုတ်ကြကွာ ... မလွှတ်စေနဲ့''

''ခုတ် ... ပြောင်း''

''ဟေ့ဟေ့ ... မလုပ်ကြနဲ့ ... ထွန်းလှ မင်းလူတွေ မင်းထိန်း စမ်း ... ဟေ့ကောင်တွေ ရပ်ရပ် ရပ်ကြစမ်း''

ညည့်အမှောင်အောက်၌ သစ်စေးပင်သုသာန်ကုန်းကြီးတစ်ခုလုံး အော်ဟစ်သံ ဆဲဆိုသံများဖြင့် ပွက်လောရိုက်ဆူညံသွားလေသည်။ ပန်းဆက်ရွာသားအချို့ မခံမရပ်နိုင်ဖြစ်ကာ ဘုရားကုန်းရွာသားများကို ဝင်ရောက်ခုတ်ထစ်ကြလေတော့၏။

သူဌေးကြီးဦးမြခင်၏အော်ဟစ်သံကျယ်ကျယ်ကြီးက သုသာန်ဝင်း အတွင်း ဟိန်းထွက်သွားသည်။ ညည့်ငှက်ဆိုးများပင် ကြောက်လန့်တကြား ပျံသန်းသွားကြ၏။

''ဂစ် ... ဂီး''

''အူ ... ဝူ ... ဝူ''

သစ်စေးပင်သုသာန်ကုန်းကြီးတစ်ခုလုံးသည် အမင်္ဂလာခွေးအူသံ များ အဆက်မပြတ်။

လူကြီးသည် သူ၏ပြောလက်စ စကားကိုရပ်လျက် သက်ပြင်း တစ်ချက် ချလိုက်လေသည်။ ရွာသူရွာသားများသည် ယင်းလူကြီးပြောပြ သည့် အကြောင်းအရာများကို စိတ်ပါဝင်စားစွာ နားထောင်လျက်ရှိသည်။

ရွာသားများထဲမှ ကိုပေသီးက ...

''ခင်ဗျားပြောတဲ့အကြောင်းကို ကျုပ်တို့ရွာကလည်း လူကြီးအချို့ ပြောဆိုကာ ကြားဖူးပါတယ် ... ကျုပ်တို့လည်း အဲဒီတုန်းက ခပ်ငယ်ငယ် ရှိသေးတယ် ... အဲဒီသစ်စေးပင်သုသာန်ဝန်းကြီး နာမည်ကြီးတာလည်း ကြားဖူးတယ် ... ''

''ဒါထက် ... အဲဒီသစ်စေးပင်သုသာန်ကြီးထဲက သင်္ချိုင်းကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါး နာနာဘာဝတွေ မှီကပ်ပြီးနေကြတယ်ဆိုတာ ဟုတ်သလား ဗျ ... ပြောပါဦး"

ရွာသားတစ်ယောက်ကပါ သိချင်စိတ်ဖြင့် စပ်စုလိုက်လေသည်။

"သုသာန်ဇာပြင်ဆိုတာ မကျွတ်မလွတ်တဲ့ မြင်အပ် မမြင်အပ် ဝိညာဉ်ပရလောကသားတွေ နေထိုင်ကြတာတော့ အမှန်ပေါ့ဗျာ ... အဲဒီ သစ်စေးပင်ကြီးကလည်း ခြောက်တယ်ဆိုတာ အမှန်ပါပဲ ... ကြုံဖူးသူတွေ ကြုံဖူးကြတယ် ... "

"မေးရဦးမယ်ဗျ ... "

"မေးလေ ... မေးပါ"

"ခင်ဗျားပြောပြတဲ့အတိုင်းဆိုရင် အဲဒီမြတ်သာနဲ့ မြနှင်းနွယ်တို့ ကြောင့် ရွာနှစ်ရွာပဋိပက္ခဖြစ်ပွားကြတာအမှန်ပဲပေါ့ ... ကျုပ်တို့ကြားတာ ကတော့ ဘုရားကုန်းရွာသားတွေက ညတွင်းချင်း ဘုရားကျွန် ကယ်ပါမျိုး တွေနေကြတဲ့ ပန်းဆက်ရွာလေးကို မီးတင်ရှို့လိုက်ကြတယ်ဆိုတာ အမှန် ပဲလား ... "

ထိုရွာသား၏စကားကြောင့် ဦးကန်လုဆိုသောလူကြီး၏မျက်ဝန်း တွေသည် အလင်းရောင်အောက်မှာပင် မှိန်ညို့ရီဝေသွားသည့်ဟန် မြင် လိုက်ရလေသည်။ သူ၏အမူအရာကလည်း ယင်းအကြောင်းကို ပြောပြသင့် မပြောပြသင့် တွေးနေဟန်ဖြင့် ...

"အင်း ... တကယ်တော့ ဒီကိစ္စတွေဟာ အများက အထင်လွဲ မှားနေကြတဲ့အဖြစ်ပါ ... ရွာနှစ်ရွာဟာ ပဋိပက္ခဖြစ်ပြီး ခိုက်ရန်ဒေါသဖြစ် သွားတာလည်းအမှန်ပါ ... ဒါပေမဲ့ အသေအပျောက်မရှိခဲ့ကြပါဘူး။ ပန်းဆက်ရွာတစ်ရွာလုံး ပြာပုံအတိဖြစ်သွားတာလည်းအမှန်ပါ ... ဒါပေမဲ့ ဘုရားကုန်းရွာနဲ့မဆိုင်ပါဘူး ... "

"ဟင် ... "





"ဟာ ... တစ်မျိုးပါလား"

"ပန်းဆက်ရွာကို မီးတင်ရှို့ခဲ့တာက နယ်ချဲ့အလိုတော်ရိ ရွာသား အချို့ပါ ... အဖြစ်က ဒီလိုပါ ... "

♦ ၅ ♦



www.burmeseclassic.com

www.burmeseclassic.com

## ဏျိုဖြတ်သောညတစ်ည

အမှောင်ထဲမှာ မီးရောင်တလက်လက်သည့် ဘုရားကုန်းရွာ အနောက်ဘက် တောလမ်းကနေ ရွေ့လျားလာနေကြသည်။ ဘုရားကုန်းရွာတွင်းသို့ရောက်လာပြီး ကျယ်ဝန်းအုံ့ဆိုင်းနေသည့် ခြံကြီးအတွင်းသို့ လှမ်းဝင်သွားကြလေသည်။ ယင်းခြံကြီးမှာ သူဌေးကြီးဦးမြဒင်၏ခြံကျယ်ကြီးပင် ဖြစ်လေတော့သည်။

"ဟေ့ ... ငွေမောင်း"

"ဗျာ ... သူဌေးကြီး"

"ခြံဝကိုသေချာစောင့် ... ဘယ်သူလာလာ ဝင်ခွင့်မပေးနဲ့"

ဦးမြဒင်သည် တပည့်ဖြစ်သူငွေမောင်းအား တင်းကျပ်စွာ မှာကြားပြီး အိမ်တွင်းသို့ လျင်မြန်စွာ လှမ်းဝင်သွားလေသည်။ သူ၏နောက်မှ လူယုံတပည့်ဖြစ်သူသုံးယောက်ပါ လိုက်ပါလာကြ၏။ အိမ်ကြီးတွင်း၌ အောက်လင်းမီးအိမ်ကြီးက လင်းနေ၏။

ဦးမြဒင်သည် အောက်ထပ်ဧည့်ခန်းကျယ်ကြီး၏ထောင့်စွန်းရှိ အခန်းကျယ်ကြီးသို့ တန်းမတ်စွာလျှောက်သွားလေသည်။ အခန်းပေါက်ဝ





မှာ တပည့်တစ်ဦးကရပ်လျှက်။

ဦးမြဒင်က ...

"အခြေအနေ ဘယ်လိုလဲဟေ့ အရှည်ကြီး"

"အခြေအနေက သေတွင်းကနေ နှစ်ယောက်စလုံးကို လက်မ တင်လေး ကယ်တင်လိုက်နိုင်ပါတယ် ဆရာကြီး ... အထဲမှာ ဆေးဆရာကြီး ဦးရောင်ဖွေလည်းရှိပါတယ်"

"အေး ... ငါဝင်ကြည့်လိုက်ဦးမယ် ... ဒီကိစ္စ ဘယ်သူမှ မပေါက်ကြားစေနဲ့နော် ... ပိရိမှဖြစ်မှာ"

"စိတ်ချပါဆရာကြီး"

ဦးမြဒင်သည် အခန်းတွင်းသို့ လှမ်းဝင်သွားလေသည်။ အခန်းတွင်းရှိ ခုတင်ပေါ်၌ သမီးဖြစ်သူ မြနှင်းနွယ်သည် ဖျော့တော့စွာ အသက် ရှူနေသည်ကို မြင်လိုက်ရ၏။ နဘေး၌ ဆေးဆရာကြီး ဦးရောင်ဖွေကိုလည်း တွေ့ရ၏။ ဦးမြဒင်က ...

"ဘယ့်နှယ်လဲ ဆရာကြီး"

"စိတ်တော့ စိတ်ချသွားရပါပြီသူဌေးမင်း ... ဟိုဘက်က လူငယ်ကတော့ အသက်မသေပေမဲ့ ရုပ်ရည်က နဂိုအတိုင်းတော့ ပြန်ဖြစ် ချင်မှဖြစ်မယ် ... ကျုပ်လည်း အတတ်နိုင်ဆုံးကုသတာပဲလေ ... ဒဏ်ရာ တွေကကြီးတော့ ... "

ဦးမြဒင်သည် တစ်ဘက်ခုတင်မှ မျက်နှာ၌ ပတ်တီးအဖွေးသားဖြင့် လူတစ်ယောက်အားလှမ်းကြည့်ပြီး မျက်ဝန်းတွေက မသိမသာ အေးစက်သွားလေသည်။ သို့သော် ဦးမြဒင်သည် မျက်နှာအား ချက်ချင်း ချခနဲပြန်လွှဲလိုက်ကာ ချာခနဲ စိတ်လျှော့လိုက်သလို သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"သူကိစ္စကိုထားလိုက်ပါ ... ကျုပ်တို့စီစဉ်ထားတဲ့ကိစ္စတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံးစိစဉ်လိုက်ကြရအောင်ဆရာကြီးရောင်ဖွေ ... အချိန်က သိပ်အရေးကြီးနေပြီ ... ''

''စီစဉ်လေ သူငွေးမင်း ... ကျုပ်လည်း အဲဒီကိစ္စစိတ်လောနေတာ ... ကျုပ်တို့နိုင်ငံက အဖိုးတန်ကျောက်မျက်ရတနာတွေကို တိုင်းထစ်ပါးလက်ထဲမရောက်စေချင်တာ အမှန်ပဲ ... ''

''စိတ်ချစမ်းပါဗျာ ... ခင်ဗျားထက် ကျုပ်က ဇာတိသွေး ဇာတိမာန် ပိုထက်တယ်ဆိုတာ မမေ့နဲ့ ... ကျုပ်လည်း အားမတန်လို့ မာန်လျှော့နေတာ ... လာလာ''

ဦးမြဒင်နှင့် ဆေးဆရာကြီး ဦးရောင်ဖွေတို့ အခန်းပြင်သို့ ထွက်ခဲ့ကြပြီး ဦးမြဒင်သည် သူ၏လူယုံတပည့်သုံးယောက်အား မျက်ရိပ်ပြကာ ခေါ်လိုက်၏။ ပြီးနောက် သူတို့အားလုံးသည် အနီးရှိ အခန်းကျယ်ကြီးတစ်ခုတွင်းသို့ အလျင်အမြန်လှမ်းဝင်သွားကြလေတော့၏။

အချိန်တွေက တရွေ့ရွေ့ကုန်လွန်သွားတော့သည်။

◆ဝ◆



## သုသာန်ထဲက ဆံပင်ဖားလျားကြီး

ညနေခင်း၏အမှောင်ရိပ်တို့က ခပ်ပါးပါးပြီဆင်းကျလျှက် ရှိနေပေပြီ။

အိပ်တန်းတက် ကျေးငှက်သာရကာတို့၏ တစ်ကောင်ဖြင့်တစ်ကောင် လည်ချင်းယှက်ကာ သံသာကြည်အေး တွန်ကျူးသံတို့က တောလမ်းလေးအတိုင်း ညံဆူနေ၏။ အမှောင်နေလုံးသည် သစ်ပင်ကြီးများနောက်သို့ ပီပြင်စွာ တိုးဝင်သွားသေးသော်လည်း ဝန်းကျင်တစ်ခုလုံးသည် ကြီးမားသော သစ်ပင်ကြီးများနှင့် စိမ်းညို့သည့်ဝါးရုံတောကြီးများကြောင့် အမှောင်က လွှမ်းခြုံတွေးပိုက်စပြုနေလေပြီ။

သုသာန်ကုန်းကြီးတစ်ခုလုံးသည်လည်း လေတိုးသံ၊ သစ်ကိုင်းချင်း ပွတ်တိုက်မြည်သံ၊ ကျေးငှက်များ အော်မြည်သံတို့ကြောင့် ချောက်ချားထိတ်လန့်ဖွယ်မဆောင်ပေ။ အမှတ်တမဲ့ဆိုပါလျှင် ကြည်နူးဖွယ်ရာပင်ကောင်းနေသေး၏။ သို့သော် သုသာန်ကုန်းကြီးပေါ်မှ မြေပုံမှတ်တိုင်များအုတ်ဂူအပြိုပျက်များက ဤသို့နေဝင်ရီတရော နွားရိုင်းသွင်းချိန်မှာ ရုတ်တရက် မြင်တွေ့လိုက်ရပါလျှင် မည်သူမဆို အသည်းငယ်ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



သွားကြပေမည်။

အမှန်တကယ်ဆိုပါလျှင်လည်း ညနေခင်း နေဝင်ချိန်မဆိုထားနှင့် နေ့ခင်းကြောင်တောင်ပင် ယင်းနေရာသို့ မည်သည့်ရွာက ရွာသားမှ အဖြတ်သန်းမပြုဝံ့ကြ။

သို့သော်လည်း သုသာန်ကုန်းကြီး၏ အရှေ့ဘက်ကနေ ဘုရားကုန်းရွာဘက်သို့ လှည်းတစ်စီးက မောင်းနှင်လာသည်။

လှည်းပေါ်မှာ လူနှစ်ယောက်လိုက်ပါလာ၏။ သူတို့သည် ဘုရားကုန်းရွာသား စန်းဝင်းနှင့် ဝင်းမောင်တို့ပင် ဖြစ်လေသည်။ ဒီနေ့ သူတို့ တောတွင်းသို့ သစ်ဝါးသွားခုတ်ရင်း အပြန်နောက်ကျသွားကြခြင်း ဖြစ်သည်။ သူတို့ပြန်လာချိန်သည် အနောက်ရိုးမှာ နေစွယ်ပင်ညိုးနေလေပြီ။

ထို့ကြောင့်လည်း ထင်းလှည်းအား ခပ်သုတ်သုတ် ဒုန်းစိုင်းမောင်းနှင်လာခြင်းဖြစ်၏။ သို့သော်လည်း ထင်းဝါးများမှာ လှည်းအပြည့်တင်ဆောင်လာခြင်းဖြစ်၍ နွားနှစ်ကောင်သည် တစ်လှမ်းခြင်း တအိအိမောင်းလာရသည်။

ရှေ့မှာ နာမည်ကျော် ဘုရားကုန်းရွာစပ်က သစ်စေးပင်သုသာန်ကြီးအား လှမ်းမြင်နေရလေပြီ။

သုသာန်ကုန်းကြီးတစ်ဝိုက်တွင်လည်း အမှောင်ရိပ်တို့က တစ်စွန်းတစ်စ လွှမ်းခြုံစပြုနေလေပြီ။

"ဟေ့ကောင် ဝင်းမောင် ... လှည်းကိုကြိမ်တို့စမ်းပါဟ"

"ဟာကွာ ... ငါလည်းကြိမ်တို့နေတာ မင်းမြင်နေသားပဲ ... ဒီနွားကိုက ပေကပ်ကပ်နဲ့ ... ဘာလဲ မင်းက သချိုင်းနားရောက်လို့ ကြောက်နေပြီလား ..."

"ဟာ ... မကြောက်ဘဲနေမလားကွ ... ကိုယ့်ရွာသုသာန်အကြောင်း ကိုယ်အသိဆုံး ... ဟိုတခေါက်ကပဲ မြနှင်းနွယ်တို့တစ်စုဖြစ်သွား





တာ တိုင်းကျော် ပြည်ကျော် ... အဲဒီကောင်မလေး မကျွတ်မလွတ်ကြောင့်ကြတယ်ကွ ..."

စန်းဝင်းသည် ရှေ့၌လှမ်းမြင်နေရသော သုသာန်ကုန်းကြီးအား မဝံ့မရဲလှမ်းကြည့်ရင်း လေသံတုန်တုန်ဖြင့် ပြောသည်။ စန်းဝင်းသည် ဝိညာဉ်တစ္ဆေသရဲ နာနာဘာဝဆိုလျှင် ငယ်စဉ်ထဲက ကြောက်တတ်သည့် အစွဲရှိသည်။ ဤသုသာန်ဝင်းနားသို့ ခုလို နေဝင်ရီတရောအချိန်မဆိုထားနှင့် နေ့လယ်နေ့ခင်းပင် မဖြတ်သန်းပေ။ ဤမျှရှောင်သည်။

ယနေ့ကျမှ နယ်ကျော်ထင်းဝါးသွားခုတ်ရင်း နောက်ကျသွားရခြင်းဖြစ်လေသည်။ ယင်းအပြင် သိပ်မကြာသေးခင်ကမှ ဤသုသာန်ကုန်းကြီးအလယ်ရှိ ရှေးဇရပ်ပျက်အိုကြီးအနားမှာ လူသူအချို့ သေကြေကြသည်။ သူတို့ရွာသားတွေဖြင့် ပန်းဆက်ရွာသားများ ဖြစ်သည်။

မည်သည့်အတွက်ကြောင့်ဆိုသော် သူတို့ရွာက သူဌေးကြီး ဦးမြဒင်၏ တစ်ဦးတည်းသောသမီးဖြစ်သူ မြနှင်းနွယ်ဖြင့် အများက ပိုင်းကြိုးပယ်ထားသည့် ကယ်ပါရွာ ဘုရားကျွန်ရွာက မြတ်သာဟူသော လူငယ်တစ်ဦးတို့ မေတ္တာမျှရည်ငံရာမှ ရွာနှစ်ရွာစစ်ခင်းကြခြင်းဖြစ်၏။

ထွက်ပြေးသွားကြသည့် မြတ်သာနှင့် မြနှင်းနွယ်တို့နောက် ရွာနှစ်ရွာမှ လူများလိုက်လံရှာဖွေရင်း ဒီသုသာန်ကုန်းကြီးထက်၌ သူတို့နှစ်ယောက်အား သွားဖမ်းမိသည်။ သို့သော် အသက်ရှင်လျက်တော့မတွေ့ဟု ဆိုကြသည်။

မြနှင်းနွယ်သည် ကြောက်လန့်တကြားထွက်ပြေးရင်း လူသေမြှုပ်နှံရာ ကျင်းကြီးတစ်ခုအတွင်း ညမှောင်မှောင်ထဲပြုတ်ကျကာ တံစူးဝါးချွန်ကြီးထိုးမိလျက် သေဆုံးခဲ့ရသလို၊ မြတ်သာကလည်း ယင်းအဖြစ်ကြောင့် သူ့ကိုယ်သူ တံစူးဝါးချွန်ဖြင့်ထိုးကာ သေဆုံးခဲ့လေသည်။

နောက်မှလိုက်လာသည့် ပန်းဆက်ရွာသားများသည် မြတ်သာတို့



www.burmeseclassic.com

www.burmeseclassic.com



ရွာဓွေမတွေ့ရှိသဖြင့် ဘုရားကုန်းရွာသားများ သတ်သည်ဟုယူဆလျှက် သုသာန်ကုန်းပေါ်တွင် နိုက်ရန်ဖြစ်ပွားကြလေတော့၏။ ရွာနှစ်ရွာမှာ ရှေးအစဉ်အဆက်ကလည်း မတည့်ခဲ့ပေ။

သည့်ထက် ပိုထူးဆန်းသည်မှာ ဤသို့ ရွာနှစ်ရွာ အချင်းများကြပြီးနောက်တစ်နေ့တွင် ဘုရားကုန်းရွာသားများ၏နှုတ်မှ ဆဲဆိုကြိမ်းဝါးထားသည့်အတိုင်း ပန်းဆက်ရွာတစ်ရွာလုံး မီးတိုက်ခံလိုက်ရခြင်းပင်ဖြစ်သည်။ မည်သူ့လက်ချက်ဟုတော့ မပြောနိုင်။

သို့သော်လည်း အနီးဝန်းကျင်ရွာငယ်များကမူ သူဌေးကြီးဦးမြဒင်နှင့် နောက်လိုက်များသည် သူတို့ရွာသူအတွက် မကျေနပ်၍ ပန်းဆက်ရွာတစ်ရွာလုံးအား မီးလောင်တိုက်သွင်းပစ်လိုက်သည်ဟု ထင်မြင်နေကြလေသည်။

ထိုထက်ပို၍ ထူးခြားသည်မှာ ယင်းအဖြစ်အပျက်များဖြစ်ပွားပြီးသိပ်မကြာခင်မှာပင် ယင်းသုသာန်ကုန်းအနီးသို့ နေ့လယ်နေ့ခင်း သစ်ခုတ်ဝါးခုတ်လာသူအချို့က သုသာန်ဝင်းကြီးထဲ၌ သူဌေးသမီး မြနှင်းနွယ်အားမြှုပ်နှံထားရာ အုတ်ဂူတစ်ဝိုက် အမြဲတစေ ဆံပင်ဖားလျားချထားသောတစ္ဆေမတစ်ယောက်အား မကြာခဏ မပီပိုးတဝါး လှမ်းမြင်တွေ့နေရသည်ဆိုခြင်းပင်။

ယင်းအပြင် ယင်းသရဲမနှင့် အခြားသုသာန်ကုန်းတွင်းရှိ သစ်ဓေးပင်အခေါင်းကြီးတွင်း၌နေသော တစ္ဆေသရဲသဘက်ကြီးများကိုလည်း မှောင်ရီပျိုးစအချိန်များ ညဥ့်အချိန်မတော်များ၌ သုသာန်ကုန်းတစ်ဝိုက်ရိပ်ခနဲ ရိပ်ခနဲ စကားပြောသွားလာလှုပ်ရှားနေသည်ကိုလည်း မြင်တွေ့ရတတ်သည်ဟု ဆိုကြ၏။

သုသာန်ကုန်းကြီးမှာ သစ်ဝါးထူထပ်လွန်းလှ၍ မည်သူမျှတော့ အသက်စွန့်ကာ အပေါ်သို့တက်ရောက်မကြည့်ဝံ့ရဲကြပေ။ နောက်တော့





ယင်းသို့ ရွာသူဌေးကြီးဦးမြဒင်၏သမီး မြနှင်းနွယ် မကျွတ်မလွတ်ရှာ သုသာန်စောင့်မအဖြစ် ကျင်လည်ခြောက်လှန့်နေသဖြင့် ရွာမှ အသုဘပို့သူများမင်သုသာန်ကုန်းပေါ်သို့ မည်သူမျှမတက်ရဲကြတော့။ သုသာန်ကုန်းက နာမည်ကြီးသထက် ကြီးလာ၏။

ယင်းသချိုင်းကုန်းအား တတ်နိုင်သမျှ ရှောင်ကွင်းသွားလာကြတော့၏။

ဒါကြောင့်လည်း စန်းဝင်းတစ်ယောက် မကြည့်ရဲကြည့်ရဲဖြင့် ကြောက်လန့်နေခြင်းပင် ဖြစ်လေသည်။ ဝင်းမောင်ကမူ စန်းဝင်းလောက်တော့ အသည်းမငယ်။

"ဟယ် ... တယ် ... ရိုက်လိုက်ရ"

"ချလွှင် ... ချလွှင်"

သူတို့၏လှည်းသည် သုသာန်ကုန်းကြီးအနားသို့ ရောက်ရှိလာ၏။ ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်က ဖုံးလွှမ်းနေသည်။ ကံကောင်းသည်က စန်းဝင်း၏လွယ်အိတ်ထဲ၌ ဓာတ်မီးအဟောင်းလေးတစ်လက်က ပါလာသည်။

ကောင်းကင်ပေါ်၌လည်း ကြယ်ကလေးများ လင်းပွင့်လာလေပြီ။

"မြန် မြန်မြန် ကြိမ်တို့ပါဟ ဝင်းမောင်ရ"

"ဟ ... တို့နေတာ မင်းမမြင်ဘူးလား ..., မင်း ဒီလောက်အသည်းကြောင်နေရင် ဟော့ နှင်းနွယ်ရေ ဟောဒီမှာ စန်းဝင်းက နင့်ကိုတွေ့ချင်လို့တဲ့ ... "

"ဟာ ... ဟေ့ ... ဟေ့ကောင်"

ဝင်းမောင်သည် နဂိုမူလကပင် ခပ်ရွှတ်ရွှတ်ဖြစ်၍ သစ်ဓေးပင်သုသာန်ကုန်းကြီးတွင်းသို့လှမ်းကြည့်ကာ အော်လိုက်၏။ သူ၏အသံသည်သုသာန်ကုန်းကြီးတစ်ခုလုံး ဟိန်းညံသွားလေသည်။ စန်းဝင်း ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



တကြား အထိတ်တလန့် လှမ်းဟန့်ပါသော်လည်း မမီတော့။

သုသာန်ဝင်းကြီးတွင်းမှ ပွဲတင်ထပ်၍ ပြန်လည်ဟိန်းထွက်လာသော အသံကပင် ကြောက်လန့်စရာကောင်းနေလေသည်။ ဝင်းမောင်၏ နောက်ပြောင်မှုကြောင့် စန်းဝင်းသည် မျက်လုံးလေးကလယ်ကလယ်ဖြင့် သုသာန်ကုန်းဘက်ဆီသို့ လှမ်းကြည့်လိုက်၏။

"ဟင် ... "

ယင်းအချိန်မှာပင် စန်းဝင်း၏မြင်ကွင်းထဲသို့ သုသာန်ကုန်းကြီး၏ အလယ် လူသွားလမ်းငယ်လေးကနေ ဆံပင်ဖားလျားဖြန့်ချထားဟန်တူသော အရိပ်သဏ္ဍာန်တစ်ခုသည် ဆင်းသက်လာသည်။ တစ်ဆက်တည်း

"အဟင်း ... ဟင်းဟင်း ... ခစ်ခစ်"

"ဟာ ... ဟော့ ... ဟော့ကောင် ... ဟိုမှာ ... လာ ... လာနေပြီ"

"အေး ... အေးဟ ... အဲ ... အဲဒါ နှင်းနွယ်ပဲ ဖြစ်ရမယ်"

"အဟင်း ... ခစ်ခစ်"

သေချာပါသည်။ ဆံပင်ဖားလျားချထားသည့် အရိပ်သဏ္ဍာန်ဖြူဖြူကြီးထဲမှ ကြည်နူးလွင်ချိုသော ရယ်သံကိုပါ ပီသစွာ ကြားလိုက်ရသဖြင့် နှစ်ယောက်သား ခေါင်းနားပန်းကြီးသွားကြသည်။ အရိပ်သဏ္ဍာန်သည် သူတို့လှည်းရှိရာ လှည်းလမ်းကြောင်းဖြင့် တဖြည်းဖြည်းနီးကပ်လာချေပြီ။

"ဟော့ ... ဟော့ကောင် ... ဒါ ... ဒါ ... နှင်းနွယ်ခြောက်တာ၊ သေချာတယ် ... မောင်း ... မောင်းပါဟ"

"ခစ် ... ခစ်"

"ဟဲ့နွား ... ရှမ်းရှမ်း"

စန်းဝင်းသည် ကြောက်လန့်တကြား လှည်းအိမ်နံရံအားကိုင်





လျက် တုန်တုန်ရီရီဖြင့်ပြောလိုက်သလို ဝင်းမောင်သည်လည်း တအိတ်ကြောင်ငေးနေရာကနေ နွားများအားကြိမ်ဖြင့် တရှမ်းရှမ်းရိုက်လေတော့၏။ နွားများသည် ကြောက်လန့်တကြား ခေါင့်ရှုန်းထွက်ပြေးလေသည်။

ထိုအချိန်တွင် ထူးဆန်းလှစွာ သူတို့နှစ်ဦးအနားသို့ မည်သည့်နေရာကရောက်လာမှန်းမသိသော အပုပ်နံ့ကြီးတစ်ခုသည် ထောင်းခနဲထလာလေတော့၏။ နှစ်ဦးသား ကြက်သီးတဖြန်းဖြန်းထသွားလေသည်။

"အဟင်း ... ခစ် ... ခစ်"

"နှင်း ... နှင်းနွယ်ရေ ... အ ... အမျှ ... အမျှ"

"ဂစ် ... ဂစ် ... "

သုသာန်ကုန်းလေးတပိုက် တခစ်ခစ်ဖြင့် နှစ်သက်ကြည်နူးစွာသောကျ၍ရယ်မောသံ ကြောက်လန့်တကြားအမျှဝေသံ အိမ်တန်းတက်ထွက်များ အလန့်တကြားတဂစ်ဂစ်ဖြင့် အော်မြည်သံများဖြင့်သာ လွှမ်းရှုံးနှစ်ရစ်ခဲ့လေတော့သည်။

♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အဖြစ်အပျက်တို့ နိဒါန်း

သစ်စေးကုန်းသုသာန်ကြီးသည် ညဥ့်အမှောင်ထုအောက်၌ အုပ်
ဆိုင်းညို့မှိုင်းစွာ တည်ရှိနေလေသည်။ သုသာန်ကုန်းကြီး၏ အလယ်ခေါင်
တည့်တည့်၌ တည်ရှိနေသော ကြီးမားလှသည့်သစ်စေးပင်ကြီးမှာလည်း
ကြယ်ရောင်ပျပျအောက်၌ အရပ်ကာလန့်ကလားကြီးဖြင့် ထီးတည်းရပ်နေ
လေသည်။

တစပြင်တစ်ခုလုံး ညဥ့်လေပြည်ရိုင်းတို့၏ တိုးခတ်သံ သစ်ပင်
သစ်ကိုင်းများ ဝါးရုံပင်ကိုင်းများ ပွတ်တိုက်သံမှတစ်ပါး တိတ်ဆိတ်နေသ
ရံဖန် ညဥ့်ငှက်များကောင်တို့၏ တစီစီအော်မြည်သံကသာ ဝေါခနဲ ပေါ်ထွက်
လာတတ်၏။

"ဖလပ် ... ဖျတ်ဖျတ်"

သုသာန်ကုန်းမြေအတွင်း ညဥ့်ဘက်မှသာ ကျက်စားသွားလာ
တတ်သော ကြီးမားလှသည့် လူသေအလောင်းအပုပ်အစပ်များကို စာ
သောက်တတ်သည့် ကျင်းအောင်းမြေကြွက်ကြီး တချို့တလေကသာ မြေ
လွှားလှုပ်ရှားသံကိုလည်း ကြားနေရ၏။





ယင်းအချိန်တွင် သုသာန်ကုန်း၏ မြောက်ဘက်တောလမ်းလေး
ကနေ မပီဝိုးတဝါးအရိပ်သဏ္ဌာန်နှစ်ခုသည် ညဥ့်ဝိညာဥ်တွေအလား တရွေ့
ရွေ့လှမ်းလာနေကြသည်။ သုသာန်ကုန်းစပ်၌ ခုလိုညဥ့်အခါတွင် တွေ့မြင်
နေရသည်မှာ ဝိညာဥ်ပရလောကသားတွေမှတစ်ပါး အခြားမဖြစ်နိုင်။

ဤသစ်စေးကုန်းသုသာန်ကြီးသည်လည်း ဒီနယ်တရိုးမှာ ဝိညာဉ်
ပရလောကသားများ မှီတင်းနေထိုင်ရာ အခြောက်အလှန့်ထူပြောရာ တစ်ခု
တည်းသောသုသာန်ကြီးပင်ဖြစ်သည်။

လွန်ခဲ့သော တစ်လခန့်ကပင် ဘုရားကုန်းရွာသားနှစ်ဦးအား
ဤသချိုင်းမှ မကျွတ်မလွတ်သည့် မြနှင်းနွယ်သရဲမသည် ခြောက်လှန့်
လိုက်ကြောင်း နာမည်သတင်းကြီးသွားသေး၏။ အရိပ်သဏ္ဌာန်နှစ်ခုသည်
ကြယ်ရောင်ပျပျအောက်၌ ခြုံထည်အနက်ကြီးများလွှမ်းခြုံလျှက် သုသာန်
ကုန်းဧရိယာတွင်းသို့ လှမ်းဝင်လာနေကြသည်။

"အု ... ဝူ ... ဝူ"

ခွေးအူသံကလည်း ချောက်ချားသွေးပျက်ဖွယ်ရာကောင်းလှပေ၏
ခုလို လမိုက်ညအကာလအချိန်မျိုးမှာ မကောင်းဆိုးဝါး အရိပ်သဏ္ဌာန်ကြီး
များအား ရုတ်တရက် မြင်တွေ့သွားသူ မည်သူမဆို သွေးပျက်ကာ လန့်
ဖြန့်သေဆုံးသွားပေမည်။

မကောင်းဆိုးဝါးရှိရာ မကောင်းဆိုးဝါးများ အလည်ပတ်လာ
သည်ပဲလား။

အနက်ရောင်ခြုံထည်ကြီးများ လွှမ်းခြုံထားသည့် မကောင်းဆိုးဝါး
အရိပ်သဏ္ဌာန်နှစ်ခုသည် သုသာန်ကုန်းတွင်းရှိ မြေပုံမို့မို့များ အုတ်ဂူအပြို
အပျက်များကြားကနေ တစ်လှမ်းချင်း တရွေ့ရွေ့လျှောက်လာနေ၏။ သူတို့
၏ ဦးတည်ရာကား သုသာန်ကုန်းကြီးအလယ်ရှိ ချုံနွယ်ပိတ်ပေါင်းများ
လွှမ်းခြုံထားသည့် ဇရပ်ပျက်ကြီးဆီသို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ယင်းဇရပ်ပျက်ကြီးအပါးသို့ အရိုပ်သဏ္ဍာန်ကြီးနှစ်ခုသည် ချဉ်းကပ်လာသည်။

အရိပ်သဏ္ဍာန်တစ်ခုသည် နွယ်များကနေ ညဉ့်ငှက်တစ်ကောင်၏ အော်သံကဲ့သို့ မပီမသအော်သံက ထွက်ပေါ်လာလေသည်။

"ဂစ် ... ဂစ် ... ရှိ ... "

အရိပ်သဏ္ဍာန်နာနာဘာဝများသည် ဇရပ်ပျက်ကြီးအရှေ့ရှိ အုတ်ဂူပျက်ကြီးတစ်ခုအနီး၌ မားမားကြီးရပ်နေကြလေသည်။ သူတို့၏အကြည့်သည် ဇရပ်ပျက်ကြီး၏ မလှမ်းမကမ်းရှိ လှနှစ်ဖက်စာမက ကြီးမားလှသည့် သစ်စေးပင်ကြီးရှိရာဘက်သို့ မျက်နှာမူထားကြ၏။

မပီဝိုးတဝါးကြယ်ရောင်အောက်၌ တစ္ဆေနာနာဘာဝများသည် ဆံပင်ရှိုင်းကြီးများ ဖရိုဖရဲဖြင့်။

ယင်းအခိုက်မှာပင် သစ်စေးပင်ကြီးဘက်မှ ထူးဆန်းသောအပြာရောင်အလင်းတန်းလေးတစ်ချက် လင်းပြက်သွား၏။ ထိုအခိုက်မှာပင် သုသာန်ကုန်းကြီးတပိုက် စောစောကငြိမ်သက်နေသောလေပြည်သည် တဝေါဝေါကြမ်းတမ်းစွာ တိုက်ခတ်လာ၏။

"ဝေါ ... ဝေါ"

သုသာန်ကုန်းကြီးတစ်ခုလုံး သစ်ပင်ကြီးငယ်များ ချုံပုတ်မြက်ရိုင်းများသည် ကြမ်းတမ်းစွာငွေ့ရမ်းနေကြ၏။ အံ့ဩထူးဆန်းဖွယ်ရာပင် ကောင်းလွန်းလှသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် စောစောက မည်သည့်လှုပ်ရှားမှုမျှမရှိဘဲ ငြိမ်သက်လျက်ရှိသည့် သစ်စေးပင်ကြီး၏အောက်ခြေ ကြီးမားလှသော သစ်ခေါင်းကြီးအတွင်းမှ အဖြူရောင်အခိုးအငွေ့များသည် တလှင့်လှင့်ထွက်ပေါ်လာသောကြောင့်ပင်တည်း။

"ဟင်းဟင်း ... ခစ်ခစ်"

အဖြူရောင်လွင့်မြောနေသည့် အခိုးအငွေ့များမဆုံးခင် ယင်း





သစ်ခေါင်းကြီးအတွင်းကနေ ရယ်မောသံဖြင့်အတူ ဆံပင်[illegible]ကြီး ပြန့်ကြဲနေသော အရိပ်သဏ္ဍာန်တစ်ခုသည် ဖြည်းညှင်းစွာထွက်[illegible] လေသည်။ လေကြမ်းလေရမ်းထဲ၌ အခိုးအငွေ့များဖြင့်အတူ ဆံပင်ရှိုင်းကြီးများသည် လေထဲတွင်ဝဲနေလျက်။

ယင်း နာနာဘာဝပိညာဉ်ကြီးသည် သစ်စေးပင်ကြီး၏အောက်က နေ ဇရပ်ပျက်ကြီးရှိရာသို့ တရွေ့ရွေ့လှမ်းလာနေသည်။ ထိုအခါ ဇရပ်ပျက်ကြီး၏ အရှေ့အုတ်ဂူပျက်ကြီးအပါး၌ ရပ်နေသည့်ဝိညာဉ်အရိပ်နှစ်ခုကလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

အရိပ်သဏ္ဍာန်တစ်ခုက ...

"သူ လာနေပြီ တာတေ"

အရိပ်သဏ္ဍာန်မည်းမည်းကြီးက ခေါင်းညိတ်ပြလိုက်၏။ မကြာမီ သူတို့ရှေ့သို့ အုတ်ဂူအပျက်အပြိုများကြားကနေ ကြယ်ရောင်မှုန်တိမှုန်များအောက်မှ ဆံပင်ဖားလျားကြီးချထားသည့် တစ္ဆေမသည် ဘွားခနဲထွက်ပေါ်လာလေသည်။ သူတို့ရင်ဆိုင်တွေ့ကြပြီး။

"နှင်းနွယ် ... "

"ကိုတာတေကြီးလား"

"အေး ... "

ဆံပင်ဖားလျားတစ္ဆေမသည် သူ၏ရှေ့တွင် မကောင်းဆိုးဝါးများသဏ္ဍာန်ရပ်တန့်နေသော အရိပ်မည်းကြီးနှစ်ခုထံ လေသံတိုးတိုးဖြင့် မြန်လည်မေးလိုက်လေသည်။ သုသာန်တွင်း၌နေထိုင်ကြသော တစ္ဆေသရဲ နာနာဘာဝများသည် စကားမပြောတတ်ပါချေ။ အံ့ဩဘွယ်ရာ ကောင်းနေ[illegible]

အရိပ်မည်းမည်းသုံးခုစလုံးသည် နီးကပ်သွားကြလေသည်။

ပြီးနောက် အနီးရှိဇရပ်ပျက်ကြီးပေါ်သို့ လျင်မြန်စွာတက်[illegible] သွားကြပြီး ဇရပ်ပျက်ကြီး၏ထောင့်၌ စုဝေးထိုင်လိုက်ကြ၏။ အရိပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ဦးထံမှ ရွှံခနဲအသံဖြင့်အတူ ဖရောင်းတိုင်ငယ်လေးမှာ မီးလင်းသွားလေသည်။

မှန်တိမှုန်မွှား ဖရောင်းတိုင်မီးအောက်၌ အရိပ်မည်းမည်းကြီးနှစ်ယောက်မှာ ယောက်ျားသားကြီးများဖြစ်ပြီး အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိကြ၏။ သူတို့ရှေ့ရှိ အနက်ရောင်ဝတ်စုံဖြင့် ဆံပင်ဖားလျားချထားသူမှာလည်း အလွန်ချောမောလှသည့် မိန်းကလေးတစ်ဦးဖြစ်နေလေသည်။

သူမက ...

"ကိုတာတေကြီးတို့ အချိန်မတော်လာခဲ့ကြတာ အရေးပေါ်ပြီလား"

"အေး ... ဟုတ်တယ် အရေးပေါ်ပြီပဲ ဆိုပါတော့၊ ရော့ ဟောဒီမှာ ဆရာကြီးက ရေးပေးလိုက်တဲ့စာ"

"ဖေဖေက စာရေးပေးလိုက်တယ် ဟုတ်လား"

တာတေကြီးဆိုသူ လှမ်းပေးသော စာရွက်လေးအား မိန်းမချောလေးသည် အလျင်အမြန်ယူလိုက်ကာ သွက်လက်စွာဖတ်လိုက်ပြီး စာရွက်လေးအား ဖယောင်းတိုင်မီးညွန့်ဖြင့် ရှို့လိုက်၏။

တာတေကြီးဆိုသူက —

"ဆရာကြီးကမှာလိုက်သေးတယ်၊ တိုင်းပြည်ရဲ့အခြေအနေက နေ့လားညလားပဲတဲ့ သူတို့တွေလည်း တို့တိုင်းပြည်ကနေ ပြေးကြရတော့မယ်၊ အဲဒါ လာမယ့်လပြည့်နေ့မှာ ငါတို့တွေ အရေးတော်ပုံစတင်တော့မယ်တဲ့၊ ဂျပန်တပ်တွေကလည်း ထိုးစစ်တွေဆင်လာကြပြီတဲ့၊ ဒါကြောင့် ဒီကောင်တွေ မျက်ကလူးဆန်ပြားဖြစ်နေကြတာ"

"ဒါဆို ဟိုဟာတွေ အသုံးလိုပြီပေါ့"

"အေးလေ နင့်မှာလည်း တော်လှန်ရေးအတွက် ဒီဘဝ ဒီအသွင်နဲ့နေထိုင်ရတာကြာပြီပဲ၊ နင်ကဆရာကြီးသမီးပီပီ တာဝန်ကျေပါတယ်၊





ငါတို့တောင် နင့်လောက် ပင်ပန်းဆင်းရဲမှုမခံနိုင်ဘူး"

"ဒါကတော့ ကိုကြီးတာတေရယ် ကျွန်မတို့တိုင်းပြည် ဒီနယ်ချဲ့တွေလက်အောက်က လွတ်မြောက်ဖို့ပဲလေ၊ ဒီအတွက်လည်း နှင်းနွယ်အနေနဲ့ ပေးဆပ်ခဲ့ရတာတွေအများကြီးပါ ... ဖေဖေက တစ်သက်လုံး ဒီနယ်ချဲ့အင်္ဂလိပ်တွေကို တိုက်ထုတ်ဖို့ကြိုးပမ်းနေတဲ့ မျိုးချစ်တော်လှန်ရေးသမားတစ်ယောက်ဆိုတာ ဘယ်သူကမှ မသိကြဘဲလေ"

"ခုရော နင်စားရေးသောက်ရေး အဆင်ပြေရဲ့လား"

"အဟင်း ... ကိုတာတေကလည်း ကျွန်မက တစ္ဆေပဲလေ၊ တစ္ဆေသရဲဆိုတာ စားချင်ရာစား သွားချင်ရာသွားဖြစ်သလို ဂူကြီးမှတ်တိုင်ကြီးကြားမှာ ရှာစားရတာပေါ့ရှင် — တစ်ခါတရံ စားမြိန်ထုပ်နဲ့ ဟင်းကောင်းလေးလည်းစားရပါရဲ့"

"အေးပါ နှင်းနွယ်ရယ် ... နင်တာဝန်ကျေပါတယ်"

တာတေကြီးသည် မချိတင်ကဲပြောလိုက်လေသည်။ တကယ်လည်း နှင်းနွယ်ဆိုသော မြသင်းနွယ်သည် အစ်မဖြစ်သူသည် သူမမြို့ပေါ်၌ တွန်မင့်ကျောင်းသွားတက်နေစဉ် အသေဆိုးဖြင့်သေခဲ့ရပြီး ဖခင်ဖြစ်သူ သူဌေးကြီးဦးမြဒင်မှာလည်း မည်သူမှမရိပ်စားမိအောင် လျှို့ဝှက်စွာ လှုပ်ရှားနေသည့် နယ်ချဲ့တော်လှန်ရေးမျိုးချစ်တစ်ယောက်ဖြစ်နေသည်။

သူမ၏ဘဝသည် ဖခင်ဖြစ်သူ၏ နယ်ချဲ့တော်လှန်ရေးမြေအောက်လုပ်ငန်းများအား အနီးဝန်းကျင်ရွာများနှင့် မြို့ပေါ်ကနယ်ချဲ့အလိုတော်ရိများမရိပ်မိအောင် ဤသစ်စေးကုန်းသုသာန်ကြီးထဲ၌ သရဲမတစ္ဆေမအဖြစ်တန်ပြကျင်လည်နေရလေသည်။

ဤသုသာန်ကုန်းကြီးသည် ချောင်ကျသလို သစ်ကြီးဝါးကြီးများဆိုင်းအုပ်နေသောကြောင့် သူတို့တော်လှန်ရေးသမားများ လျှို့ဝှက်တွေ့ဆုံရာနေရာအဖြစ် သတ်မှတ်ထားသည်။ ယင်းထက်ပို၍ အရေးကြီးသည်က



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အစ်မဖြစ်သူ မြနှင်းနွယ်သေဆုံးစဉ်က ဖခင်ဖြစ်သူသည် လျှို့ဝှက်စွာဖြင့် ကျောက်မျက်ရတနာများစွာတို့အား မြနှင်းနွယ်၏ဂူထဲ၌ လှူယုံတပည့်များဖြင့် မြှုပ်နှံထားခဲ့ခြင်းဖြစ်သည်။ ရွာက သူမကိုမြနှင်းနွယ်၏ မကျွတ်မလွတ်သည့်ဝိညာဉ်ဟု ထင်မြင်နေကြ၏။

ယင်းရတနာများအား ဘော်လှန်ရေးအတွက် အချိန်တန်လျှင် လက်နက်အင်အားစုဆောင်းရန်သုံးစွဲဖို့ ရည်ရွယ်ထား၏။ ယခုအချိန်ကျလေပြီ။

တာတေနှင့်မိုးသီးတို့ လာရောက်သည့်ကိစ္စမှာလည်း ယင်းရတနာများကိစ္စကြောင့်ဖြစ်၏။

"ဒါဆို ကျွန်မရဲ့တာဝန်ပြီးဆုံးပြီပေါ့"

"အေး ... လာမယ့် တနင်္ဂနွေနေ့ညကျရင် ဆရာကြီးက လျှို့ဝှက်ရတနာတွေကို တော်လှန်ရေးအတွက်သုံးစွဲဖို့ လာယူတော့မယ်၊ အဲဒီ ငါတို့ တင်ကြိုလာပြီး ဆရာကြီးတို့ကို လာစောင့်တာပဲ နှင်းနွယ်"

"အဟင်း ... ဒါဆို ဒီသချိုင်းမှာ တစ္ဆေနှစ်ကောင်ထပ်တိုးလာတာပေါ့ မဟုတ်ဘူးလား ကိုတာတေ ဟင်းဟင်း ... "

"ငါတို့က တိုင်းပြည်လွတ်လပ်ရေးရဖို့ ကြိုးပမ်းနေကြတာပဲ မြနှင်းရယ် ... မသိတဲ့ရိုးသားတဲ့လူတွေက တစ္ဆေသရဲထင်ထင် သဘက်ကြီးပဲ ထင်ထင် ဂရုစိုက်စရာမလိုပါဘူး"

"အဟင်း ... ကျွန်မက နောက်တာပါ ကိုတာတေရယ်"

အသံဗလံများအတန်ငယ် ငြိမ်သက်သွားကြသည်။

ယင်းနောက် သူတို့သည် အောက်မြန်မာနိုင်ငံသို့ကူးစက်လာသော စစ်မီးတောက်များအကြောင်း တိုးတိတ်စွာ ဆွေးနွေးကြလေ၏။

နယ်ချဲ့သရဲခွေးတို့ ထွက်ပြေးကြရတော့မည်။

♦ ဒ ♦



## အစသို့ပြန်လည်

"အဲဒါဆိုရင် အဲဒီသစ်စေးပင် သုသာန်ကုန်းကြီးက တကယ် မကောင်းဆိုးဝါးနာနာဘာဝတွေ ခြောက်လှန့်တာမဟုတ်ဘူးပေါ့ ဦးကြီး"

"ဘယ်ကလာ ဟုတ်ရမှာလဲကွာ ... အဲ ရှေးတုန်းကတော့ ဟုတ်ချင်လည်းဟုတ်မှာပေါ့ ... ဒါကို ဦးကြီးမသိဘူး၊ ဦးကြီးတို့လည်း အများက ရွာတွေက မြနှင်းနွယ်က မကျွတ်မလွတ်တဲ့ ဝိညာဉ်ဘဝနဲ့ခြောက်လှန့်နေတယ်လို့ထင်ရတဲ့ နှင်းနွယ်နဲ့ဆုံပြီး တော်လှန်ရေးအကြောင်းတွေ တိုင်ပင်ရအောင် မကြာခဏ သစ်စေးပင်သုသာန်ကြီးကိုလာကြတယ်"

"အဲဒါကို မြင်တွေ့တဲ့သူတွေအချို့ကလည်း တစ္ဆေသရဲလို့ထင်ချင်ထင်ရှာမှာပေါ့"

"ဟုတ် ... ဟုတ်တယ် ဦးကြီးပြောသလို အဲဒီသုသာန်ကြီးမှာ မကြာခဏ လူရိပ်တွေ စကားပြောဆိုသံတွေ မီးရောင်တွေလည်းတွေ့ရတယ်၊ ဘယ်သိမှာလဲ ကျုပ်တို့ကတစ္ဆေသရဲတွေ မြူးတယ်ပဲခေါ်တာပဲ"

"အဲဒါ ဦးကြီးတို့လူတွေပါ"

ယခုမှပဲ သူတို့ရွာသို့ရောက်လာသူမှာ ဦးကန်လုခေါ် မိုးကြီးဆို



www.burmeseclassic.com

www.burmeseclassic.com



သူမှန်း ရွာသူရွာသားများ သိရှိသွားလေတော့သည်။ ယင်းသစ်စေးပင် သုသာန်ကြီးနှင့် သူတို့ရွာလေးသည် အတော်လှမ်းသော်လည်း သိပ်ပြီး ဝေးလှသည်တော့မဟုတ်ပါ။ ရွာသားတစ်ဦးသည် သူ မရှင်းလင်းသည်ကို ဝင်ရောက်ပြီးမေးလေသည်။

"ဒါထက် ဦးကြီးက တာဇံကိုလိုက်ရှာတာဆို ဘာဖြစ်လို့လဲ"

"အင်း ကျုပ်ပြောပြမယ် ... တကယ်တော့ ဒီရွာလေးမှာ မထင်မရှားနဲ့ တာဇံဆိုပြီး လာဇာတ်မြှုပ်နေတဲ့သူက တစ်ချိန်က ပန်းဆက် ရွာသား မောင်မြတ်သာပဲ _ တကယ်တော့ မောင်မြတ်သာဟာ အခင်း ဖြစ်တဲ့ ညမှာအသက်မသေခဲ့ပါဘူး"

"မြနှင်းနွယ်ကရော"

"ဆေးဆရာကြီးက အစွမ်းကုန်ကုသပေမယ့် သူဌေးကြီးဦးမြဒင် ရဲ့သမီး နှင်းနွယ်ရဲ့အသက်ကိုတော့ မမီလိုက်ဘူး၊ ဒါနဲ့ နှင်းနွယ်ရဲ့အဖြစ် ကို ဦးမြဒင် ထိခိုက်ကြေကွဲသွားပြီး သူပိုင်ဆိုင်တဲ့ရတနာတွေနဲ့ သူ့သမီးကို ဂူသွင်းပြီးမြှုပ်နှံခဲ့တာပါ၊ တစ်ချိန်ကျ တော်လှန်ရေးအတွက်အသုံးပြုမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ၊ အဲဒီမှာ မြနှင်းနွယ်ရဲ့သတင်းကြောင့် မြို့ကျောင်း ကနေ တိတ်တဆိတ်ပြန်လာတဲ့ မြသင်းနွယ်ကို မြနှင်းနွယ်ရဲ့မကျွတ်မလွတ် တဲ့ဝိညာဉ်အဖြစ် ဦးမြဒင် အသက်သွင်းခဲ့တာပဲလေ ...

ဒါမှလည်း နယ်ချဲ့တော်လှန်ရေးအတွက် စုဆောင်းထားတဲ့ရတနာ တွေကို မပျောက်မရှအောင် ကာကွယ်လို့ရမှာမဟုတ်လား။ မြသင်းနွယ် ကလည်း ကွန်မင့်ကျောင်းသူ နိုင်ငံရေးစိတ်ထက်သန်သူဆိုတော့ ဖခင်ကြီး ရဲ့ ခြေရာကိုနင်းခဲ့တာပေါ့ ...

ဒါပေမဲ့ မြတ်သာက သူ့အသက်လောက်မြတ်နိုးရတဲ့ မြနှင်းနွယ် ရဲ့အဖြစ်ကို လက်တွေ့မြင်သွားရသူမို့ အရမ်းထိခိုက်ကြေကွဲသွားပြီး ရွာကနေ ပျောက်ချင်းမလှပျောက်သွားခဲ့တာပဲပေါ့၊ မြတ်သာက ဦးကြီးရဲ့သွေးတော်





စပ်တယ်လေ"

"သြော် ... ဦးကြီးပြောပြမှပဲ ရှင်းတော့တယ်"

ရွာသားများက ယခုမှပဲ အရာအားလုံးသိသွားသလို သဘော ပေါက်ရှင်းလင်းသွားလေတော့၏။

တစ်ဦးက ...

"ပန်းဆက်ရွာကို မီးတင်ရှို့တာကရော ဦးကြီးရ"

"အဲဒါလည်း နယ်ချဲ့အလိုတော်ရိတွေရဲ့ရက်စက်တဲ့ လုပ်ကြံမှု ကြီးပါပဲကွယ် ... တကယ်တော့ ပန်းဆက်ရွာသားတွေဟာ ဘုရားကျွန် ကယ်ပါမျိုးရိုးတွေ မဟုတ်ကြပါဘူး၊ မင်းအဆက်နွယ်တွေပါ၊ တိုင်းပြည် အရေးမလှလို့ ဒီမှာလာပြီး ဇာတ်မြှုပ်နေကြတာ၊ တကယ်တော့ သူတို့က တော်လှန်ရေးသမားတွေပါ၊ ဒါကို သတင်းအနံ့ရသွားတဲ့ နယ်ချဲ့လက်ပါးစေ တော်လှန်ရေးသမားတွေက ရောင်တော်ပြန်ရောလွှတ်ပြီး ပန်းဆက်ရွာတစ် ရွာလုံး မီးလောင်တိုက်သွင်းခဲ့ကြတာပဲ _ ဦးကြီးသာ အသက်မသေဘဲ လွတ်မြောက်ခဲ့တာ"

"မြတ်သာရဲ့သတင်းကို လိုက်လံစုံစမ်းရင်း နောက်ဆုံးဒီရွာကို ရောက်ခဲ့ရတာပါပဲကွယ် ... သြော် ... မြတ်သာ ... မြတ်သာ"

ဦးမိုးကြီး၏ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ သီးခိုနေလေသည်။

♦ ၉ ♦



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

သုသာန်ကုန်းလေးသည် ကျေးငှက်သံများကလွဲ၍ တိတ်ဆိတ်ငြိမ်
သက်နေလေသည်။

နေ့ခင်းကြောင်တောင်ပင်ဖြစ်လင့်ကစား သုသာန်ကုန်းလေ
တစ်ဝိုက် လူသူကင်းရှင်းနေ၏။ သို့သော် မိန်းမချောလေးတစ်ယောက်
သည် လက်တွင်း၌ လှပသော နှင်းဆီပန်းများကိုင်ဆောင်လျက် သုသာန်
ကုန်းပေါ်သို့တက်လာလေသည်။

သူမ၏ခြေလှမ်းတွေက သုသာန်ကုန်းအလယ်ရှိ သစ်စေးပင်ကြီး
၏ မလှမ်းမကမ်းရှိ သစ်လွင်သည့် အုတ်ဂူလေးနှစ်ခုထံသို့ပင်တည်း။

သူမသည် မြသင်းနွယ်ဆိုသော မိန်းမချောလေးပင်ဖြစ်လေတော့
သတည်း။

ပြီး
ဂန္ဓာရီပိ

ရိုးရှင်းအောင်စာပေ

BURMESE CLASSIC
www.burmeseclassic.com